
ဖိုးလပြည့်
စာပေ
အချစ်ဟာသ
လုံးချင်းဝတ္ထုသစ်
ယောက်ဖ...ရေ
Cartoonist
And
Illustrator

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ချစ်မှုများရှင်

ယောက်ဖ . . . ရေ

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၃၅၀၃၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၁၁၀၆၁၀

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင်
ရွှေခြသေ့ပုံနှိပ်တိုက်၊
၂၂၅၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အဖုံးပန်းချီ ♦ စောမင်းဝေ

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊
ဩဂုတ်လ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ ၃-လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

၈၉၅.၈၃

ချစ်မျှားရှင်
ယောက်ဖရေ.../ ချစ်မျှားရှင် ။ - ရန်ကုန် ။
ရဲအောင်စာပေ၊ ၂၀၀၉။
(၁၈၀) စာ၊ ၁၃ စင်တီမီတာ x ၂၀.၇ စင်တီမီတာ
(၁) ယောက်ဖရေ...

# အခန်း (၁)

## (ဒီဇင်ဘာလ ၁၂ရက်နေ့)

ဒီနေ့ ချစ်ရသူနှင့် မင်္ဂလာဆောင်ရသောကြောင့် ကျွန်တော် ပျော်နေပါသည်။ ပိုက်ဆံရှိသော သားသမီးတို့ရဲ့ ထုံးစံအတိုင်း ညကျ တော့ ခြံထဲမှာ ပါတီပေးပါသည်။ ထုံးစံအတိုင်း သူတို့နှင့် မဆိုင်သော ကျွန်တော်ရဲ့ လူပျိုနောက်ဆုံးညကို နှုတ်ဆက်သည့်အနေဖြင့် သူငယ်ချင်းများ မူးကြပါသည်။

အမူးသမားတို့ ထုံးစံအတိုင်း လူပျိုရည် မပျက်သေးသော ကျွန်တော့်ကို ဝိုင်းရစ်ကြ၏။ ရစ်ပုံက ကျွန်တော့်ကို ကိုယ့်ကားကိုယ် မောင်း၍ အိမ်ပေါက်စေ့ လိုက်ပို့ကာ ဒရိုင်ဘာ လုပ်ပေးရမည်တဲ့။

ထိုသို့မှ မလုပ်ပေးလျှင်လည်း တစ်ညလုံး ပြန်ကြမည့် သဘောမရှိတော့။ ထို့ကြောင့် ဘာဆိုဘာမှ မဘာရသေးသော ဇနီး အသစ်စက်စက်ကလေးကိုသာ ရင်နာနာဖြင့် အိမ်တံခါးသေချာ ပိတ်ရန်မှာ၍ ဒီငမူး၊ ငရူး၊ အလိုက်ကန်းဆိုးမသိသောကောင်များကို ဒရိုင်ဘာလိုက်လုပ်ပေးရပါလေတော့သတည်း။

ထိုအဖြစ်အပျက်မှစ၍ ကျွန်တော့်ကို ပိုစိုးပက်စက်ဒုက္ခပေးမည့် နတ်ဆိုးသည် ဆိုင်းမဆင့်ဗုံမဆင့်ပါပဲနှင့် ရောက်လာခဲ့ပါလေတော့သည်။

❋ ❋ ❋

နောက်ဆုံး ဖင်မျိုးကို ပို့ပြီးသည့်အချိန်တွင် ညဆယ့်တစ်နာရီခွဲနေပြီဖြစ်သည်။

'တောက်… တော်တော် ဒုက္ခပေးတဲ့ ကောင်တွ၊ တော်ပြီ ဒီနေ့ကစပြီး တစ်လတိတိ ဒီကောင်တွေကို အပေါင်းအသင်းအကန့်ဖြတ်ထားရမယ်၊ ဒါမှ ကိုယ်လည်း တစ်လလုံးလုံး အဝှာလုပ်လို့ရမှာ'

(မှတ်ချက် ။ အဝှာဆိုသည်မှာ အေးအေးဆေးဆေးနေရခြင်းကို ဆိုလိုပါသည်)

အိမ်ကို ပြန်ရောက်ဖို့က နောက်နာရီဝက်လောက် စောင့်ရဦးမည်။ ကားရှင်းလူရှင်းသောအချိန်ဖြစ်သောကြောင့် လီဗာကို အဆုံးနင်းပစ်လိုက်သည်။ မြန်မြန်ပြန်ရောက်လို့ ကိုယ့်အတွက် တစ်မိနစ်၊ နှစ်မိနစ်ပိုရလည်း နည်းလား။ ချစ်သူလည်း မျှော်နေလောက်ပြီလေ။

အရှိန်မြှင့်လိုက်ခြင်းကြောင့် ကားမှာ နတ်မြင်းပျံအလား ရိပ်ခနဲရိပ်ခနဲ။ ထိုစဉ် နားထင်စပ်ဆီမှ အေးစက်စက် အထိအတွေ့နှင့်အတူ အေးစက်စက် လေသံတစ်ခုက နောက်ကျောမှထွက်လာသည်။

'ဟေ့ကောင် …. ကားကို ဖြည်းဖြည်းမောင်းစမ်း၊ နောက်မှာ မင်းအဖေပါတယ်ကွ'

ကျွန်တော် ကြောင်သွားမိသည်။ အဖေက ဘာကိစ္စ ကိုယ့်ကားနောက်ခန်းထဲ ရောက်နေရတာတုံးပေါ့။

'ဟာ … အဖေက ဘယ်က ဘယ်လိုပါ … ဟင်'

ကားမောင်းရင်း အံ့အားသင့်၍ ဆတ်ခနဲ လှည့်ကြည့်မိလိုက်တော့။ ကိုယ့်အဖေလုံးဝမဟုတ်။ ဘယ်သူလည်း မသိ။

ထိုလူထံမှ ထပ်၍ ...

'ဟေ့ကောင် ...ရှေ့ကိုကြည့်ပြီးပဲ မောင်း၊ ကားကို အရှိန်လျှော့ ...'

'ခင်ဗျားက ကျုပ်အဖေ မဟုတ်ပါဘူး၊ ဘယ်သူတုန်း'

'ဟား ... ဟား ... မင်းအဖေမဟုတ်လည်း မင်းပထွေးလို့သာ မှတ်လိုက်ပေါ့ကွာ ...'

'ဘာဗျ ... ခင်ဗျား မိုက်ရိုင်းလှချည်လား'

ဒေါပွပွဖြင့် ကားကို ဘရိပ်ဆောင့်နင်းကာ ရပ်ပစ်လိုက်သည်။

ပြီးနောက် ထိုသူ့ဘက် ဝုန်းခနဲလှည့်၍ လေသံမာမာဖြင့်

'တောက် ... ဆင်းစမ်း၊ အခုချက်ချင်း ကျုပ်ကားပေါ်က ...က ...က ...က'

ကိုယ့်နဖူးတည့်တည့်သို့ လုံးလုံးဝန်းဝန်း၊ မဲမဲပြောင်ပြောင်၊ လက်မလောက် လုံးပတ်ရှိသော အရာဝတ္ထုတစ်ခုက ထောက်လျက်သား...။

'အဲ ... အဲ ... ဒါ ဘာ ... ဘာလေးလဲဟင်'

ထိုသူ အေးစက်စက်အသံဖြင့် ...

'သေနတ် ...'

'ဗျာ ... သေနတ် ... ဟုတ်လား'

'အေး ... ဟုတ်တယ်၊ ငါ့လက်ညှိုးလေးကို ကွေးလိုက်ရုံနဲ့ မင်းနဖူးမှာ အပေါက်ကလေးတစ်ပေါက် ဖောက်ပေးမဲ့အရာ ...'

'ဒုကော ... အဲ ... မဟုတ်ပါဘူး၊ ဗုဒ္ဓေါ ... ကွေး... ကွေးနဲ့နော် ... သိလား၊ အဟင်း ... နဖူးမှာ အပေါက်ကြီးနဲ့ဆိုတော့ ဘယ်လို ပြောရမလဲ ...၊ ဟိုလေ ... ကောင်းဘူးပေါ့နော်'

'အေး ... မသေချင်ဘူးဆိုရင် ... ငါပြောတဲ့အတိုင်းလုပ်'

'ဟုတ်ကဲ့ ...'

'ကားကို ဆက်မောင်း၊ ပုံမှန်မောင်းနော် ...'

'ဟုတ်ကဲ့'

ထို့နောက် ကျွန်တော် နောက်ကျောမလုံစွာနဲ့ ကားဆက်မောင်းရပါတော့သည်။ သူက ထောက်ထားတာကိုး။ နောက်စိကို သေနတ်နဲ့ ပြောပါတယ်။

'ဒီ ...ဒီမှာ ... ဘာ ... ဘာဖြစ်လို့ ကျွန်တော့်ကားပေါ်တက်ပြီး ဒါကြီးနဲ့ နောက်က ထောက်ရတာလဲဟင် ...'

'အေး ... ငါ မင်းကို ပြန်ပေးဆွဲလာတာ ...'

'ဗျာ ... ပြန်ပေးဆွဲလာတာ ဟုတ်လား ...'

'ဟေ့ကောင် ...၊ သိပ်စကားများမနေနဲ့၊ ရှေ့လမ်းဆုံကျရင် ကားကို ညာချိုး'

'ဒါဆို လမ်းမှာသွားမှာပေါ့ဗျ၊ ကျွန်တော့်အိမ်က ဘယ်ကို ချိုးရမှာ ...'

'အာ ... အတော် လျှာရှည်တဲ့ကောင်ပဲ၊ ငါပြောသလိုသာ လုပ်စမ်းကွာ ...'

ထို့ကြောင့် သူပြောတဲ့အတိုင်း ညာဘက်သို့ ချိုးလိုက်ရပါလေတော့သည်။

မလုပ်လို့မှ မရတာ။ သူက ကိုယ့်ကို နောက်ကနေ ထောက်ထားတာကိုး။ တောက် ... ယောကျ်ားအချင်းချင်း အထောက်ခံရတော့ နာတယ်ကွာ ... ဟင်း...။

'နေပါဦး။ ဘယ်အထိ မောင်းရမှာလဲ'

'ငါ မရပ်ခိုင်းမချင်းမောင်း ...'

'ကျွတ် ... ကျွန်တော် ဘယ်အချိန် အိမ်ပြန်ရမှာလဲ'

'ငါ့လက်ထဲကို ပိုက်ဆံရောက်ရင် မင်းအိမ်ပြန်ရမယ် ဒါပဲ'

'ဟာ ... ဒါဆို ဟုတ်ပြီ၊ ခင်ဗျားလိုချင်တဲ့ ပိုက်ဆံကို

ကျွန်တော် အိမ်ပြန်ယူပေးလိုက်မယ်လေ။ ဒါဆို အဆင်ပြေပြီပေါ့'

'ဟား … ဟား … မင်းက ငါ့ကို တော်တော်များ မှတ်နေလား၊ မင်း အိမ်ရောက်မှ ရဲကို ဖုန်းဆက်ခေါ်လိုက်ရင် ငါ ကွိခနဲ မိသွားမှာ ပေါ့ကွ'

'လုပ်စရာလားဗျာ၊ ကျွန်တော် ပိုက်ဆံ တကယ်ပေးမှာပါ'

'အပိုတွေ ပြောမနေနဲ့ ဟောကောင် …၊ ငါ မယုံဘူး'

'ကျွတ် … ခင်ဗျားအတော် ခက်တဲ့လူပဲ၊ အိမ်မှာ ကျွန်တော့် ကောင်မလေး တစ်ယောက်ထဲဗျ၊ ကျွန်တော် ပြန်မလာရင် စိတ်ပူနေ လိမ့်မယ်'

'အဲဒါ … ငါ ဘာလုပ်ပေးရမှာလဲ'

'ခင်ဗျား တော်တော် ကိုယ်ချင်းစာစိတ်မရှိတဲ့လူပါလား၊ ဒီနေ့ ကျုပ် မင်္ဂလာဦးညဗျ၊ ယောကျ်ားချင်း ကိုယ်ချင်းစာပေးပါဗျာ …'

'ဒီမှာ ဟောကောင် …၊ ငါ့ကို ဘာမှ ရှင်းပြမနေနဲ့၊ မင်းကို ငါ အပြတ်ပြောလိုက်မယ်၊ ဒီည မင်းကို ငါ တစ်နေရာ ခေါ်သွား မယ်၊ အေး မနက်မိုးလင်းတာနဲ့ မင်းအဖေဆီကို ဖုန်းဆက်ပြီး ပိုက်ဆံ ငါတောင်းမယ်၊ ငါ့လက်ထဲကို ပိုက်ဆံရောက်တာနဲ့ တပြိုင်နက် မင်းကို ပြတ်လွှတ်မယ် … ဒါပဲ'

သွားပြီ … သွားပြီပေါ့။ ကိုယ့်ရဲ့ မင်္ဂလာဦးညလေး … ခဲလေသမျှ သဲရေကျ ဖြစ်ပြီပေါ့။ တောက် … ပြန်ပေးဆွဲစရာရှား လို့ ဒီလိုညမျိုးကိုမှ ဆွဲရတယ်လို့ဗျာ။ မသကာ နောက်ရက်လောက် မှ ဆွဲရင် ခံသာသေး။ ခုတော့ တောက် … လုပ်ရက်လိုက်လေခြင်း …ဟင်း …။

ထိုသို့ အံ့ရောအတွင်းရော နှစ်ခုပေါင်းကြိတ်၍သာ ကိုယ့်ကိုကိုယ် ပြန်သနားမိနေပါတော့သည်။ နောက်မှ ရက်စက်မှု အပေါင်း သရုဖူဆောင်းသော ပုဂ္ဂိုလ်ထံမှတော့ ဘာသံမှ မကြားရ။ ငြိမ်၍ ဘာတွေ ဆင်ကြံ ကြံနေသည်မသိ။

သူ အမိန့်ပေးသည့်အတိုင်း မောင်းရင်းမှ ပတ်ဝန်းကျင်ကို သတိထားမိတော့ ရန်ကုန်မြို့စွန်ကိုပင် ရောက်နေပြီ။

'ဟေ့လူ … ဘယ်အထိ မောင်းရဦးမှာလဲဗျ။ ခင်ဗျားဟာ က ရောက်ပဲ မရောက်နိုင်တော့ဘူး'

ထိုသူထံမှ ရုတ်တရက် ပြန်ဖြေသံ မကြားရပါ။ ဒါပေမယ့် ခဏကြာတော့ လည်ချောင်းထဲမှ ဖျစ်ညစ်ပြီး ထွက်လာသော လေသံမျိုးဖြင့် …

'ဟိုရှေ့က အပင်အောက်မှာ ကားရပ်စမ်း …'

ရောက်ပြီထင်သည်။ သူ ရပ်ခိုင်းသော အပင်အောက်တွင် ကားရပ်ပြီးနောက် ပတ်ဝန်းကျင်ကို လှေ့လာကြည့်မိတော့ အိမ်ခြေ ရာခြေ တစ်ခုမှမရှိ။ လမ်းဘေးဝဲယာတွင် အပင်ကြီးများနှင့် ကွင်း ခေါင်ခေါင်သာရှိသည်။ အင်းပေါ့လေ … လူဆိုး၊ သူခိုးဆိုတော့ လူကြားသူကြားထဲ ဘယ်နေပါ့မလဲ။

* * *

# အခန်း (၂)

ကားရပ် ရပ်လိုက်ခြင်းပင် ထိုသူ နောက်ခန်းတံခါးကို ဝုန်းခနဲ ဖွင့်၍ခုန်ဆင်းကာ သေနတ်တရမ်းရမ်းဖြင့် ...

'ဟေ့ကောင် ... မင်းပါ ဆင်း'

'ဩော် ... ဟုတ်ပြီ'

သူ ဆင်းဆို၍သာ ဆင်းလိုက်ရသည်။ လူက အူကြောင်ကြောင်နှင့်ပါ။ ပတ်ဝန်းကျင်တွင် အိမ်မရှိ၊ ယာမရှိနှင့် သစ်ပင်ပေါ် နေတာတော့ မဟုတ်နိုင်။ အဲ ... ပြောလို့တော့မရ။ ရက္ခစိုးတွေဘာတွေကို ကန်တော့ပွဲပေးပြီးနေရင် နေမယ့်လူ။

'ဘာလဲ ... ခင်ဗျားက အပင်ပေါ်မှာ နေတာလား'

'ငါလခွမ်းတဲ့မှပဲ နေစရာလားကွ'

ထိုသူ့အသံက တစ်မျိုးဖြစ်နေသလိုပင်။ ဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန် ခံစားနေရသည့် လေသံမျိုး။ မှောင်ရိပ်များနေခြင်းကြောင့် မျက်နှာအမူအရာတော့ သဲသဲကွဲကွဲ မမြင်ရ။

'မင်း ထွက်ပြေးဖို့တော့ လုံးဝ မစဉ်းစားနဲ့နော် ကြားလား၊ အေး ... ပြေးရင်တော့ သေမယ်သာမှတ်'

ပြေးစရာလား။ ဒီလောက် လယ်ကွင်းခေါင်ခေါင်ကြီးကို။ အနောက်ကနေ ဒိုင်းညောင့် … ဆိုလို့ကတော့ ကိုယ်မသာပေါ်မှာလေ။

'မပြေးပါဘူးဗျာ … စိတ်ချ'

ထိုသူ သူ့ဘောင်းဘီမှ ခါးပတ်ကို ကမန်းကတန်းပုံဖြင့် ချွတ်နေသည်။ ကိုယ့်ကို ဗီဒီယိုတွေထဲကလို လက်ပြန်တုတ်မလို့နဲ့ တူတယ်။

'မပြေးပါဘူးဆိုနေမှပဲဗျာ … ကြိုးတွေ ဘာတွေတုတ်ဖို့ မလိုပါဘူးဗျ …'

'မင်း … ပါးစပ်ကို ပိတ်ထားစမ်း…'

ဟုတ်သည်။ သူပြောသလို ပါးစပ်ပိတ်မှ ဖြစ်မည်။ စကားများလို့ဆိုပြီး ပါးစပ်ကို အဝတ်စုတ်နဲ့ ဆို့ထားလျှင် ခက်ကုန်မည်။ ခုတောင် ကိုယ့်ကိုတုတ်ဖို့ ခါးပတ်တောင် ချွတ်နေပြီ မဟုတ်လား။

သို့သော် ထိုလူဆက်လုပ်သော အပြုအမူကြောင့် အထင်နှင့် အမြင်လွဲကာ အံ့အားသင့်စရာ ဖြစ်ကုန်တော့၏။

ကြည့်ဦးလေ … ခါးပတ်ဖြုတ်ရုံနဲ့ အားမရသေး။ ဘောင်းဘီကြယ်သီးပါ ဆက်ဖြုတ်သည်။ ပြီးတော့ ဇစ်ကို အောက်ဆွဲချသည်။ ဟာ … ဘာလုပ်မလို့ပါလိမ့်။

'ဟေ့လူ … ခင် … ခင်ဗျား … ဘာဖြစ်လို့ ဘောင်းဘီ ချွတ်နေရတာလဲ …'

ထိုလူ ရှူးရှူးဝါးဝါး အစ်တစ်တစ် လေသံဖြင့် …

'မင်း … ပါးစပ်ပိတ်ပြီး … ဟိုဘက်ကို လှည့်နေစမ်း'

'ဘာ … ဘာဖြစ်လို့ လှည့် …'

'တိတ်စမ်း … ငါ ပစ်သတ်မိတော့မယ် …၊ ဟိုဘက် လှည့်ဆို လှည့်'

'ဟုတ် … ဟုတ်'

ထို့ကြောင့် သူ့ကို ကျောခိုင်းလိုက်ရတော့သည်

စဉ်းစားကြည့်သည်။ ဘောင်းဘီချွတ်၍ ကိုယ့်ကို ဟိုဘက် လှည့်ခိုင်းသည်ဆိုတော့ ... ဘာလုပ်မလို့ပါလိမ့်။ ဟာ ... ငါ့ကို ... ငါ့ကို ...။

'ဒီ ... ဒီမှာ ... ဟေ့လူ၊ ကျုပ် ...ကျုပ်ကို လာမယုတ်မာ နဲ့နော်။ ဒါ ...ဒါမျိုးတော့ အဖြစ်မခံဘူး ...၊ အ ...အ သေခံလိုက် မယ်၊ ဘာမှတ်လဲ'

ဘောင်းဘီအဆုံးထိ ဆွဲချွတ်လိုက်သံ ကြားလိုက်ရသည်။

ဘုရား ... ဘုရား ...။ ကိုယ့်မင်္ဂလာဦးညမှာ ကိုယ်ပက်ပက် စက်စက်ကြီး ဒုက္ခရောက်နေရပြီ။ ဓာချွေးလား ... ကြောက်ချွေး လား မသိ။ တစ်ကိုယ်လုံးရှိသမျှအပေါက်ထဲမှ ချွေးများ ထွက်လာ သည်ကတော့ သေချာသည်။

နောက်သို့လည်း လှည့်မကြည့်ရဲ။ မတော်လို့ ဒိုင်းညောင့် လိုက်ရင် ကိုယ်ပွင့်ထွက်သွားမှာ အဟောင့် ...။

'ဒီ ... ဒီလို မလုပ်ကောင်းပါဘူးဗျာ။ ဘု ... ဘုရားလည်း မကြိုက်။ ကျုပ် ... ကျုပ်လည်း မကြိုက်နဲ့ဗျာ ...နော်'

'အာ ... ဒီကောင်၊ ပါးစပ်ပိတ်ထားပါဆိုမှကွာ ...၊ ဘာ တွေလာပြောနေတာလဲ'

ကျွန်တော် ဘာမှ ဆက်မပြောရဲတော့။ နောက်ကျောကတော့ မလုံတာမှ အသားကုန်မလုံ။ အဟုတ်။ တစ်သက်နဲ့တစ်ကိုယ် ဒီတစ် ခါလောက် ကျောချမ်းဘူးတာမျိုးမရှိခဲ့။ မသိဘူး။ ကိုယ့်လာထိလို့က တော့ အော်ငိုပစ်လိုက်မှာ။ ဒါမှ မရရင် လက်အုပ်ချီပြီးကို တောင်းပန်ပစ်လိုက်မယ်။ ဘာမှတ်လဲဟင်း ...။ ဒူးလေးဘာလေးနဲ့ ထောက်သင့်ရင် ထောက်ရမှာပေါ့ နော့။

ထိုသို့ ရင်တထိတ်ထိတ်ဖြင့် ကိုယ့်အသားကို ဘယ်အချိန် လာထိမလဲ ... လာထိမလဲဟု သတိထားနေစဉ်တွင် နောက်ကျော ဆီမှ ပထမ ... ဟင်းခနဲ သက်ပြင်းချလိုက်သံ ကြားလိုက်ရသည်။

ဒုတိယ … ဖြစ် …ဗတစ်ဟူသော ဘယ်လို အရာဝတ္ထုမျိုးက ထွက်လာသော အသံမှန်း ခွဲခြားမသိသော အသံတစ်ခု ကြားလိုက်ရသည်။ တတိယကတော့ အကြားအာရုံမဟုတ်။ အနံ့အာရုံ ဖြစ်သည်။ လေအဝှေ့တွင် တထောင်းထောင်းနံလာသော ဘဲဥပုပ်စော်လိုလို။ ဒညင်းသီးပုပ်စော်လိုလို အနံ့။ ဟာ … ဒါ ဘာနံ့လဲဟ။

'ဟေ့လူ … ခင်ဗျား ဘာလုပ်နေတာလဲ၊ ဒီမှာ ဘာနံ့ကြီးလဲမသိဘူး ရတယ်ဗျ'

လေထပ်အဝှေ့တွင် အနံ့က ပိုမိုပြီး ပြင်းလာသည်။ ထိုသူ့ထံမှ ဖြစ် …တစ် …တစ် …ဟူသော အသံကိုလည်း ထပ်ကြားလိုက်ရသည်။

'ဟေ့လူ … ခင်ဗျား ဘာလုပ်နေတာလဲလို့ မေးနေတယ်လေဗျာ …၊ ဒီမှာအနံ့က ပိုနံလာပြီ'

ထိုအခါကျမှ သေသံတစ်ထစ်ဖြင့် ပြန်ဖြေပါတော့သည်။

'ငါ … အင်းအင်း ပါနေတာကွ'

'ဘာ … ခင်ဗျား …. အင်းအင်း ပါနေတယ် ဟုတ်လား'

နဝေတိမ်တောင်ပင် ဖြစ်သွားမိသည်။

'အေး … ဟုတ်တယ်ကွ။ မအောင့်နိုင်တော့လို့ …'

'ဖြစ်မှ ဖြစ်ရလေဗျာ။ ဟူး … တော်ပါသေးရဲ့'

သက်ပြင်းချမိသည်။ ရင်ထဲမှ အလုံးကြီးကိုလည်း ချမိသည်။ ဒါပေမယ့် … ပြဿနာက လေအဝှေ့တွင် နှာခေါင်းထဲ အလုံးအရင်း ဝင်လာသော ဟိုဒင်းနံ့။

'နံတယ်ဗျာ …'

'ဟ … မနံတဲ့ အင်အင်း မင်းတွေ့ဖူးလို့လား'

'ဒါတော့ ဘယ်တွေ့ဖူးမလဲဗျ၊ ခင်ဗျားကလည်း … ဒါပေမယ့် ကျုပ် အနံ့မခံနိုင်လို့ ကားထဲမှာ ဝင်ထိုင်နေမယ်ဗျာ'

'ဟေ့ကောင် … ငါ့ကို လူလည်မကျနဲ့။ မင်းကားမောင်း

ပြေးရင် ငါတစ်ယောက်တည်း ဒီလူမရှိ သူမရှိနေရာကြီးမှာ ကျန်ခဲ့မှာပေါ့'

ရယ်ပင် ရယ်ချင်မိတော့၏။ ဟွန်း ... လူဆိုးဆိုတဲ့လူက ဒါမျိုးကျ ကြောက်သား ...။

'ဟာ ... ခင်ဗျား စွန့်ပစ်ပစ္စည်းနဲ့က တော်တော်ပြင်းတယ်ဗျ'

'နှာခေါင်းပိတ်ထားပေါ့ကွာ ...'

တောက် တစ်ချက်ကိုသာ ရင်ထဲမှာ ခပ်ပြင်းပြင်း ခေါက်လိုက်မိသည်။ အပြင်မှာတော့ မခေါက်ရဲ ...။ ကိုယ်က တောက်ဆို သူက ဒိုင်းညှောင့်လိုက်ရင် ဘဝတပါးကို ပြောင်းသွားနိုင်တယ်လေ။

ဆိုးဝါးလွန်းသော ကိုယ့်အဖြစ်ကို ပြန်တွေးမိပြီး ရင်နာနေမိ၏။ မင်္ဂလာဦးညမှာ ပြန်ပေးဆွဲခံနေရသေး။ ခုအနံ့လည်း ရှူနေရသေးနဲ့။

ဆိုးလိုက်တဲ့ကံနှယ်။

'မြန်မြန်လုပ်ဗျာ ...။ ဒီမှာ အသက်မအောင့်နိုင်တော့ဘူး ...ဗျ'

'ပြီးပါပြီကွ... ဟာ ဟော့ကောင် ငါ့ကို စက္ကူတစ်ရွက်လောက် ရှာပေးစမ်း'

'အာ ... ဘယ်က စက္ကူရှိရမှာလဲဗျ ...၊ မရှိဘူး'

'အောင်မယ် ... လေသံက မာရေကျောရေနဲ့၊ မရှိလည်း ရှိအောင်ရှာ'

စိတ်ညစ်သည်။ ဘယ်လို လူစားမျိုးနှင့် လာတွေ့နေသည် မသိ။

'ကျွတ် ... ဒါဆိုလည်း နေဦးဗျာ၊ ကားထဲမှာ ရှိလိုရှိငြား ရှာကြည့်လိုက်ဦးမယ်'

'အေး … ရှာ … မောင်းပြေးရင်တော့ ငါ့အပစ်ပဲနော် ဟင်း'

တော်တော် ဟုတ်တဲ့လူ။ သူ့အတွက်လည်း ကိုယ်က လုပ်ပေးရသေး။ လူကိုလာပြီး ကြိမ်းလား ဝါးလားနဲ့။

ကားထဲသို့ ခေါင်းငုံ့ဝင်၍ ဟိုကြည့်ဒီကြည့် ရှာမိတော့ တစ်ရှူးဘောက်ကို သွားတွေ့သည်။

'ဟော့လူ တစ်ရှူးတွေတော့ ရှိတယ် ရလား'

'အေး ယူခဲ့'

'ကျွန်တော် ဘောက်တစ်ခုလုံး ယူသွားလိုက်၏။

'ဟော့ကောင် … ငါ့ကို လှည့်မကြည့်နဲ့နော်၊ နောက်ပြန်ပေး'

'ကြည့်စရာလားဗျ။ ထမင်းစားပျက်ကပျက်နဲ့ … ဟွန်း'

'မမှီသေးဘူးကွ နည်းနည်းဆုတ်ဦး …'

ထို့ကြောင့် နောက်နည်းနည်း ထပ်ဆုတ်သည်။ အမှတ်မထင် ခဲတစ်လုံးကို နောက်ပြန်တိုက်မိလိုက်ခြင်းကြောင့် …

'ဟာ … ကျ …ကျ …'

'ဟော့ကောင် … ဟော့ကောင်'

ထိန်း၍ မရပါ။ ငုတ်တုတ်ထိုင်နေသော ထိုသူ့ကိုယ်ပေါ်သို့ ကျွန်တော် နောက်ပြန်ပြီး လဲကျသွားပါလေတော့သည်။

'ဟာ … ဟော့ကောင် ထစမ်း …၊ ဟာကွာ …တောက်'

ကျွန်တော် ကမန်းကတမ်း ထရပ်လိုက်သည်။

'ဆောရီးဗျာ … ဆောရီး'

'ငါလဒ္ဒီး ဆောရီးပါလား … ဒီမှာ အကုန်ပေကုန်ပြီကွ'

'ဟုတ်လား … ဟီး … မတော်လို့ပါဗျာ …၊ ခင်ဗျားကလည်း … ရှော့ရှော့ တစ်ရှူးနဲ့သုတ်လိုက်'

'တောက် …ပေး … ပေး၊ ဘာကြည့်နေတာလည်း …၊ ဟိုဘက်လှည့် …ဟင်း …'

အင်း အရှက်တော့ ရှိရှာသားပဲ။

'အင်း ··· အင်း ··· ရုတ်တရက်မို့လို့ပါဗျာ၊ ကျုပ်ဘာမှ လည်း မမြင်ပါဘူး'

ဟုတ်သည်။ မှောင်နေခြင်းကြောင့် ဘာမှမတွေ့ရပါ။ ပြီးတော့ တွေ့ချင်စိတ်ကလည်း လုံးဝ (လုံးဝ) မရှိပါ။

ထိုသူကတော့ တောက်တစ်ခေါက်ခေါက်ဖြင့် သုတ်သင်ရေး လုပ်နေရချေပြီ။

'တောက် ···ဟာ ··· ဘောင်းဘီတွေပါ ပေသွားတာပဲ'

'ဟိုဟာတွေကို တက်ထိုင်မိသွားခြင်းကြောင့် ပေသွားတာ ဖြစ်နိုင်သည်။ ထိုလူ မချိမခံသာ လေသံဖြင့် ···

'တောက် ···အဲဒါ မင်းကြောင့်၊ ဟင်း ··· ငါလုပ်လိုက်ရ နာတော့မယ် ···'

'မတော်တဆ ဖြစ်သွားတာပါဗျာ ···'

'ဘာ ··· မတော်တဆလည်း၊ ငါက ရှုံတတ်တယ်ကွ'

'ဘာ ···ရှုံစရာရှိလို့လဲဗျာ၊ ဒါတွေက ခုနကပဲ ခင်ဗျားဗိုက် ထဲမှာ ရှိတဲ့ဟာတွေပါ၊ အခုအကြောင်းတိုက်ဆိုင်လို့ အပြင်ကို ရောက် လာတယ်၊ ကိုယ့်ပစ္စည်းတွေပဲဟာ ··· ဘာရှုံစရာရှိလို့လည်း ···၊ ဟုတ်ဘူးလား'

'အောင်မယ် ခွေးမသား ··· ငါ့ကို တရားလာချနေတယ်၊ မင်းအလှည့်ကျမှပဲ ကိုယ့်ဟာကိုယ်ပြန်စား'

အင်း ··· ပါးစပ်ကို ငြိမ်ငြိမ်လေးသာ ထားလိုက်တော့မည်။ မတော်လို့ တကယ်စားခိုင်းလျှင် ပြဿနာရှိသည်။

ထိုသူ ဘောင်းဘီပေသွားခြင်းကြောင့် တော်တော် စိတ်ညစ် နေဟန်ရှိသည်။ အဲ ··· ခဏနေတော့ စိတ်ညစ်တာ သူမဟုတ်ဘဲ ကိုယ်ဖြစ်သွားပါလေတော့၏။

* * *

ဗိုးလပြည့်စာပေ

## အခန်း (၃)

'ဟေ့ကောင် ... ၊ မင်းဘောင်းဘီချွတ်စမ်း'

'ဟာဗျာ ... မဟုတ်တာ၊ ဘာသို့ ချွတ်ရမှာတုန်း'

'မင်းကြောင့် ငါ့ဘောင်းဘီပေသွားတာလေ ...၊ အခု မင်း ဘောင်းဘီ ငါပြန်ဝတ်မယ် ... ချွတ်'

'ခင် ... ခင်ဗျားနော်၊ အဲဒီလို မတရားမလုပ်နဲ့'

'ဟဲ ... ဟဲ ...ဟဲ ငါက လူဆိုးလေကွာ၊ မတရားလုပ် တယ်ဆိုတာ ငါ့အကျင့်ဖြစ်နေပြီ၊ ချွတ်ဆို အခုချွတ်'

'အဟီး ... လူဆိုးလည်း တစ်ခါတစ်လေ ကောင်းကြည့်ပါ လား၊ အပြောင်းအလဲလေး ဖြစ်တာပေါ့လို့ ... အဟင်း'

'အာ ... ဒီကောင် တော်တော် စကားများတဲ့ကောင်ပဲ၊ ချွတ်ဆိုချွတ်စမ်းကွာ ...၊ ငါ ပစ်ထည့်လိုက်ရ သေတော့မယ်'

စဉ်းစားရပြီ။ သူ့ကို ဘောင်းဘီချွတ်ပေးလိုက်လျှင် ကိုယ်ဘာ ဖြစ်သွားမည်နည်း။ အမြင်မတင့်တယ်တာတွေ ဖြစ်ကုန်မည်။ မချွတ် ပေးပြန်လျှင်လည်း သူဟာကြီးနဲ့ ဒိုင်းဆော့လိုက်လျှင်လည်း အမြင် မတင့်တာတွေ ဖြစ်ကုန်ဦးမည်။ ငယ်ငယ်ရွယ်ရွယ် ချောချောလှလှ လေးနဲ့ တောင့်တောင့်ကြီး ရှောသွားမှာလေ။ ဘယ်ကြည့်လို့ ကောင်း မှာလဲ။ ဒီတော့ ...

'ဒါဆို … ဒီလိုလုပ်ပါလားဗျာ။ ဘောင်းဘီကတော့ မလုပ်ပါနဲ့။ အင်္ကျီချုတ်ပေးမယ်လေ။ အဲဒါ ပတ်ထားလိုက်ပေါ့ … အဟောင်းစတိုင်တစ်မျိုးတောင် ဖြစ်နေဦးမှာ'

'အေး … မင်းအကြံမဆိုးတော့ မဆိုးဘူး၊ ဒါပေမယ့် မင်းပြောတဲ့စတိုင်ကို ငါသဘောမကျဘူးကွာ၊ ဒီတော့ … မင်းဘာသာမင်း အင်္ကျီချုတ်ပြီး ပတ်ထားလိုက်၊ ငါ့ကို ဘောင်းဘီချုတ်ပေး ဒါပဲ'

'ဟာဗျာ … ခင်ဗျားကလည်း'

'ဟာဗျာ … မလုပ်နဲ့၊ အေး … ငါ တစ်ကနေ တစ်ဆယ်အထိ ရေမယ်၊ တစ်ဆယ်ပြည့်လို့မှ မင်းဘောင်းဘီ မချုတ်ထားဘူးဆိုရင်တော့ … ငါ့အဆိုးမဆိုနဲ့တော့ ၊ ကဲ … စပြီ … တစ်၊ နှစ်'

ဒုက္ခတော့ ရောက်ချေပြီ။ ကိုယ်ပေးတဲ့ အကြံနှင့် ကိုယ်ပြန်ခံလိုက်ရပြီ။ ငိုချင်သည်။

'ဟေ့လူ … ဖြည်းဖြည်းရေပါဗျ၊ ဒီမှာ ခါးပတ်ကျပ်နေရတဲ့ကြားထဲ … ဟင့်'

တော်တော် မတရားတဲ့လူ။ တော်တော် နှမသားချင်း အဲလေ … ညီကိုသားချင်း စာနာစိတ်မရှိတဲ့လူ။ သူများတကာ မင်္ဂလာဦးညလေးမှာ သာသာယာယာနဲ့ ရှိရမဲ့ဟာ … ဖျက်လိုဖျက်ဆီးလုပ်တဲ့လူ။ အကျင့်မကောင်းတဲ့လူကြီး။ ဝဋ်လည်ပါစေဗျာ။ သူ့ကျမှ သူ့မိန်းမအစစ်မှတ်လို့ယူပြီးမှ အခြောက်ကြီး ဖြစ်နေပါစေဗျာ။ တကယ်… အဟုတ် … စိတ်နာတယ်။

'ဟေ့ကောင် … တစ်ဆယ်ပြည့်နေပြီနော်။ ခုထိ မပြီးသေးဘူးလား …'

'ပြီးပြီလေဗျာ …၊ ခင်ဗျားကလည်း သူများပစ္စည်းလည်းလိုချင်သေး။ စိတ်ကျတော့ မရှည်ဘူး'

ဒီလူကို တော်တော်တော့ ပေါက်နေပြီ။ ဒါပေမယ့် သူ့ဘက်က ပြန်ပေါက်လျှင် ကိုယ့်ခန္ဓာမှာ အပေါက်ကလေး ဖြစ်သွားနိုင်သည်လေ။ ပေါက်တာခြင်းအတူတူ ကိုယ်ကရှုံးသည်။

ထိုသို့ လဲလှယ်ဝတ်ဆင်ပြီးနောက် ကိုယ့်ပုံစံက ကျောက်ခေတ်လူသားလိုလို အမေဇုံတောထဲက လူရိုင်းလိုလို ပုံပေါက်သွားလေသည်။ အပေါ်ပိုင်းဗလာကျဉ်းနှင့် အောက်က အင်္ကျီပတ်ထားရတာကိုး။

သူကျတော့ ကိုယ့်ဘောင်းဘီအကျအနဝတ်ပြီး စတိုင်ကျလို့

'ဟော့ကောင် … မင်း ငါ့ဘောင်းဘီ ပြန်ဝတ်ချင် ဝတ်လို့ရတယ်နော်…'

'ဝတ်စရာလားဗျ … ဟွန်း'

'အေး … ပြီးတာပဲ … ငါမင်းကို ပြန်ပေးဝတ်တယ်နော်၊ မင်းဘာသာ မဝတ်တာ မတတ်နိုင်ဘူး'

တော်တော်ဟုတ်တဲ့လူ။ ပြောပုံကိုက သူကပဲ သဘောထားကြီးပါတယ်ဆိုတဲ့ အပေါက်မျိုး။ ထားတော့ ကိုယ်က ခုချိန်မှာ ကျောက်ပျဉ်ဘဝရောက်နေတာကိုး။ သူသွေးသမျှ ခံရတော့မှာပဲ။ အဲ … အချိန်တန်ရင်တော့ သွေးလွန်းလို့ အပွေးကုန်မှာက ဒင်းပဲလေ … ဟင်း…။

'ကဲ … ခင်ဗျား ကိစ္စပြီးသွားရင်လည်း သွားမယ်။ အင်္ကျီချွတ်ထားရတော့ အေးတယ်ဗျ'

ဒီလိုနဲ့ ကားပေါ် ပြန်တတ်ပြီး ဆက်လက် ထွက်ခွာလာပါတော့တယ်။ ထုံးစံအတိုင်း သူဂ ကျွန်တော့်ကို နောက်က ထောက်လျက်နဲ့ပါပဲ။

နာရီဝက်လောက် သူညွှန်ပြသော လမ်းအတိုင်း မောင်းပြီးနောက် …

'ဟော့ကောင် …ဟိုရှေ့က ခြံထဲကို ကွေ့လိုက်'

လူနေအိမ် ကျဲပါးလှပြီး ထီးထီးကြီးရှိတဲ့ တိုက်ပုလေးတစ်လုံးပါ။ တိုက်က ပုသော်လည်း ကာထားသော အုတ်တံတိုင်းက မြင့်လှသည်။

အပေါင်းအဖော်တော့ ရှိဟန်မတူ။ သူတစ်ယောက်ထဲ နေတာဖြစ်နိုင်သည်။ အိမ်ထဲရောက်တော့ ...

'ဟေ့လူ ကျုပ်ကို အဝတ်အစားလေး အပိုရှိရင် ပေးဦးဗျ၊ ဒီမှာ ချမ်းနေပြီ'

ထိုလူ ကိုယ်ပြောတဲ့စကားကို အရေးမှုပင် မစိုက်ဘဲ အိမ်တံခါးကို သေချာစွာ ပြန်ပိတ်နေသည်။ ပြီးမှ သေနတ်ကြီး တရမ်းရမ်းဖြင့် ...

'ဘာ ... ချမ်းတယ် ဟုတ်လား'

'မချမ်းဘဲ နေမလားဗျ၊ ဒီလောက် ဆောင်းတွင်းကြီးမှာ အကျီချွတ်နဲ့နေရတာ'

'ဟွန်း ... ယောကျာ်းဖြစ်ပြီး နွဲ့လိုက်တာကွာ ...'

'ခင်ဗျားနော် ... စကားပြောတာ ကြည့်ပြောနော် ...'

'အောင်မယ် ...၊ မင်းကများ ငါ့ကြည့်ပြောသလေး ဘာလေးနဲ့ ... ကြည့်မပြောတော့ မင်းက ဘာလုပ်ချင်လဲ၊ ချမလား'

'ဟွန်း ... သေနတ်အားကိုးနဲ့ လာစိန်ခေါ်နေတယ်'

ကိုယ်မကြားတကြား ပြောလိုက်တာကို သူ အတိအကျ ကြားသွားပုံရ၏။

'ဘာပြောတာလဲ ဟေ့ကောင် ...၊ သေနတ်အားကိုးနဲ့ မိုက်တဲ့ကောင်များ ထင်နေလား၊ လာ ငါ့ဘက်က သေနတ်မပါဘူးလို့ အာမခံတယ်၊ လာ ... ချမယ်'

ဟောဗျာ ... အသားလွတ်ကြီး လာစိန်ခေါ်နေပါလား။

'အာ...မချပါဘူး၊ဘာလို့ချရမှာလဲ၊ ခင်ဗျားကလူဆိုး.. ကျုပ်က လူကောင်း ... ဟွန်း'

'ဟင်း … ဟင်း … သတ္တိမရှိရင် မရှိဘူး၊ ပြောစမ်းပါကွာ'

'ဘာလို့ သတ္တိမရှိရမှာလဲ၊ ကျုပ်ချစ်သူက မှာထားလို့ ခင်ဗျားနဲ့ ရန်ဖက်မဖြစ်ချင်တာ …'

'အောင်မယ် … မင်းချစ်သူက ဘယ်လိုမှာထားလို့လဲ'

'ဘာကို ပြောရမှာလဲ …၊ ပြောရင် ခင်ဗျားစိတ်ဆိုးဦးမှာ'

ထိုသူ အနည်းငယ် စိတ်ဝင်စားသွားပုံရ၏။

'ပြောပါကွာ …၊ မင်းကို ဘယ်လို မှာထားလို့လဲ'

'ဟာ … မပြောပါဘူးဆိုမှဗျာ'

'ပြောပါကွ … ငါ စိတ်မဆိုးတော့ပါဘူး …'

'တကယ်လား'

'အေး'

'အင်း … လမင်းကပြောထားတာက … မောင်တဲ့ … ခွေးရူးနဲ့ ခွေးကောင်း ဘယ်တော့မှ ဖက်မကိုက်ပါနဲ့တဲ့ ဟီ … ဟီ…'

'ဟာ … ဟေ့ … ဟေ့ကောင် … မင်း … မင်း ငါ့ကို'

ထိုသူ ဒေါသထွက်သွားသည်ထင့် တစ်ခုခုလုပ်ရန် ရှေ့ကို တိုးလာ၏။

'ဟာ… ဟေ့လူ … ဟေ့လူ … ခင်ဗျားနော်၊ စိတ်မဆိုးပါဘူးလို့ ခုနကပဲ ကတိပေးထားတယ်နော်'

'မင်း … မင်းကွာ … ဟင်း …ဟင်း နော် …'

'ကြည့်စမ်း …ခင်ဗျား တစ်ကိုယ်လုံး တုန်နေပြီ၊ ချမ်းနေပြီ မဟုတ်လား …၊ ကျုပ်လည်း ချမ်းနေပြီဗျ …၊ အင်္ကျီသွားလဲရအောင်…'

'ဟေ့ကောင် ··· ငါက ဒေါသထွက်လို့ တုန်နေတာကွ၊ ဟင်း ···'

'ဩော် ··· ဟုတ်လား'

ထို့ကြောင့် သူဒေါသပြေအောင် ကိုယ်စောင့်ရသေးသည်။ ပြောရရင် သူ့အတုန်ပြေတဲ့အထိ ကိုယ်က တုန်ပြီး စောင့်ရသည်ပေါ့။

'ချမ်း ··· ချမ်းနေပြီဗျ'

ထိုလူ ယောကျ်ားကြီးတန်မဲ့ မျက်စောင်းကြီး စောင့်ခဲ့ ထိုးသည်။ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးများနှင့် ထိုမျက်စောင်း ဘယ်လိုမှ မလိုက်ဖက်ပါ။ ပြီးတော့ သေနတ်ကြီး တပြုပြုဖြင့် ··

'ဟေ့ကောင် မင်း အရှေ့ကသွား ···'

အကျိုသွားယူလို့ ထင်သည်။

'ခင်ဗျားပဲ ··· ရှေ့က သွားပါ၊ ကျုပ်က လမ်းမသိဘူး'

ထိုလူ ရှုံးကနဲ ဖြစ်သွားပြီး ···

'ဟေ့ကောင် ··· မင်း ··· မင်း ငါ့ကိုခွေးနဲ့ ထပ်နှိုင်းပြန်ပြီ'

'အာ ··· ဘယ်ကလာ ကျုပ်က ရိုးရိုးသားသား ပြောတာပါ'

'အောင်မယ် ··· ငါ နွားမဟုတ်ဘူးကွ၊ သိတယ်'

'အင်း··· အင်း ခင်ဗျားမှာ ဂျို(ချို)မပါတာ တွေ့ပါတယ်'

ထိုလူ အံကြိတ်ပြီး ဂျိုမပါပေမယ့် ဂျိုကြည့်ကြည့်သည်။

'မင်းနော် ··· မင်း ··· ဟင်း ··· ဟင်း'

ထိုလူ သူ့စိတ်သူပြန်ထိန်းလိုက်ပုံရကာ ···

'ဟင်း ··· ဒီကသွား ညာဘက်က အခန်းတံခါးကို ဖွင့်'

သူပြောသည့်အတိုင်း သွားလိုက်သည်။ ပြီးတော့ ဖွင့်လိုက်သည်။

ကုတင်တစ်လုံးနှင့် ခရီးဆောင်အိတ်တစ်လုံးသာ အခန်းထဲတွင် ရှိသည်။

'အဲဒီ အထုပ်ကို ဖွင့်'

'ကျုပ် သူများအိတ်တွေ ဘာတွေ မဖွင့်ချင်ဘူး'

'ဟာ … ဒီမိချောင်းသားကတော့ …၊ ဖွင့်ဆို ဖွင့်စမ်းကွာ'

'ပြီးရောဗျာ'

အိတ်ထဲတွင် အဝတ်အစား လေးငါးစုံပါရှိသည်။

'အဲဒီအထဲမှာ မင်းနဲ့တော်တဲ့ ဘောင်းဘီတစ်ထည် ယူဝတ်လိုက်'

ပြီးနောက် ထိုလူ ကျွန်တော့်ကို ထားခဲ့ကာ အိမ်ရှေ့ခန်းသို့ ပြန်ထွက်သွားသည်။ သူ့အဝတ်အစားတွေသည် အကောင်းတွေသာ ဖြစ်၏။

'အင်း … လူဆိုးဆိုပေမယ့် အကောင်းတော့ ကြိုက်သားဟ'

အဝတ်အစားလဲပြီးနောက် အိမ်ရှေ့သို့ ပြန်ထွက်လာသောအခါ ထိုလူ ခေါက်ဆွဲပြုတ်တစ်ပန်းကန်ဖြင့် အလုပ်ရှုပ်နေသည်။ ထိုခေါက်ဆွဲပြုတ်အနံ့က ဗိုက်ထဲမှ ပိုးမွှားလေးများကို လှုပ်နှိုးလိုက်သလိုပင်။ ဟုတ်သည် ကိုယ်ဗိုက်ဆာနေသည်။

သူရေနွေးနှင့် ခေါက်ဆွဲခြောက်ထုတ်ကို ရောသမွှေနေစဉ် ကျွန်တော် ခုံတစ်လုံးထက်မှာ ထိုင်၍ ကြည့်နေမိသည်။ မီးရောင်လင်းလင်းချင်းချင်းရှိမှ သူ့ရုပ်သွင်ကို လေ့လာကြည့်မိသည်။ မချောသော်လည်း ကြည့်ကောင်းသည့် ရုပ်သွင်ရှိသည်။ မရိပ်မသင်ဘဲထားတာ ကြာပြီဖြစ်နိုင်သော မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများကြောင့် ရုပ်က အနည်းငယ် ကြမ်းသလို ဖြစ်နေခြင်းသာ။

အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသသော ကိုယ်လုံးကိုယ်ပေါက်ရှိသည်။ အားလုံးခြုံကြည့်လျှင် ဇာတ်လိုက်မင်းသားပုံထွက်နေသည်။ ဒါပေမယ့် ပြန်ပေးသမား လူဆိုးဖြစ်နေတာက ခက်သည်။ အဲ …

သိပ်လည်း မဆိုးလောက်ဟု ထင်သည်။ ကိုယ့်အတွက် အလိုက်တသိနဲ့ ခေါက်ဆွဲပြုတ်ပေးနေတာကိုး။

ညဉ့်လဲ နက်လှပြီ။ တစ်နေကုန် ပင်ပန်းထားခြင်းကြောင့် အိပ်လည်း အိပ်ချင်ပြီ။ ဗိုက်ကလည်း ဆာသည်။ ဒီခေါက်ဆွဲပြုတ်နှင့် ဆာနေသော ဗိုက်ကိုဖြည့်ပြီးလျှင် အိပ်တော့မည်။ အိပ်ရေးဝ၍ ပြည့်ပြည့်ဖြိုးဖြိုးဖြစ်နေသော လှတပတမျက်နှာကလေးဖြင့် မနက်ကျလျှင် ချစ်သူဆီ ပြန်မည်။ ဒါပဲ။

'မပြီးသေးဘူးလား‌ဗျ၊ မြန်မြန်လုပ်'

'ဘာကိုလဲ ···'

'ခင်ဗျား ···ခေါက်ဆွဲပြုတ်လုပ်နေတာကို ပြောတာ၊ ကြည့်ရင်းနဲ့ ဗိုက်ကပိုဆာလာပြီဗျ၊ အိပ်လည်း အိပ်ချင်ပြီ'

ထိုအခါကျမှ သဘောထားအမှန်ကို သိရလေတော့သည်။

'အဲဒါ မင်းအတွက်မှ မဟုတ်တာ ···၊ ငါ့အတွက် ငါလုပ်နေတာ'

'ဟာ ··· ခင်ဗျား ··· အဲဒီလိုတော့ မလုပ်နဲ့လေဗျာ၊ ကျုပ်လည်း ဗိုက်ဆာတာပေါ့'

'ငါ ··· စိတ်မဝင်စားဘူး'

'ဘာလဲ ···၊ ခေါက်ဆွဲခြောက်က ကုန်သွားပြီလား'

'ဟ ··· ငါ စိတ်မဝင်စားပါဘူးလို့ ပြောပြီးပြီလေကွာ'

'အာ ··· ခင်ဗျား စိတ်မဝင်စားလို့ ရမလားဗျ၊ ကျုပ်ကို ခေါ်လာတုန်းက ခေါ်လာပြီးတော့ ··· တာဝန်တော့ ယူရမှာပေါ့'

နည်းနည်း ကျွဲမြီးတိုသွားပုံရသည်။

'ဘာ တာဝန်ယူရမယ် ဟုတ်လား၊ ဒီမှာ ဟောကောင် ··· ငါ မိန်းမခိုးလာတာ မဟုတ်ဘူး၊ ယောက်ျားအချင်းချင်း ပြန်ပေးဆွဲလာတာ ···၊ အေး ··· တာဝန်ယူစေချင်ရင်တော့ ··· မင်း ငါ့မိန်းမ လုပ်လိုက်၊ ဒါပဲ'

ရင်တုန်ပန်းတုန်ပင် ဖြစ်သွားမိသည်။ ကြည့်ပါလား … ပြောပုံကိုက ဒီခေါက်ဆွဲပြုတ်တစ်ပန်းကန် စားရဖို့အရေး သူ့မိန်းမ လုပ်ရဦးမည်၊ ဟင့်အင်း … လုပ်ဘူး။

ဒါပေမယ့် ဗိုက်ကဆာသည်။ အမာနဲ့ မရရင် အပျော့နဲ့ပေါ့ လေ။

'ခင်ဗျားကလည်းဗျာ …၊ အဲဒီလို မနောက်ပါနဲ့ဗျ၊ အဟီး … အပိုရှိသေးတယ်ဆိုရင် တစ်ထုပ်လောက် ကျွေးနော်'

'ဟိုးက ဗီဒိုကို တွေ့လား'

'အင်း … တွေ့တယ်'

'အဲဒီဗီဒိုထဲမှာ ခေါက်ဆွဲခြောက်ထုပ်တွေ အပြည့်ပဲ'

'ဟာ … တကယ်'

'ဒါပေမယ့် … အကုန်လုံး ငါစားဖို့အတွက် ဝယ်ထားတာ၊ မင်းအတွက် မပါဘူး'

သေချင်သည်။ ဒါမှမဟုတ် သူ့ကို သတ်ချင်သည်။ နှစ်ခု စလုံးလည်း တပြိုင်တည်း လုပ်ချင်သည်။ တော်တော် ရက်စက်တဲ့လူ။ လူမှုရေး ခေါင်းပါးတဲ့လူ။ သူ့အတွက် သူ့ဘာသာလုပ်ထားသော ခေါက်ဆွဲပြုတ်ကို ရှေ့မှာတင် စိန်ပြေနပြေ ထိုင်စားပြနေသည်။

လုပ်ရက်လိုက်လေခြင်း …။ မင်္ဂလာဆောင်ဖူးသော အမျိုးသားများ ကြုံဘူးကြသည့်အတိုင်း ထိုနေ့တစ်နေ့လုံး ဘာမှ မယ်မယ်ရရ မစားဖြစ်ကြ။ အဲ … ညရောက်မှ ကိုယ့်မိန်းမအသစ် စက်စက် ကလေးနဲ့ အပီအပြင်စားမယ်လို့ ရည်ရွယ်ထားပြီး အစာခံကြတတ် တာကိုး။ (ထမင်းလက်စုံ စားခြင်းကို ဆိုလိုပါသည်)

ဒါကြောင့် ကိုယ်လည်း အများနည်းတူ အဆာခံခဲ့သည်။ ခု ညရောက်တော့ ဒီပြဿနာက အတိအကျကို ဒုက္ခပေးပြီပေါ့။ ကိုယ့်ရှေ့မှာ ထိုင်နေတာက ကိုယ့်မိန်းမ အသစ်စက်စက်ကလေးမှ မဟုတ်တာ။ ဘယ်ကမှန်းမသိတဲ့ ယောကျ်ားရင့်မကြီးတစ်ယောက်

လေ။ ဒီတော့ မိန်းမလို ထမင်းပွဲပြင် ကျွေးမွေးဖို့ စိတ်ကူးမရှိဘူးပေါ့။

ကိုယ့်ရှေ့မှာ စားပြနေသည်မှာ အားပါးတရ။

ဗိုက်ကလည်း ဆာလိုက်သည်မှာ အားပါးတရ။

ထိုလူ ခေါင်းမဖော်တန်းစားနေရာမှ ခေါက်ဆွဲပြုတ်တစ်ဝက်လောက်အကုန်တွင် ခေါင်းပြန်မော့လာပြီ ···

'ဟော့ကောင် ··· မင်းကြည့်ရတာ တော်တော် ဆာနေပုံရတယ် ဟုတ်လား ···'

ကိုယ့်ရဲ့ အငမ်းမရဖြစ်နေသော မျက်လုံးအကြည့်ဒဏ်ကို ခံနိုင်ပုံမရတော့ဘူး ထင်သည်။

'ဟာဗျာ ··· ဆာတာမှ ဘာပြောကောင်းမတုန်း'

'ပြောလို့ မကောင်းရင်လည်း မပြောနဲ့တော့ကွာ'

ထိုသို့ပြောပြီး သူ့ခေါက်ဆွဲ သူပြန်စားသည်။

'ဟာ ··· ဟော့လူ ··· အဲဒီလိုလည်းမဟုတ်ဘူးလေဗျာ။ ဆာတယ်ဗျ၊ ဆာတယ် ··· ဆာတယ်၊ တကယ်ဆာနေတယ်'

'အေး ··· ဟုတ်ပြီ၊ ဒါဆိုရင် ··· ဟိုမှာ ရေခဲသေတ္တာတွေ့လား'

ဝမ်းသာမိသည်။

'အင်း ··· အင်း တွေ့တယ်၊ တွေ့တယ်၊ အဲဲမှာ ဘာစားစရာ ရှိလို့လဲဟင်'

'ရေ'

'ဟင်'

'အဲဒီရေကို သောက်ပြီး ဗိုက်မှောက်အိပ်လိုက်'

'ဟာဗျာ'

ငိုချင်သည်။ သေချင်သည်။ သူ့ကို သတ်ချင်သည်။ အဲဒီသုံးမျိုးကို တပြိုင်တည်း လုပ်ချင်သည်။

အဖေရေ ···၊ အဖေ့သား အဖြစ်ကို လာကြည့်လှည့်ပါဦး

ဗျူ။ မြန်မာနိုင်ငံရဲ့ သန်းကြွယ်သူဌေးကြီးရဲ့သားက ရေသောက်ပြီး ဗိုက်မှောက်ပြီး အိပ်ရမယ်တဲ့။ သူကတော့ ခေါက်ဆွဲဆက်စားသည်။

ကျွန်တော်ကတော့ ဘာဆက်ပြောရမှန်းမသိ။ ယောင်တောင်တောင်ဖြင့် ဆက်ထိုင်သည်။ နောက်တော့ ဗိုက်ထဲမှ ပိုးမွှားကလေးများ၏ အော်မြည်သံကို ဆက်လက် သည်းမခံနိုင်တော့သဖြင့် သူညွှန်ပြရာ ရေခဲသေတ္တာရှိရာသို့ သွားသည်။ ဖွင့်သည်။ အထဲတွင် ရေအပြင် ဘာမှ မရှိ။ ထို့ကြောင့် ရှိသောရေကို အဝသောက်သည်။ ပိုးမွှားတို့၏ အော်မြည်သံ ခဏ ငြိမ်သွားသည်။

* * *

## အခန်း (၄)

တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါလောက် ကိုယ့်အဖြစ်ကို ကိုယ်ရင်နာမိတာ မရှိခဲ့။ အပဟုတ်ကို ရင်နာမိသည်။

အရှင်ဘုရား …၊ တပည့်တော် ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မကောင်းမလုပ်ခဲ့ပါ …၊ အင်း … ကောင်းတာတွေလည်း လုပ်ခဲ့မိသည်ဟုလည်း မဆိုလိုပါ။ ထို့ကြောင့် ယခု ရင်ဆိုင်နေရသော ဆင်းရဲခြင်းဒုက္ခမှ အမြန်ဆုံး ကင်းလွတ်ခွင့်ရ …ရပါစေလို၏ဘုရား။ အခုအချိန်တွင် ဘုရားမှတစ်ပါး တခြား အားကိုးရာမှ မရှိတော့တာကိုး။

ရေသောက်ပြီး ပြန်လာတော့ ထိုသူကပင်စ၍ …

'မင်းနာမည် ညီနေဝါနော် …'

ကြည့် သိရဲ့သားနဲ့ မေးနေပြန်ပြီ။

'ဟုတ်တယ် …'

'သန်းကြွယ်သူဌေးကြီး ဦးနေဝါရဲ့ သားနော်'

'ကျွတ် … ဟုတ်တယ်ဗျာ …ဟုတ်တယ်'

'အင်း … သူဌေးသားတွေက ငါသိရသလောက်တော့ အရည်အချင်း မရှိတတ်ကြဘူးကွ'

ရန်စပြီ ထင်သည်။

'ဟွန်း … အဓိပ္ပာယ်မရှိတာ၊ ခင်ဗျားကို ဘယ်သူပြောလဲ'

'အောင်မယ် … ဒါဆို မင်းက ကိုယ့်ကိုကိုယ် အရည်အချင်းရှိပါတယ်လို့ ဆိုလိုတာပေါ့ …'

'ဟင်း … ဟင်း … ခင်ဗျား သဘောပေါက် လွယ်သားပဲ'

ထိုလူ ခေါင်းတငြိမ့်ငြိမ့်လုပ်၍ …

'ဟုတ်ပြီလေ … ဒါဆို မင်းကိုငါ ပညာစမ်းကြည့်ရသေးတာပေါ့'

'ပညာက ခန္ဓာကိုယ် ဘယ်နားမှာ ရှိလို့ ခင်ဗျားက ဘယ်ကို စမ်းမှာတုန်း'

ဟုတ်တယ်။

စိတ်ပေါက်လာပြီ မိုက်ဆာရတဲ့ကြားထဲ ဘာတွေလာပြောနေမှန်း မသိဘူး။

ထိုလူ လုံးဝအလျှော့မပေးပါ။

လေသံအေးအေးဖြင့် …

'ပညာဆိုတာ မင်းခေါင်းထဲမှာရှိတဲ့ ဗဟုသုတတွေ …၊ စဉ်းစားဆင်ခြင်ဉာဏ်တွေကို ပြောတာ …၊ ငါက အဲဒါတွေ ရှိမရှိ စမ်းသပ်မှာ'

'အားအား … ယားယားဗျာ'

'ဒါဆို မင်းခေါင်းထဲမှာ ဘာမှ မရှိဘူးပေါ့၊ ဟင်း …ဟင်း ငါ ထင်သားပဲ'

'ခင်ဗျား … အဲဒီလို မပြောနဲ့လေ၊ မရှိဘဲ နေမလားဗျ'

ဟုတ်တယ် ကိုယ်ဒီအသက်ဒီအရွယ်ထိ ရောက်လာတာ … အလကား လေတိုက်ပြီး ကြီးလာတာ ကျနေတာပဲ။

'ဒါဆို ရှိတယ်ပေါ့'

'ရှိတယ် ...'

'ငါ မေးခွန်းတစ်ခုမေးကြည့်မယ်လေ'

'စိတ်မဝင်စားဘူး'

'ဖြေနိုင်ရင် ခေါက်ဆွဲခြောက်တစ်ထုပ်ပေးမယ်ဆိုရင်ကော'

ဒါတော့ စိတ်ဝင်စားနေပြီ။

'ခင်ဗျား တကယ်ပြောတာလား'

'ဒါပေါ့'

'မေးစမ်းဗျာ ...၊ ဒါပေမယ့် ခင်ဗျား ကတိတော့ တည်နော်'

'စိတ်ချ၊ မင်း 'ဆိုကရေတီး'ကိုတော့ သိပါတယ်နော်'

ရယ်ချင်သည်။

'ဟား ... ဟား ... မသိဘဲ နေမလားဗျ။ ဟိုတစ်နှစ်က တောင် အမျိုးသားပြဇာတ်ရုံမှာ ဆို၊က၊ရေး၊တီး ပြိုင်ပွဲလုပ်လို့ သွားတောင် အားပေးလိုက်သေးတယ်'

'ဟေ့ကောင် ... သောက်ပေါ၊ ဘာတွေ လျှောက်ပြောနေတာလည်း ... ငါပြောတဲ့ 'ဆိုကရေးတီး'ဆိုတာ ဂရိအတွေးအခေါ် ပညာရှင်ကြီးနာမည်ကို ပြောတာကွ'

လက်စသပ်တော့ ကိုယ်သံတူကြောင်းကွဲ လွဲသွားတာကိုး။

'ဩော် ... ဒီလိုလား ...၊ သိဘူးလေဗျာ၊ အစကထဲက ခင်ဗျားရှင်းအောင် ပြောပေါ့'

ထိုသူ မျက်စောင်းလှမ်းထိုးသည်။ (မထိုးတာလည်း ဖြစ်ချင် ဖြစ်နိုင်ပါသည်)

'ဟင်း ... ငါပြောတဲ့ 'ဆိုကရေးတီး'ကို မင်းသိတယ် မဟုတ်လား'

မေးပုံကိုက ကိုယ့်ခေါင်းရင်းအိမ်မှာ နေတဲ့လူကို မေးတဲ့ပုံ မျိုးနဲ့ ...။

'မရင်းတော့ မရင်းနှီးဘူးပေါ့ဗျာ၊ ဒါပေမယ့် ကြားတော့ ကြားဖူးတာပေါ့'

'ဟော့ကောင် စကားကို ကောင်းကောင်းပြော၊ လာရွဲ့မနေနဲ့'

'ထိုင်ခုံက စောင်းနေလို့ပါ'

မျက်စောင်းလှမ်းထိုးသည်။

(ဒီတစ်ခါတော့ သေချာသည်)

သွားကြားထဲမှ ထွက်လာသော လေသံဖြင့် …

'ငါသိချင်တာက … အဲဒီ အတွေးအခေါ်ပညာရှင်ကြီး 'ဆိုကရေးတီး'ရဲ့ မိန်းမနာမည်က ဘယ်လိုခေါ်လဲ။

စိတ်လေသည်။ ဘယ်လိုလူမှန်းကို မသိတော့ …။

'ခင်ဗျားက ဘာကိစ္စ သိချင်ရတာလဲ'

'ဟော့ကောင် … လျှာမရှည်နဲ့ ငါမေးတာသာဖြေ'

'ပေါက်ပေါက်ရှာရှာဗျာ‥ ကျုပ်နဲ့မှ အမျိုးမတော်တာ‥ ဘယ်လိုလုပ်ပြီး သိမှာလဲ….ဟွန်း'

ဟုတ်တယ် 'တင်း'လာပြီ။ ဒီမှာ ဗိုက်ဆာပါတယ်ဆိုကာမှ ဘာတွေလာမေးနေသည်မသိ။

သူဘက်ကလည်း ပြတ်သားသည်။

'အေး … ဒါဆို ငါလည်း မင်းကို ခေါက်ဆွဲခြောက်မကျွေးနိုင်ဘူး'

'ဟာ … ခင်ဗျား … ဒီလိုတော့ မလုပ်နဲ့လေဗျာ …'

ဒါမှ ဒါပဲဆိုတဲ့ ရုပ်မျိုးနဲ့ သူ့ခေါက်ဆွဲပြုတ်ကို ပြန်စားသည်။

တော်တော် စိတ်ပျက်စရာကောင်းသည့်လူ။ ဘယ်လို စိတ်ကူးမျိုးနဲ့ ဒါတွေ လာမေးနေသလဲ မသိ။ သူ့ဘာသာ ဘယ်လို စိတ်ကူးနဲ့ပဲ မေးမေး။

သူမေးတာ ကိုယ်မဖြေနိုင်လျှင် ခေါက်ဆွဲပြုတ်နှင့် ဝေးရပေတော့မည်။

ရုပ်ကိုက ပေစောင်းစောင်းနဲ့ တောင်းပန်လို့ရမယ့် သဘော လုံးဝမရှိ။ ထို့ကြောင့် သူမေးသော အလုပ်မလုပ်ချင်၍ အားအား ယားယား တော်ကီလျှောက်ပစ်ရာမှ အတွေးအခေါ် ပညာရှင်ဖြစ်လာ သော ပုဂ္ဂိုလ်၏အိမ်သူသက်ထား နာမည်ကို စဉ်းစားရပါတော့သည်။

'ဘယ်သူလဲ? ... ဘယ်သူလဲ? ... ဘယ်သူလဲ? ... ဘယ်သူလဲ? ...'

သေချာသည်။ ကိုယ့်မှတ်ဉာဏ်ထဲမှာလုံးဝမရှိ။ နောက်တစ်ခု သေချာသည်။ ဖြေနိုင်လျှင် ကိုယ်ငတ်မည်။ ဟား ... ပြဿနာပါပဲ ကွာ။

ကြံဖန်ပြီး တစ်ခုခုတော့ ဖြေရပေတော့မည်။ ဟာ ... ဟုတ်ပြီ။ သူ့ယောကျ်ားနာမည်က ဆိုကရေးတီးဆိုတော့ ... ဟဲ ...ဟဲ ...။

'ဒီမှာ ခင်ဗျားမေးခွန်းကို ကျုပ် ပြန်ဖြေတော့မယ်နော်'

ဖြေလေဆိုသည့် ပုံစံမျိုးဖြင့် မေးဆက်ပြသည်။

'အင်း ... မစ္စဆိုကရေးတီး'

'ဘာကွ'

မှားနေပြီ ထင်သည်။

'ဟာ ... မဟုတ်သေးဘူး၊ မဟုတ်သေးဘူး၊ အဟဲ ...ဟို လေ မဒမ် ... မဒမ်ဆိုကရေတီး ... ဟုတ်တယ်မဟုတ်လား'

ထိုသူ စားပွဲခုံကို လက်ဖြင့် ဖြန်းခနဲပုတ်လိုက်သည်။ သေချာ သည်။ ကိုယ် လုံးဝ မှားသွားပြီ။ မှားမှာပေါ့ အစကထဲက မသိတဲ့ ဟာကို။

'မဟုတ်ဘူးလားလို့'

'မဟုတ်ဘူးကွ ... မဟုတ်ဘူး၊ မင်း ငါ့ကို ပေါက်ကရတွေ လာဖြေမနေနဲ့ ... ဟင်း ...'

'ခင်ဗျားက ပေါက်ကရတွေ လာမေးတာကိုးဗျ'

'မသိဘူး ဆိုရင် မသိဘူး ပြောပေါ့ကွ'

'ကဲဗျာ ... မသိဘူး'

'အေး ... အဲဒါဆို ငါလည်း မကျေးဘူး'

'တောက် ... သေနတ်ကြီးရှိနေလို့ပေါ့ကွာ ...၊ နို့မို့ဆိုရင် ဟွန်း ...'

'ဟော့ကောင် ... ပွစိ ပွစိနဲ့ ဘာတွေပြောတာလဲ'

'ဪ ခင်ဗျား ... ခေါက်ဆွဲပြုတ်စားကောင်းလားလို့ မေးတာ'

ဒီမှာတင် ဓာတ်လမ်းက မကျေလည်ဟန်ဖြင့် တစ်ခန်းရပ်သွားသည်။ သူက ခေါက်ဆွဲပြုတ်ဆက်စား၍ ကိုယ်က ရေပြန်သောက်ရတော့သည်။ ၃ မိနစ်ခန့် ကြာသွားသည်။ ခုချိန်မှာ အိန္ဒြာကျော်ဇင်က အပြုံးလှလှလေးဖြင့် 'သုံးမိနစ်ပဲစောင့်'ဟု ပြောလာလျှင်တောင် လုံးဝသည်းမခံနိုင်တော့။

အစာအိမ်က ရေဖြင့် လုံးဝနှစ်သိမ့်လို့မှ မရတော့တာ။

'ဟော့လူ ... ကျုပ်တကယ် ဗိုက်ဆာနေပြီဗျ'

မျက်လုံးစွေကြည့်သည်။ ပြီးတော့ လက်ညှိုးတစ်ချောင်းထောင်ပြသည်။

တစ်ထုပ်ယူစားဆိုသည့် သဘောလား မသိ။

သို့သော် ကိုယ်မှန်းတာ အတိအကျ လွဲသွားပါလေတော့သည်။

'ငါ မင်းကို နောက်ထပ် မေးခွန်းတစ်ခု ထပ်မေးမယ်၊ ဖြေနိုင်ရင်တော့ စားရမှာပေါ့ကွာ ...'

ဒီတစ်ခါ မျက်စောင်းထိုးလိုက်တာကတော့ ကိုယ်ဖြစ်သွားပါလေတော့သည်။

'ခင်ဗျား ဗျာ ...'

'ဘာလဲ ... မဖြေချင်ဘူးလား ...'

စိတ်ဓာတ်ကျကျဖြင့်သာ…

'မေးဗျာ ··· မေးချင်သာတာ မေးတော့ ···'

ထိုသူ အောင်နိုင်သူဟန်ဖြင့် ပြုံးသည်။

ပြီးမှ ···

'မင်း 'ကမူး'ကို သိတယ် မဟုတ်လား'

ဒီတစ်ခါ ပြုံးတာ ကိုယ်ဖြစ်သွားသည်။

'အဟား ··· သိပ်သိတာပေါ့ဗျာ၊ ကျုပ်တို့ လမ်းထိပ်မှာ တင်နေတယ်၊ မူးလာတိုင်း 'က'တတ်လွန်းလို့ 'ကမူး'လို့ နာမည်ပေးထားတဲ့လူလေ ··· ဟုတ်တယ် မဟုတ်လား'

ထိုလူ မျက်နှာရှုံးမဲ့၍ 'ထွီ'ကနဲ တစ်ချက်လုပ်၍ ···

'အဲဒီ မင်းကြီးတော်လင် ကမူးကို ငါက ဘာလုပ်ရမှာလဲ'

'ဟ ··· ဒါတော့ ခင်ဗျား မှားနေပြီ၊ ကမူးမိန်းမ မအေးမြင့်က ကျုပ်ကြီးတော် လုံးဝ မဟုတ်ဘူးဗျ ···'

ထိုလူ စားပွဲကို ဒုန်းကနဲထု၍ မျက်နှာနီနီဖြင့်

'မင်း ··· ပါးစပ်ကို ပိတ်ထားစမ်းကွာ'

'ခင်ဗျား ··· မှားနေလို့ ကျုပ်က ရှင်းပြတာပါဗျ'

'အာ ··· ဒီကောင်ကွာ ···၊ ဒီမှာ ဟောကောင် ငါပြောတဲ့ 'ကမူး'ဆိုတာ ကမ္ဘာကျော်စာရေးဆရာကြီးကွ၊ မင်းကြီးတော်လင် မူးပြီးကတဲ့ ကမူးကို ပြောတာ မဟုတ်ဘူး ငတုံးရဲ့'

'ဩော် ဒီလိုလား ··· အဟင်း ··· နာမည်ချင်းကလည်း ဆင်တယ်နော် ···'

ထိုလူ ခဏမျှ ငြိမ်သွားသေးသည်။ ပြီးမှ တုံးတိတိ လေသံကြီးဖြင့် ···

'ဒါဆို ··· ငါပြောတဲ့ ကမူးကို မင်းသိသွားပြီပေါ့'

'အဟင်း ··· ထင်တာပဲ'

ထိုသူ သက်ပြင်းချသည်။

'သူက ဘယ်နိုင်ငံသားလဲ'

'ခင်ဗျားသိတယ် မဟုတ်လားဟင်'

'ဟော့ကောင် … မင်းကို ငါမေးနေတာ'

'ဩော် …'

ခေါင်းကုတ်ရပြီ။ ဟိုကုတ် ဒီကုတ်လည်း ဆက်ကုတ်ရပြီ။ စဉ်းစားသည်။ သေချာတာက ကိုယ်သိသော ကမူးမဟုတ်သော ကြောင့် မြန်မာနိုင်ငံသားတော့ မဖြစ်နိုင် …။ ဒါဆို ဘယ်နိုင်ငံသားလဲ။

'ဟော့ကောင် မသိဘူး မဟုတ်လား …'

'ခင်ဗျားကို ဘယ်သူပြောလဲ …'

ထိုလူ နည်းနည်း တင်းသွားပုံရသည်။

'ဟ … သိရင်လည်း ပြောလေကွာ …'

'ပြင်သစ်'

ထိုလူ မျက်နှာတွင် အပြောင်းအလဲ နည်းနည်း ဖြစ်သွားသည်။

'ကျုပ် ခေါက်ဆွဲပြုတ်စားလို့ ရပြီလား'

'အင်း'

'ဒါဆိုလည်း သော့ပေးလေဗျာ …'

သော့တစ်ချောင်းလှမ်းပစ်ပေးသည်။ ခေါက်ဆွဲခြောက်ထုတ်များ ထည့်ထားသည်ဆိုသော ဗီရိုကို ဥစ္စာခြောက်၍ သော့ခတ်ထားခြင်းကြောင့် တောင်းရခြင်း ဖြစ်သည်။

နောက်ပိုင်းကိစ္စတွေကတော့ လွယ်သွားပါသည်။ ဗီဒိုကို ဖွင့်သည်။ ခေါက်ဆွဲခြောက်တစ်ထုပ်ယူသည်။ ပြီးတော့ ရေနွေးဖြင့် ဖျော်သည်။

ပြီးတော့ စားသည်။ မသတာရေစာမို့လားမသိ။ ကောင်းလိုက်သည့် ဖြစ်ခြင်း။

ထိုလူကတော့ ကျွန်တော် လုပ်နေသမျှကို မျက်တောင် မခတ်ဘဲ လိုက်ကြည့်သည်။ ဘာမှတော့ မပြော။

ထိုသို့ စားပြီးသောက်ပြီးနောက် ...

'ဟေ့ကောင် ... မင်းကို ငါ ပြောစရာရှိသေးတယ်'

'တော်ပြီ ... မပြောနဲ့တော့'

'အောင်မာ'

'ကျုပ်အိပ်ချင်ပြီ ...'

ပြောပြောဆိုဆို ခန္ဓာကိုယ်ကို ထိုင်ခုံပေါ်သို့ ပစ်လှဲချလိုက်ပါတော့သည်။

'အား ... လမင်းကို သတိရ ... ရ ...'

အိပ်စက်ခြင်း နယ်ပယ်ထဲသို့ သတိရခြင်းတွေပါ ခေါ်သွားပါတော့သည်။ ပြန်ပေးသမား ပုဂ္ဂိုလ်ကတော့ တောက်တစ်ခေါက်ခေါက်ဖြင့် ... နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသော ညီနေဝါကို ကြည့်ရင်း ...

* * *

စိတ်၏ချမ်းသာမှုအစစ်သည်
အဆိုးဆုံးအဖြစ်ကို  လက်ခံရာမှ
ထွက်ပေါ်လာသည်။

(လင်ယူတန်)

# အခန်း (၅)

## (ဒီဇင်ဘာလ - ၁၃ရက်နေ့)

မိုးလင်းလာပါပြီ။

နိုးနိုးချင်းပင် အရာဝတ္ထုအားလုံးကို နေ၏ အလင်းရောင်ဖြင့် ပြတ်ပြတ်သားသား မြင်တွေ့ရခြင်းကြောင့် နေပင်မြင့်နေပြီဟု သိလိုက်ရ၏။

ထိုင်ခုံပေါ်မှာပင် အိပ်မိခြင်းကြောင့် တစ်ကိုယ်လုံး နာကျင်တောင့်တင်းနေသည်။

ဟိုလူဆိုးပုဂ္ဂိုလ် ဘယ်ရောက်နေသည်မသိ။ မျက်စိရှေ့မှာတော့ မတွေ့။ အပြင်များ သွားသလားမသိ။ ထိုအ[illegible]းနှင့်အတူ ခေါင်းထဲ လက်ကနဲ ဖြစ်သွားသည်။ သူမရှိလျှင် ကိုယ်ထွက်ပြေးဖို့ အခွင့်အလမ်းရမည်။

ထို့ကြောင့် ကမန်းကတမ်းဖြင့် ပြေးပေါက်ရှာကြည့်မိသည်။ တံခါးတွေ အကုန်လုံး သော့ခတ်လျက်သား။ ပြတင်းပေါက်တွေကလည်း သံတိုင်များဖြင့် ကာရံထား၏။

စိတ်မော၊ လူမော ဖြစ်သွားတာပဲ အဖတ်တင်သည်။ ဒီလို အိမ်မျိုးကနေ လူမပြောနဲ့ ကြွက်တောင် ထွက်ဖို့မလွယ်။

'လက်လျှော့လိုက်ရပြီ၊ လက်လျှော့လိုက်ရပြီ' ဟု စိုင်းထီးဆိုင် သီချင်းကိုသာဆိုရင်း ငုတ်တုတ်ပြန်ထိုင်ရပါတော့သည်။

ခဏကြာတော့ ကိုယ်တော်ချောက အိမ်ရှေ့တံခါးဖွင့်၍ ဝင်လာသည်။

'ဘယ်လိုလဲ ဟော့ကောင် ထွက်ပြေးဖို့ အပေါက်လိုက်ရှာတာ တွေ့ပြီလား ...'

မျက်စောင်းကြီးသာ ပိတ်ထိုးပစ်လိုက်ပါတော့သည်။

'ကျုပ် မျက်နှာသစ်ချင်တယ် ...'

'ခြံထဲက ရေတွင်းကိုသွား'

'အိမ်ထဲမှာ ရေချိုးခန်းမရှိလို့လား'

'ရှိတယ်'

'ဒါဆို အဲဒီမှာပဲ သစ်မှာပေါ့ဗျ'

'ရေမရှိဘူး'

စိတ်လေသည်။ ရေမရှိတဲ့ ရေချိုးခန်း ဘာလုပ်လို့ ရမည်နည်း။ သူက ခြံထဲတွင် ရေတွင်းရှိသည်ဆိုခြင်းကြောင့် ကျွန်တော် အပြင်သို့ ထွက်လာခဲ့သည်။ မြင့်မားလှသော အုတ်တံတိုင်းအပြင် သံဆူးကြိုးများပါ ထိုတံတိုင်းပေါ် ထပ်တင်ထားခြင်းကြောင့် ဘယ်လိုမှ ခြံထဲက ကျော်ထွက်ရန် မဖြစ်နိုင်ပေ။

ဒါကြောင့် သူ ကိုယ့်ကို စိတ်ချလက်ချ ခြံထဲ ပေးလွှတ်တာကိုး။ ခြံထဲရှိ ရေတွင်းကို တွေ့ပါပြီ။ တစ်ပေခွဲအမြင့်လောက်သာ ရှိမည်ဟု ထင်သော အုတ်ဘောင်တပ်ထားသည့် ရေတွင်းငယ်တစ်ခုပါ။ ဘောင်ပေါ်တွင် ရေငင်ရန် ကြိုးတပ်ထားသော ပုံးတစ်ပုံးရှိသည်။

ထို့ကြောင့် ကျွန်တော် ထိုရေငင်သည့် ပုံးကိုယူ၍ တွင်းထဲသို့ ချကာ ရေတစ်ပုံးခပ်သည်။ တွင်းက သိပ်မနက်။ ၁၅ပေလောက်သာရှိမည်ဟု ထင်ရသည်။ ကန်ဘောင်ပေါ်တွင်ရှိသော ရေညှိများကြောင့် လိမ့်ကျမှာလည်း စိုးရသေးသည်။ ပြီးတော့ ကိုယ်က ခပ်နေ

မကျမို့ ရေက သိပ်မပါချင်။ ကြိုးစားပမ်းစားခပ်မှ ရေပုံးတစ်ဝက်သာ ရေပါလာသည်။

ကျွန်တော် ကိုယ်လက်သန့်စင်ပြီးနောက် အိမ်ထဲသို့ ပြန်ဝင်လာသောအခါ သူထုံးစံအတိုင်း ခေါက်ဆွဲပြုတ် တစ်ပန်းကန်ထည့်ကာ စားဖို့ ပြင်ဆင်နေသည်။ သူရှေ့ခုံတွင် ဝင်ထိုင်ရင်း ···

'ကျုပ် ဘယ်တော့ အိမ်ပြန်ရမှာလဲ'

'ငါ ခုနက မင်းအဖေဆီ ဖုန်းဆက်ပြီး ပိုက်ဆံ လှမ်းတောင်းလိုက်တယ် ···'

'ဟုတ်လား ··· ဘယ်လောက်လဲ'

'သိန်းငါးထောင် ···'

'ဟာ ··· များလှချည်လား ···၊ ကျုပ် ··· ကျုပ်အဖေက ဘာပြန်ပြောလဲဟင်'

'မင်းက ··· အဲဒီလောက် မတန်ဘူးတဲ့၊ ဒါကြောင့် သူ မပေးနိုင်ဘူးတဲ့'

နင်တော့ နင်သွားသည်။ ကိုယ့်အဖေအကြောင်းလည်း ကိုယ်သိသည်။

'ကျွတ် ··· ခင်ဗျားက လောဘကြီးပြီး စွတ်တောင်းတာကိုးဗျ'

'ဘာလဲ ··· မင်းအသက်က မင်းအဖေပြောသလို သိန်းငါးထောင် မတန်ဘူးပေါ့ ဟုတ်လား'

'အာ ··· ဒါ··· ဒါကတော့ ခင်ဗျားကလည်း ···မတန်ဘဲနေမလားဗျ ···၊ တန်တာပေါ့'

'ဟ ··· တန်တယ်ဆိုရင် ငါတောင်းတာ မှားလား'

ဘာပြန်ပြောရမှန်းကို မသိတော့။ သူ့ကို မှားပါတယ် ပြောပြန်ရင်လည်း ကိုယ်က တန်ဖိုးမရှိရာ ကျဦးမယ်။ အဲ မှန်တယ်လို့ ပြောပြန်ရင်လည်း ဒီဘဝက ကျွတ်ဖို့လမ်းက မမြင်။

'ကျုပ်အဖေက သူဌေးသာ ဖြစ်နေတာ၊ ကပ်စေးက အရမ်း နည်းတာဗျ ...'

'ဟုတ်လား ... ဒါပေမယ့်ကွာ ... သားအရင်းတစ်ယောက် လုံးရဲ့ အသက်ကို စတေးပြီး ကပ်စေးနည်းမယ်လို့တော့ ငါမထင်ဘူး'

'ခု ... ခင်ဗျားနားနဲ့ကြားလာတာတောင် လက်မခံနိုင်သေး ဘူးလား'

'ဒါကတော့ကွာ ... ချက်ချင်းကြီးဆိုတော့ သွေးပူပြီး ပြော လိုက်တာနေမှာပါ၊ အဲ ... ရက်နည်းနည်း ကြာလာတော့မှ သူစိတ်ပူ တတ်လာပြီး ငါလိုချင်တဲ့ ပိုက်ဆံကို ပေးမှာပါ'

'ဒါဆို ကျုပ်က ခင်ဗျား ပိုက်ဆံမရမချင်း ဒီမှာ ဆက်နေရဦး မှာပေါ့'

'ဒါပေါ့'

စိတ်ဓာတ်က အဝိစီသို့ ရောက်သွားသည်။ သူလိုချင်တဲ့ ပိုက်ဆံကို ကိုယ်က စိုက်ပေးရအောင်ကလည်း ကိုယ့်မှာက ဘာမှ မရှိ။ ယခု နေတဲ့ တိုက်ကလေးတောင်မှ ကပ်စေးနည်းအဖေ တုန်တုန် ချိချိနဲ့ မင်္ဂလာလက်ဖွဲ့ထားတာ။ ငွေပိုကလည်း သုံးလေးသိန်းအပြင် ပိုမရှိ။

'ကျုပ်အဖေက လုံးဝ ပိုက်ဆံမပေးပါဘူးဆိုရင်ကောဗျာ၊ ခင်ဗျား ဘာဆက်လုပ်မလဲ'

'မင်းကို သတ်မယ်'

'ဟာ ...တ... တကယ်'

'အင်း'

သွားပြီ။ ကိုယ့်အဖေက ချမ်းသာသလောက် ကပ်စေးက လည်း နည်းသည်။ လမင်းရေ ... မင်းနဲ့ငါ ဒီဘဝမှာ မင်္ဂလာဆောင် ခွင့်ရခဲ့ပေမယ့် ပေါင်းဖို့တော့ ကံဇာတာ ပါမလာတော့ဘူး ထင်တယ် ကွာ။

'ဟော့ကောင့် ... မင်းမျက်နှာက ဘာဖြစ်သွားတာလဲ'

'ဘာဖြစ်ဖြစ်ဗျာ'

'ဘာလဲ သေမှာ တော်တော် ကြောက်တယ် ဟုတ်လား'

ကျွန်တော် သက်ပြင်းတွဲတွဲချမိသည်။

'သေမှာ ကြောက်လို့တော့ မဟုတ်ပါဘူးဗျာ။ ဒီလောက် အခက်အခဲတွေ ကြားထဲကနေပြီးတော့ ... လမင်းနဲ့နီးဖို့ ကြိုးစားခဲ့ရတာ ... ခုပန်းတိုင်ရောက်တော့မှ ... ဝေးရဦးမယ်ဆိုတော့ ... ခင်ဗျားပဲစဉ်းစားကြည့်ပေါ့ ...'

'မင်းပြောတဲ့လမင်း ... ဆိုတာက'

'ကျုပ်ချစ်သူ ... မနေ့ကမှလက်ထပ်ထားတဲ့ ကျုပ်ဇနီး အသစ် စက်စက် ...'

'အဲဒီကောင်မလေးကချမ်းသာလား ...'

'ဟင့်အင်း ... အလယ်အလတ်တန်းစားပါပဲ ...'

'ဟား ...ဟား ... ဒါနဲ့များ မင်းကသူနဲ့နီးအောင် အခက် အခဲရှိသလေးဘာလေးနဲ့ ... မင်းက ပိုက်ဆံရှိတာပဲ။ သူ့ကို ပိုက်ဆံ နဲ့ပေါက်ပြီး မင်းဘက်ကိုပါအောင် စည်းရုံးရမှာ ဘာများ ခက်ခဲမှာ မို့လို့လဲ ...'

'ဟင် ... ခင် ... ခင်ဗျား'

ဒေါသက ရင်ထဲမှာ ရှိန်းကနဲ တက်လာပြီး ...

'ခင်ဗျား ... ပြောတာက လမင်းက ပိုက်ဆံမက်တဲ့ မိန်းမလို့ ဆိုလိုတာလား'

'အေးလေ ... မဟုတ်ဘူးလား'

'တောက် ...'

ကျွန်တော် လှမ်းထိုးလိုက်သည်။ စားပွဲခုံကြားထဲတွင် ခံနေ ခြင်းကြောင့် မထိလိုက်။ ထိုလူ နောက်သို့ ကပျာကယာဆုတ်၍ သေနတ်ကို ထုတ်ကာ ...

'ဟေ့ကောင် … မင်းနော် … အရှေ့တစ်လှမ်းတိုးရင် ငါ အပစ်ပဲ'

ရင်ထဲတွင် ဒေါသတွေ ဗလောင်ဆူနေသောလည်း သေနတ်၏ အရှိန်အဝါကြောင့် ခန္ဓာကိုယ်ကို မနည်းပင် ချုပ်တီးထားရတော့သည်။

တော်တော် ဒေါသထွက်နေသော ကျွန်တော့်ကို ကြည့်၍ ထိုလူ အံ့ဩသင့်ဟန်ဖြင့် …

'ဒီလောက်လေး ပြောတာကို မင်းက ဘာဖြစ်သွားရတာလဲ'

'ဒီမှာ နောက်တစ်ခါ ခင်ဗျား ကျုပ်ချစ်သူကို စော်ကားတဲ့ စကားမျိုးပြောရဲပြောကြည့်၊ ကျုပ် ခင်ဗျားသေနတ်ကိုလည်း ဂရုစိုက်မယ် မထင်နဲ့ … ဟင်း'

ထိုလူတွေကနဲတစ်ချက် ဖြစ်သွားပြီး … ခေါင်းငြိမ့်ကာ ထိုင်ခုံပေါ်တွင် ပြန်ထိုင်လိုက်ပြီး …

'အိုကေ … ငါ သဘောပေါက်သွားပြီး၊ ငါက မင်းချစ်သူကို စော်ကားတာ မဟုတ်ပါဘူးကွာ၊ ဘယ်လိုပြောရမလဲ … ဖြစ်တတ်တဲ့ သဘောတရားရှိတယ်ဆိုတော့ …'

'တော်တော့် … ခင်ဗျား ဆက်မပြောနဲ့'

'ဟုတ်ပြီ … မင်းကောင်မလေးကို မင်းဘယ်လောက် ချစ်တယ်ဆိုတာ ငါနားလည်ပေးလို့ ရသွားပြီ'

သူ့ဘက်က ကျေအေးစကားကြောင့် ကျွန်တော် စိတ်ကို ပြန်လျှော့ချလိုက်သည်။ ဒါပေမယ့် ရင်ထဲမှာ တင်းကျပ်နေမှုက အရှင်း ပျောက်မသွား။

'ဟေ့ကောင် … ငါတို့ချင်း နားလည်မှု ရသွားပြီနော်'

'ထားလိုက်ပါတော့ …'

ကျွန်တော် ခုံတွင် ဝင်ထိုင်သည်။ သူကလည်း ဘာစကားမှ မပြော။ ကျွန်တော်ကလည်း စကားပြောချင်စိတ်မရှိ။ စက္ကန့်တော်တော်

များများ တိတ်ဆိတ်နေခဲ့သည်။ အတန်ကြာမှ သူ့ဘက်က လေသံအေးအေးဖြင့် ···

'ညီနေဝါ ··· မင်းစိတ်ပြေသွားပြီဆိုရင် ··· မင်းကောင်မလေးနဲ့ မင်းဘယ်လို စပြီးတွေ့ခဲ့တယ်ဆိုတာ ငါ့ကို ပြောပြလို့ရမလား ···'

'ခင်ဗျားက ··· ဘာကိစ္စ စပ်စုရတာလဲ'

'စပ်စုတာတော့ မဟုတ်ဘူးပေါ့ကွာ။ မင်းနဲ့ငါ ငြိမ်းချမ်းမှုရဖို့အတွက် ဒီအကြောင်းလေးတွေ ပြောပြရင် သင့်တော်မယ်လို့ ငါ ထင်တယ်။ ငါ ဝေဖန်ချင်လို့ နားထောင်ချင်တာ မဟုတ်ဘူးနော် ····၊ မင်းခံစားချက်ကို နားလည်ပေးချင်လို့ နားထောင်မှာ'

ကျွန်တော် ဆွေးခနဲ ဖြစ်သွားသည်။ လမင်းကို တမ်းတစိတ်တို့က ရင်ထဲတွင် မုန်တိုင်းထန်လာသည်။ လမင်းကို ဘယ်လောက်ချစ်ကြောင်း၊ ဘယ်လောက် သတိရကြောင်းကိုလည်း တစ်စုံတစ်ယောက်ကို ဖွင့်ပြောလိုက်ချင်သည့်စိတ် ဖြစ်လာသည်။

ဘေးနားမှာလည်း ဒီလူတစ်ယောက်ထဲအပြင် ဘယ်သူမှ မရှိ။ ဘာတဲ့ ··· ကိုယ့်ခံစားချက်တွေကို နားလည်ပေးချင်တယ်တဲ့။ မဖြစ်နိုင် ···။ ဒီကမ္ဘာပေါ်တွင် လမင်းကလွဲ၍ ကိုယ့်ရင်ထဲမှာ ဘာတွေရှိသလဲ၊ နားလည်ပေးမယ့်သူ တစ်ယောက်မှ မရှိနိုင်။ ဒါပေမယ့် လမင်းအကြောင်းကို ပြောနေရလျှင် သတိရခြင်းတွေ သက်သာသွားမည် ထင်သည်။

'ခင်ဗျား ··· တစ်ယောက်ယောက်ကို ချစ်ခဲ့ဖူးသလား'

ထိုလူ တွေကနဲ ဖြစ်သွားသည်။ ဆွေးကနဲဖြစ်သွားတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါသည်။

'မင်းဘာဖြစ်လို့ ဒီမေးခွန်းကို မေးတာလဲ'

'ခင်ဗျား ချစ်ခဲ့ဖူးမှ ကျုပ်ပြောမဲ့အကြောင်းတွေကို နားလည်နိုင်မှာပေါ့ ···'

'ဟင်း… ပြောပါ …၊ ငါသေသေချာချာကို နားလည်နိုင်ပါလိမ့်မယ် …'

'ဒါဆို … ခင်ဗျား ချစ်ခဲ့ဖူးတယ်ပေါ့'

ထိုလူ လေးလေးပင်ပင် ပုံစံဖြင့် ခေါင်းငြိမ့်ပြသည်။ ကျွန်တော် ပြုံးမိသည်။ ဒီလူ အသည်းတွေဘာတွေ ကွဲဖူးသည် ထင်သည်။ မျက်ဝန်းချင်း ဆုံမိကြစဉ် နှစ်ယောက်စလုံး ယဲ့ယဲ့လေး ပြုံးမိကြ၏။ ချစ်သူကို သတိရနေသောသူနှင့် အသည်းကွဲနေသူတို့ စကားတစ်ခွန်းမှ မပြောဖြစ်ဘဲ နားလည်မှုရှိသွားကြပါလေတော့သည်။

ကျွန်တော် မျက်စိထဲတွင် လမင်းကို မြင်ယောင်ပြီး …

နှုတ်ဖျားမှ လမင်းနှင့် ပတ်သက်ခဲ့သော အပြာရောင် အတိတ်ကို ပြန်ဖောက်သည်ချပါလေတော့သည်။

'ကျွန်တော်နဲ့ လမင်း စဆုံပုံက ဒီလိုဗျ …'

* * *

ကြယ်တာရာတွေကို သင်္ချာနည်းအရ ...
ပေါင်း၊ နုတ်၊ မြှောက်၊ စား ... လျှောက်လုပ်ကြည့်မိတယ်
နဝေတိမ်တောင်ပါပဲ။

အချစ်ဆိုတာကို ...
အိုင်စတိုင်းရဲ့ သီဝရီနဲ့ တွက်ကြည့်မိတော့ ...
ဟား ... အဆပေါင်းများစွာ အဆပေါင်းများစွာ ...
မယုံကြည်နိုင်လောက်အောင် ...
စွမ်းအားကြီးမားသွားတာပဲ ...

သေချာတယ် ...
သူ့ကို ချစ်မိတာနဲ့တင် ...
သေလောက်တယ်...

## အခန်း (၆)

(အပြာရောင်အတိတ် - ၁)

'တကယ်တော့ အနုပညာဆိုတာ 'လ…'လိုပဲကွ …'

'ခင်ဗျာ …'

'မောင်ရင် နားရှုပ်သွားတယ်နဲ့တူတယ် …၊ ဒီလိုကွ … 'လ' ‥ဆိုတာ တစ်လမှာ တစ်ရက်ထဲ ပြည့်ပြည့်ဝဝရှိတတ်တာမျိုး လေ၊ ဆိုလိုတာက လပြည့်ညပေါ့ကွာ …'

'ဪ …ဪ'

'အေး ရက်ပေါင်း သုံးဆယ်လုံးလုံး လပြည့်ည ဘယ်တော့မှရှိမလာသလို ငါတို့ အနုပညာမှာမှာလည်း အမြဲတမ်းကြီး ပြည့်ဝတဲ့ အနုပညာရသကို ဖော်ဆောင်နိုင်ဖို့ မဖြစ်နိုင်ဘူးကွ'

'အင်း … အင်း'

ကျွန်တော် ခေါင်းရှုပ်လာပြီ။ နားလဲ ထူလာပြီ။

ဒီရင်ငြိမ်းဆိုတဲ့ ကဗျာဆရာနဲ့မှ တည့်တည့်လာတိုးပေးသော ကံကြမ္မာကိုသာ မေတ္တာပို့မိတော့သည်။

ငတိက အထူအပါး နားမလည် ဆက်တော်ကီတွေ ပစ်သည်။

'ဥပမာ ··· ဇန်ဂိုးကို ကြည့်ကွာ'

သေလို့ အရိုးတောင် ဆွေးနေတဲ့လူကို ကြည့်စရာလား၊ ဟင့်အင်း ··· ကြည့်ဘူး။

'သူဆိုရင် ပန်ချီကားပေါင်း မြောက်များစွာ ဆွဲခဲ့တယ်၊ ဒါပေမယ့် ဒီပန်းချီကားတွေ အကုန်လုံး ကမ္ဘာကျော်ခဲ့သလားလို့ မေးခွန်းထုတ်ကြည့်ရင် အဖြေက နိုးပဲ၊ ဟုတ်တယ် မဟုတ်လား'

'အင်း ···'

'ကျော်ကြားခဲ့တဲ့ ပန်းချီကားတွေက လက်ချိုးရေတွက်လို့ ရတာကိုး'

စိတ်ပျက်လက်ပျက်ဖြင့်ပင် ခေါင်းကို ဆယ်ခါလောက် ငြိမ့်ပစ်လိုက်မိသည်။

'မောင်ရင် သိပ်သဘောမပေါက်သေးဘူးနဲ့ တူတယ်'

'ဟာ ··· မဟုတ်ဘူး၊ ပေါက်ပြီ ··· ပေါက်ပြီ တော်တော် သဘောပေါက်သွားပြီ'

ဟုတ်တယ် နောက်တစ်ခါ မဂ္ဂဇင်းတိုက်ကို ကဗျာလာပို့လျှင် ဒီလူ့ကို လုံးဝ(လုံးဝ) ရှောင်ကျင်ရမည်မှန်း ကောင်းကောင်းကို သဘောပေါက်သွားပြီ။

ဒါပေမယ့် ဘယ်လို ပြောပြော မရပါ။ မွေးရာပါ ရှည်ပုံရသော လျှာက ထပ်ဆက်သည်။

'အင်း ··· အနုပညာရဲ့ ဖြစ်တည်တဲ့ပုံကို မောင်ရင် သဘောပေါက်သွားပြီဆိုတော့ အနုပညာဆိုတာကို ရှင်းပြဖို့ ကိုယ့်တာဝန် ဖြစ်သွားပြီပေါ့ ···'

'ခင်ဗျာ ···'

သွားရှာပြီ။

ကိုယ့်ဘဝတော့ လုံးဝ ပြားပြားပြီး လေလုံးကြီးနဲ့ ဝင်ဆောင့် ခံရမှာတော့ ပြားပြီပေါ့။

မစ္စတာရင်ငြိမ်းကတော့ သူ၏ လေလုံး စစ်ဆင်ရေးကို စပြီ ဖြစ်သည်။ ပွမ်းမဝယ်လာမိခြင်းကြောင့် ကိုယ် ပက်ပက်စက်စက် ခံရပါလေတော့၏။

'မင်း … ဖေမြင့်ရဲ့ နှလုံးသားအာဟာရကို သိတယ် မဟုတ်လား'

'လူပျိုတော် ပတ္တမြားလားဟင်'

'အာ … ဘယ်ကလာ … စာအုပ်ကို ပြောတာကွ'

'သြော် …'

'မင်း ဖတ်ဖူးတယ် မဟုတ်လား'

မဖတ်ပါဘူးဟေ့ဆိုလျှင် အတွဲသုံးတွဲစလုံး တစ်ထိုင်တည်း ပြောမည့် သဘောမှာရှိသောကြောင့် … အလျှင်အမြန်ပင် …

'ဟာ … ဖတ်ဖူးတာပေါ့၊ သိပ်ကို ဖတ်ဖူးတယ်'

'အင်း … အင်း အဲဒီစာအုပ်ဟာဆိုရင်'

'ဟာ …ဘယ်ပြောကောင်းမလဲဗျာ၊ ကောင်းတာမှ အရမ်း ကောင်း'

သူ့စကားကိုယ်က ဖြတ်ပြောလိုက်ခြင်းကြောင့် နည်းနည်း တော့ ကြောင်တောင်တောင်ဖြစ်သွားသည်။ ဒါပေမယ့် ဘုရင့်နောင် ထုံး နှလုံးမူ၍ နောက်မတွန့်သွားပဲ …

'အင်း … အဲဒီစာအုပ်ဟာ … ဘယ်လို ကောင်းသလဲ ဆိုရင်'

'ပိုစိုးပက်စက်ကို ကောင်းတာပေါ့ဗျာ … ဟုတ်တယ် မဟုတ် လား'

'သြော် … အင်း … အင်း'

တင်လက်စနှင့် ဆက်တင်မှ ဖြစ်မည်။ နို့မိုလျှင် ကိုယ့်နား ဘဝတစ်ပါးသို့ ပြောင်းသွားနိုင်သည်။

ဒီတော့ …

'ကိုရင်ငြိမ်းပဲ စဉ်းစားကြည့်လေဗျာ'

'ဘာ … ဘာတုန်းဟ'

'ဩော် …အနုပညာဆိုတာ အဲဒါမျိုး ပိုးစိုးပက်စက်ကို အဓိပ္ပါယ် ပြည့်ဝနေရမယ်၊ ဟုတ်တယ် မဟုတ်လား'

'အင်း … အင်း … ဟုတ်တော့ ဟုတ်ပါတယ်'

ဟိုကုတ်ဒီကုတ်ဖြင့် ပြန်ဖြေခြင်း ဖြစ်သည်။

ကျွန်တော် လက်ဖျောက်တစ်ချက်တီး၍ …

'ဟား … ကြည့်စမ်း ကိုရင်ငြိမ်းက သဘောပေါက်လွယ်သားပဲ'

'အာ … ပေါက်တာက ပေါက် … တယ် … တယ်'

'အင်း … ဒါပေမယ့် ပြည့်ဝတဲ့ အနုပညာမှာ ပြဿနာ တစ်ခု ရှိတယ်ဗျ'

မင်းပဲ ပြောတော့ကွာ … ပုံစံဖြင့် လက်လျှော့လိုက်ပုံရသည်။

'ဟူး …ပြောပါဦးကွာ …၊ ဘယ်လို ပြဿနာလဲ …'

'ခင်ဗျာ … အိမ်သာ တက်ချင်နေလို့လား'

ကိုရင်ငြိမ်း ကြောင်တောင်တောင် ပုံစံဖြင့် …

'ဟား …မတက် … မတက်ချင်ပါဘူး'

'အင်း … အင်း … မျက်နှာက အီလည်လည်ဖြစ်နေလို့ မေးတာပါ …'

'ဒါ … ဒါက '

'ဟုတ်ပြီလေ …၊ မတက်ချင်ဘူးဆိုရင် ကျွန်တော် ဆက်ပြောမယ်၊ ဒီလိုဗျ …ပြည့်ဝတဲ့ အနုပညာတစ်ရပ်ကို လူတွေ ဘယ်လို သဘောထားကြသလဲ ဆိုရင် … ကားစပယ်ယာဘီးလို သဘောထား ကြတယ်ဗျ …'

'ဘယ်လို …စပယ်ယာဘီး ဟုတ်လား'

'Right မှန်တယ် …စပယ်ယာဘီး'

'ဟင် … အနုပညာနဲ့ ကားဘီး ဘာဆိုင်တာလို့လဲဟင်'

'ဩော် … ကိုရင်ငြိမ်းက သတိမှ မထားတာကိုးဗျ၊ ဒီလိုပါပဲ …၊ သတိမထားမိဘူးဆိုရင် ကိုယ့်မိန်းမတောင် ကိုယ်မြင်ချင်မှ မြင်တတ်တာမျိုး မဟုတ်လား'

'ဒါတော့ကွာ … မြင်ချင်စိတ်မရှိလို့ ဖြစ်မှာပါ …ဟီး'

မိန်းမကို တော်တော် သံယောဇဉ်ရှိပုံရ၏။

'ကဲ … ကဲ … ထားလိုက်ပါတော့၊ ကျွန်တော် ဆိုလိုတာက ဒီလိုဗျ၊ ကားတစ်စီးမှာ စပယ်ယာဘီးက အရေးကြီးသလား မကြီးဘူးလား'

'ဟာ …အရေးကြီးတာပေါ့၊ မတော်လို့ ဘီးပေါက်သွားရင် စပယ်ယာဘီးမပါလို့ကတော့ ဒုက္ခအရမ်းရောက်ရောပဲ …'

'ဒါဆို ဟုတ်ပြီ … အဲဒီ စပယ်ယာဘီးကို ကားရဲ့ ဘယ်နေရာမှာထားသလဲ'

'ဟ …နောက်မှာပဲ ထားတာပေါ့ကွ'

'ဟုတ်ပြီဗျာ …ကျွန်တော်လိုချင်တာလည်း အဲဒါပဲ'

ကိုရင်ငြိမ်း ကျွန်တော့်ကို ဘုကြည့်ကြည့်ပြီး …

'မင်းဟာ … ဘာလဲကွ၊ မရှင်းမရှင်းနဲ့'

'ကျွတ် …၊ ခင်ဗျား တော်တော် နားဝေးတဲ့လူပဲ'

'တင်း' သွားပုံရသည်။ တင်းပလေ့စေ။ ကိုယ့်အလှည့်တုန်းက နည်းတဲ့ နားဒုက္ခလား။

ကျွန်တော် ခပ်ပြုံးပြုံးဖြင့်သာ …

'ဒီလိုဗျ …၊ တကယ့် အနုပညာသမားတွေကို လူတွေက မရှိမဖြစ် လိုအပ်ပါတယ်လို့ လက်ခံထားတာတော့ မှန်တယ်၊ ဒါပေမယ့် ကားစပယ်ယာဘီးလိုပဲ အမြဲတမ်း အနောက်မှာပဲ ထားတတ်ကြတယ်'

ကိုရင်ငြိမ်းမျက်လုံး လက်ကနဲ ဖြစ်သွားပြီး …

'ဟာ … ကောင်းလိုက်တဲ့ ဥပမာကွာ'

ကျွန်တော် ခပ်ဖြေးဖြေးရယ်၍ …

'ကိုရင်ငြိမ်းလည်း တကယ့် အနုပညာသမားအစစ် ဖြစ်ချင်တယ်ဟေ့ … ဆိုရင် လူတွေနေရာပေးထားတဲ့ ဟိုးအနောက်ဘက် ခပ်ကျကျမှာပဲ ပျော်အောင် နေပေါ့ဗျာ'

ကိုရင်ငြိမ်း လုံးဝကို ငြိမ်သွားသည်။

သူသွားရမည့်နေရာ၏ နက်ရှိုင်းမှုကို ခန့်မှန်းနေပုံရသည်။ ကျွန်တော် အနောက်အယှက် မပေးချင်သောကြောင့် လက်ဖက်ရည်ဖိုးရှင်းဖို့ ပိုက်ဆံကို စားပွဲပေါ် အသာတင်၍ ထွက်လာခဲ့သည်။

ထိုနေ့က ကျွန်တော်အမှတ်မထင် နောက်ပြောင်မိခဲ့သော အဖြစ်အပျက်ကလေး တစ်ခုသည် ကိုရင်ငြိမ်း၏ အနုပညာရပ်ဝန်းကို လုံးဝပြောင်းလဲခဲ့ခြင်းဆိုသည်ကို ကျွန်တော် ထိုစဉ်ကတော့ လုံးဝ မသိခဲ့ပါ။

ကိုယ့်ဘာသာကိုယ် လက်ကျန်ပိုက်ဆံဖြင့် လက်ကျန် မနက်ဖြန်တွေကို ဘယ်လိုဖြတ်သန်းရပါမည်နည်းဟု စဉ်းစားရင်း ဗိုလ်အောင်ကျော် လမ်းမအတိုင်း လျှောက်လာခဲ့မိသည်။

ဒီလို ပိုက်ဆံနှင့် ပတ်သက်၍ တွက်ချက်တိုင်းသုံးနေရသော ကိုယ့်ဘဝကိုယ်တွေးရင်း ရယ်ချင်နေမိ၏။ မြန်မာနိုင်ငံ၏ အချမ်းသာဆုံး စာရင်းဝင်ဖြစ်သော သဌေးကြီးဦးနေဝါ၏ တစ်ဦးတည်းသောသားက ဒီလို ငွေကြေးကို အရှယ်စရောက်ကတည်းက တိုင်းတာ၍ သုံးစွဲခဲ့ရသည်ဆိုလျှင် မည်သူ ယုံမည်နည်း။

မယုံလည်း မတတ်နိုင်။ ကိုယ်ဖြစ်နေတာကိုက ယုံချင်စရာကိုမှ မရှိတာ။

အဲ … ကိုယ့်အဖေအကြောင်းကို သိသောသူတွေကတော့ ယုံကြမည်ပင်။

ဟုတ်သည်။

အဖေသည် ချမ်းသာသလောက် ကပ်စေးအလွန်နည်း …။ သူပေးသော အကြောင်းပြချက်ကတော့ အောက်ခြေက တက်လာသူ ဖြစ်သောကြောင့် ကပ်စေးနည်းရတာပါတဲ့။

သူဘာသာသူ အောက်ခြေကပဲတက်တက်၊ အပေါ်ကပဲ ခုန်ချ ခုန်ချ၊ ကြားထဲက ဒီအကျိုးတရားရဲ့ ဆိုးဝါးတဲ့ဒဏ်တွေကို ခံနေရတာ ကိုယ်နဲ့ အမေ။

သူ့မိန်းမ ကိုယ့်အမေကို တစ်လအတွက် အိမ်သုံးစရိတ်ဆိုပြီး ဘယ်လို ပေးသည် ထင်သနည်း။ ဆီဈေး၊ ဆားဈေး၊ ကြက်သွန်ဈေး စသည့် မီးဖိုးချောင်သုံး ပစ္စည်းအသေးအဖွဲလေးတွေမှစ၍ ကိုယ်တိုင် အပေါ်ဆုံးဈေးအထိ ကွင်းဆင်းလေ့လာပြီးမှ အတိအကျ တွက်ပေးသည်။

ဟင်းကလည်း တစ်ခွက်အပြင် ဘယ်တော့မှ ပိုချက်မရ။ ဒါက ထားတော့။ အိမ်တွင်း ကိစ္စဖြစ်သောကြောင့် ကိုယ်ဘာသာကိုယ် ဒီဆန်မကောင်း ဟင်းမကောင်းတွေကို ကြိတ်တွယ်လို့ရသည် ထား။

အဓိကပြဿနာက ကိုယ့်အပြင်သုံးစရိတ်ဖြစ်သည်။ ကိုယ်က နိစ္စဒူဝ ကျောင်းတက်နေရတဲ့သူ။ ကျောင်းအသွားအပြန်ကိုတော့ ကားနဲ့ အကြိုအပို့ လုပ်ပါရဲ့။

အဲ … ပေးတဲ့ မုန့်ဖိုးက တစ်နေ့ ၂၀၀ စဉ်းစားကြည့်၊ ၂၀၀ ဆိုသော ပိုက်ဆံသည် တော်တော်ကိုးလို့ကန့်လန့်နိုင်သော ပိုက်ဆံ ဖြစ်သည်။

ဥပမာ လက်ဖက်ရည်ဆိုင်ထိုင်ပြီ ဆိုပါတော့။ လက်ဖက်ရည် တစ်ခွက်ကို ၂၀၀။ ကဲ… ကိုယ့်မှာပါတဲ့ပိုက်ဆံ ပြတ်ကရော …၊ ဘယ်ယောကျ်ားလေးက လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် တစ်ခွက်မှာပြီး ငုတ်တုတ်ထိုင်ချင်မှာလဲ။

အနိမ့်ဆုံး ဆေးပေါ့လိပ်လေးတစ်လိပ်လောက်တော့ ဖွာချင်

တာပေါ့။ ဒါမှ ပြီးပြည့်စုံတဲ့ လက်ဖက်ရည်ဆိုင်ထိုင်ခြင်း အရသာကို ခံစားလို့ ရမှာကိုး။

ကျောင်းစတက်ချင်း အပေါင်းအသင်း မရှိခင်တုန်းက ဘယ်လို နေထိုင်ခဲ့ရသည် ထင်သနည်း။

ဒီနေ့ ရသည့် မုန့်ဖိုးကို ဆေးလိပ်ဝယ်ရသည်။

အဲ ... နောက်နေ့ကျမှ ရတဲ့ မုန့်ဖိုးကို လက်ဖက်ရည်ဖိုး အတွက် ရှင်း၍ မနေ့က ဝယ်ထားသော ဆေးလိပ်ကို သောက်ရသည်။

ဒီလို ပုံစံနဲ့ တစ်ရက်ခြား လက်ဖက်ရည်ဆိုင်ထိုင်ခဲ့ရသည် ဆိုပါတော့။

အဲ ... နောက်မှ အပေါင်းအသင်းလေးဘာလေး ရလာတော့ သူတို့ ကောင်းမှုဖြင့် နေ့တိုင်းနီးပါး ဆိုင်ထိုင်ဖြစ်တော့သည်။

ကိုယ့်အပေါင်းအသင်းတွေထဲမှာ ဆိုက်ကားသမား၏သားလည်း ပါသည်။ ဝန်ထမ်းသားသမီးတွေလည်း ပါသည်။ ဈေးရောင်းသော မိခင်ဖခင်တို့၏ သားသမီးတွေလည်း ပါသည်။ ဒီလို မချမ်းသာသော မိသားစုမှ ပေါက်ဖွားလာကြသူတွေ မှန်ပေမယ့် ကိုယ့်ထက် ငွေကြေးကို သုံးစွဲနိုင်ကြသည်။ ထို့ကြောင့် ကိုယ့်ကို အမြဲတစေ ဒကာခံကြသည်။

စဉ်းစားကြည့်လျှင် ရယ်စရာတော့ ကောင်းသည်။ မြန်မာနိုင်ငံတွင် အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီးရဲ့ သားကို ဆိုက်ကားနင်းစားသူ၏ သားက နေ့စဉ် လက်ဖက်ရည် တိုက်ခဲ့ပါသည်။ တော်တော်အဆီအငေါ်မတည့်သော ကိစ္စဆိုပေမယ့် ဖြစ်ခဲ့တာကတော့ တကယ်ပင်။

တစ်ခု ကံကောင်းတာက ကိုယ်က စာလေးပေလေး ဝါသနာပါသည်။ ဒီတော့ အပေါင်းအသင်းတွေကြားထဲမှာ ခေါင်းတစ်လုံးပိုမြင့်နေ၏။

သူတို့ထက် ကိုယ်က စာဖတ်အား ပိုကောင်းသွားတာကိုး။

ဒီတော့သူတို့ကြားမှာ အတိုင်ပင်ခံလိုလို၊ ဘာလိုလို ဖြစ်နေခြင်းကြောင့်သာ မျက်နှာမငယ်ရခြင်းဖြစ်သည်။

ကိုယ်ဖြတ်သန်းခဲ့ရာ တက္ကသိုလ်ကျောင်းသားတစ်လျှောက်လုံး ငွေရေး၊ ကြေးရေးကိစ္စနှင့် ပတ်သက်၍ ပြဿနာကြုံရတိုင်း အဖေ့ကို စိတ်ခုခဲ့မိသည်မှာ အမှန်ပါ။

ပြောရရင် ပြဿနာတစ်ခုက ယမ်းမှုန့်တစ်မှုန့်ဟုဆိုလျှင် ပြဿနာပေါင်းများစွာ ကြုံတွေ့ခဲ့ရခြင်းကြောင့် ယမ်းမှုန့်ပေါင်းများစွာ ဖြစ်တည်ပြီး ရင်ထဲတွင် ပေါက်ကွဲရန် အသင့်ဖြစ်နေခဲ့သည်ဟု ဆိုရပါလိမ့်မည်။

ထိုယမ်းအိုးကြီး ပေါက်ကွဲခြင်းသည် ကိုယ်ဘွဲ့ရပြီးသည့်အချိန်တွင် ဖြစ်သည်။

ပြဿနာက အဖေခင်းပေးမည်ဆိုသော လမ်းမှာ ကိုယ်က မလျှောက်ချင်တော့ဘဲ ကိုယ့်လမ်းကိုယ်ဖောက်လာလိုခြင်း ပြဿနာပင် ဖြစ်သည်။

ပြဿနာက အလွန်ရိုးစင်းပါသည်။ သို့သော် ပေါက်ကွဲမှုအားကတော့ တော်တော်ပြင်းသည်။

'ဟော့ကောင် … မင်းစီးပွားရေးသမားပဲ လုပ်ရမယ်'

'ဟင့်အင်း … သား အနုပညာသမားပဲ လုပ်မယ်အဖေ'

'ဘာကွ … အနုပညာသမားလုပ်မယ်ဟုတ်လား …၊ ဘာလဲ မင်း သူတောင်းစားဖြစ်ချင်နေတယ်ပေါ့ ဟုတ်လား'

ကျွန်တော် ဖျစ်ညစ်ပြီး ရယ်ချလိုက်၍ …

'ဟင်း … ဟင်း… သူများ ပေးစာကမ်းစာနဲ့ သားသူတောင်းစားသာသာ ဖြစ်နေတာ ကြာပါပြီ အဖေ။ အနုပညာသမားလုပ်လို့ သူတောင်းစားစစ်စစ် ဖြစ်သွားမယ်ဆိုရင်လည်း အဖြစ်ခံလိုက်ပါတော့မယ် …'

'ဘာ …မင်း … မင်း …မိဘကို ခွေးလို ပြန်ခဲကိုက်တဲ့

ကောင် ···၊ မင်း ··· အခုချက်ချင်း ငါ့အိမ်ပေါ်က ဆင်းစမ်း'

'ဟုတ်ကဲ့ ···'

ဒီမှာတင် အဖေနှင့် သားအကြားမှာရှိသော သံယောဇဉ်က ပြတ်သလောက် ဖြစ်သွားခဲ့သည်။

အိမ်ပေါ်က ဆင်းလာတော့ အဝတ်အစားအနည်းငယ်နှင့် အမေကြိတ်၍ပေးလိုက်သော ရွှေဆွဲကြိုးလေးတစ်ကုံးသာ ပါလာခဲ့သည်။

ဒီဆွဲကြိုးကလည်း အမေနှင့် အဖေ အိမ်ထောင်မကျခင် ကတည်းက ရှိနှင့်သော အမေ့ကိုယ်ပိုင်ပစ္စည်းမို့လို့ ယူလာတာပါ။

သားအဖအကြား တင်းမာမှုအတွက် မျက်ရည်လည်နေရှာသော အမေ့အတွက်တော့ တကယ့်ကို စိတ်မကောင်းမိ။

စိတ်မကောင်းဖြစ်မိရုံမှအပ ကိုယ်ကလည်း ဘာမှ မတတ်နိုင်တော့။

ဒီတစ်ခါ အဖေ့ကို အလျှော့ပေးလိုက်လျှင် ကိုယ်တစ်သက်လုံး မလုပ်ချင်သော အလုပ်တွေကို လုပ်နေရပေလိမ့်မည်။

အမေပေးလိုက်သော ဆွဲကြိုးလေးကို ရင်နှာနှာဖြင့် ထုခွဲကာ သူငယ်ချင်းတစ်ယောက်အကူအညီဖြင့် တောင်ဥက္ကလာတွင် ဈေးပေါပေါဖြင့်ရသော တိုက်ခန်းလေးတစ်ခန်း ငှားသည်။ ပြီးတော့ ကိုယ်ရေး၍ စုဆောင်းထားသော ကဗျာကလေးတွေ၊ စာတိုပေစလေးတွေကို မဂ္ဂဇင်းတိုက်မှန်သမျှကို လိုက်ပို့ပစ်လိုက်သည်။ အရွေးခံရတာလည်း ရှိသည်။

အပယ်ခံရတာကတော့ ပိုများသည်။ အရွေးခံရပြန်လျှင်လည်း စာမူခက ဘယ်လောက်မှ မရှိ။ စားဝတ်နေရေး ရပ်တည်ဖို့က တော်တော်ကို ခဲယဉ်းသည်။

ဒါပေမယ့် စိတ်မပျက်ပါ။ လက်လည်း မပျက်ပါ။

ဆက်ရေးသည်။ ကောင်းသထက်ကောင်းအောင် အပင်ပန်းခံ

၍ရေးသည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင် တစ်ခုခုတော့ ဖြစ်လာနိုင်ကောင်းပါမည်။

ဒါက ကျွန်တော်လက်ရှိ ဖြတ်သန်းနေရသော ဘဝအကျဉ်း။

အောက်မေ့ဖွယ်ရာ မကောင်းသော အတိတ်ကို ပြန်စဉ်းစား၍ အိတ်ကပ်ထဲတွင် မနက်ဖြန်တစ်ရက်အတွက်သာ ကျန်တော့မည့် ပိုက်ဆံအတွက် ရင်လေးလေးဖြင့် လမ်းလျှောက်လာစဉ် …

'အဟီး … အဟီး … သားကို အိမ်ပြန်ပို့ပေးပါ'

'ဟဲ့ … ငါက နင့်အိမ်မှမသိဘဲ ဘယ်လိုလုပ်ပြီး ပြန်ပို့ပေးရမှာလဲ'

ကိုယ်နှင့် မဆိုင်သော်လည်း အသံကြားရာကို မျက်စိက ရောက်သွားသည်။

ခပ်လှလှကောင်မလေးတစ်ယောက်နှင့် ခပ်ငယ်ငယ် ချာတိတ်ပေါက်စလေး ပေါင်းနှစ်ယောက်။

ချာတိတ်ကလေးက ကောင်မလေး၏ ထဘီစကို မလွတ်တန်းကိုင်ထား၍ တစ်ခုခုကို ဂျီကျနေပုံရသည်။ ဒါကို ကောင်မလေးက အလိုလိုက်ချင်ပုံမရဘဲ စိတ်ရှုပ်နေဟန်ရှိ၏။

သားအမိထင်သည်။ ကောင်မလေးကြည့်ရတာ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျထားပုံရ၏။

'အင်း … ရုပ်ကလေးက သမားကမားကလေးနဲ့ နှမြောစရာကွာ …'

နောက်မှ ထိုအတွေးကြောင့် ကိုယ့်ဘာသာကိုယ် ပြန်ရယ်ချင်မိသွားသည်။ သူ့ဘာသာသူ အိမ်ထောင်စောစောစီးစီးကျတာ ကိုယ်နဲ့ဘာဆိုင်လဲပေါ့။ ထိုသို့ ကိုယ့်ဘာသာ အလိုအလျောက် နှမြောတွန့်တိုသွားသောစိတ်ကို ပြန်လည် ချိုးနှိမ်ရင်း ထိုသားအမိဘေးမှ ကပ်လျှောက်လိုက်စဉ် …

'ဟီး … ဟီး … သားအိမ်ပြန်ချင်တယ်'

'ဪ ··· စိတ်ညစ်ရပါလားနော် ···ဒီကလေးနှယ်'

ကလေးအမေ၏ စိတ်ရှုပ်စွာ ငြီးတွားသံကြောင့် ကျွန်တော် အသာကြိတ်ပြုံးမိသည်။

'ဒီမှာ ··· ဒီမှာ ဟိုလူကြီး ခဏ ··· ခဏ'

ကလေးအမေ ကောင်မလေးရဲ့ အသံပါ။

ကိုယ့်နာမည်က ဒီမှာ ··· ဒီမှာလည်း မဟုတ်။ ပြီးတော့ ဟိုလူကြီးလည်း မဟုတ်သဖြင့် ခဏဆိုသည့်အကြောင်းအရာက ကိုယ်နှင့် မသက်ဆိုင်နိုင်။ ထို့ကြောင့် ကိုယ့်လမ်းကိုယ် ဆက်လျှောက်သည်။

သို့သော် နောက်မှ ဆက်ထွက်လာသော အသံကြောင့် ခြေလှမ်းကို မတန့်ချင်ဘဲ တန့်လိုက်ရသည်။

'ဟို ··· လွယ်အိတ်အစုတ်နဲ့ ဟော့လူကြီး၊ ဪ နားပင်းနေလား မသိပါဘူး ဒုက္ခပဲ'

ကိုယ့်လွယ်အိတ်ရဲ့ နာမဝိသေသနကို အတိအကျ ထုတ်ဖော်ပြီး ခေါ်မှတော့ ကိုယ့်ကို ခေါ်တာ ဖြစ်မည်။ ပြန်လှည့်၍ ···

'မင်း ··· ငါ့ကို ခေါ်တာလား'

'ဟုတ်တယ်၊ ရှင် ကြားတယ် မဟုတ်လား'

'ဟ··· ကြားတယ်လေ'

'ဒါဆို ··· ဘာလို့ ချက်ချင်း ပြန်မထူးရတာလဲ'

ဟောဗျာ ··· တစ်မျိုးပါလား။ အသလွတ်ကြီးကို ရန်လာတွေ့နေတယ်။

'နေစမ်းပါဦး၊ မင်းက ဘယ်သူလဲ'

'ရှင်က ဘာကိစ္စ သိချင်နေရတာလဲ ···'

'အာ ···'

ဒီကောင်မလေး တမင်ရန်ဖြစ်ချင်လို့များ ကိုယ့်ကို ခေါ်သလားမသိ။

'ဒီမှာ ··· မင်းကို ငါမသိဘူး'

'ကျွန်မကလည်း ရှင့်ကို သိပါတယ်လို့ ပြောနေလို့လား'

'ကျွတ်'

တော်ပြီ။ ကိုယ့်လမ်းကိုယ် ဆက်သွားတာပဲ ကောင်းလိမ့်မည်။ ထိုဆုံးဖြတ်ချက်ဖြင့် လှည့်အထွက်တွင် ...

'အို ... ရှင့်ကို ဘယ်သူက သွားခိုင်းနေလို့လဲ'

မရတော့။ နည်းနည်းတော့ တရားလွန်နေပြီ။

'ဟော့ ... ဒီမှာ ...မင်း ငါ့ကို ရန်လာမစနဲ့နော်'

'အို ... ရှင့်ကို ဘယ်သူက ရန်စနေလို့လဲ။ ဒီမှာ အကူအညီတောင်းမလို့ဟာကို ...'

'ဟ ... မင်း အကူအညီတောင်းမဲ့လေသံက ကိုယ့်ဘာသာကိုယ်ပြန်စဉ်းစားကြည့်လေ'

'ဒါက ... ဒေါသထွက်နေလို့ရှင့်'

'ဘယ်လို ...'

'ဟုတ်တယ် ...၊ ရှင်နဲ့လည်း ဆိုင်ကို ဆိုင်တယ်'

ကျွန်တော် စိတ်ဝင်စားမိသွားသည်။ သူတို့ သားအမိချင်းဖြစ်နေသော ကိစ္စအား ကိုယ်နှင့်ဘာဆိုင်သနည်း။

'ဆိုစမ်းပါဦး၊ ငါနဲ့ ဆိုင်တဲ့ကိစ္စက ...'

သူမက တရှုံ့ရှုံ့ငိုနေသော ကလေးကို လက်ညှိုးထိုးပြ၍

'ဒီကလေးကိစ္စ'

'ဟာ ...'

ကျွန်တော် အံ့ဩသင့်မိသွားသည်။

သူမ ထပ်ပြောသော စကားက ခေါင်းပါကြီးသွားပါလေတော့သည်။

'ဒီကလေးက သူ့အဖေနာမည်ကို မသိဘူးရှင့်'

'မင်းပြောပြလိုက်ပေါ့ကွာ ...'

'အို့ ... ကျွန်မမှ မသိတာ'

စဉ်းစားကြည့်လေ သူ့ယောကျ်ားနာမည်တောင် သူမသိဘူး ဆိုပါလျှင် ဘာလဲဟ .. ဘာလဲဟပေါ့။ တောက် ရုပ်ရည်ကလေး သနားကမားနဲ့ကွာ ... ဖြစ်မှ ဖြစ်ရလေ။

'ဟင်း ... ကဲပြော ဒီကိစ္စကို ငါက ဘယ်လို ကူညီပေး ရမှာလဲ'

'ဒီကလေးကို ရှင်ခေါ်သွားလိုက်ပေါ့။ ကျွန်မလည်း အရေး တကြီး သွားစရာကိစ္စ ရှိသေးတယ်'

ထိုသို့ပြောပြီး သူမထွက်သွားဟန်ပြင်တော့ ကျွန်တော် အလန့် တကြားဖြင့် ...

'ဟာ ... ဟေ့ ... ဟေ့ နေဦးလေ၊ မင်း ဒီလို လုပ်လို့ ရမလားကွ'

ထိုကောင်မလေး ပြန်လှည့်၍ စိတ်မရှည်ဟန်ဖြင့် ...

'ကျွတ်ပြော ... ဘာပြောစရာ ရှိသေးလို့လဲ'

ပြောပုံကိုက ထရိုက်ချင်စရာ ...

'မင်းကွာ ... တော်တော် ခက်တာပဲ၊ မွေးတုန်းက မွေးထား ပြီးတော့'

'ဘာရှင့် ... ဘာပြောတယ်'

'ဘာရှင့် ...၊ဘာတွေ လာလုပ်မနေနဲ့ ...၊ မင်းမွေးထားတဲ့ ကလေး မင်းဘာသာ ပြန်ခေါ်သွား'

ထိုကောင်မလေး ဆွေ့ဆွေ့ခုန်သွားသည်။

ကလေးကတော့ အငိုတိတ်၍ ကျွန်တော်တို့နှစ်ယောက်ကို မျက်လုံးကလေး ကလယ်ကလယ်ဖြင့် လိုက်ကြည့်နေရှာသည်။

'ရှင် ...ရှင်နော် ... စကားပြောတာ ကြည့်ပြော'

'ငါ ... မျက်စိမှိတ်ပြောတာ မင်းမြင်လို့လား၊ ဟွန်း...'

ဟုတ်တယ်။ 'တင်း'လာပြီ။ ကိုယ့်ကလေးကိုယ် မမွေးဘဲ သူများဆီမှာ လက်လွှတ်စပယ် ထားသွားစရာလား ...။

ထိုကောင်မလေး၏ ပေါက်ကွဲမှုက ဆက်လက် ပြင်းထန်လာသည်။

'ဒီကလေးက ကျွန်မနဲ့ ဘာမှ မဆိုင်ဘူးရှင့်'

ဟော့ကြည့် ပြောင်ကြီးကို လိမ်တော့တာပဲ …

'မင်းကွာ … ပြောရက်လိုက်တာ …ဘာပဲဖြစ်နေနေ ဖအေကိုစိတ်နာတာနဲ့ သားသမီးကိုစွန့်ပစ်မကောင်းပါဘူးကွာ … '

ကိုယ်က လေပြေကလေးနဲ့ ပြောတာပါ။

ဒါပေမယ့် သူ့ဘက်ကတော့ မုန်တိုင်းထန်သွားသည်။

'ရှင် မိုက်ရိုင်းလှချည်လား … ကျွန်မကအပျိုရှင့်အပျို … ဒီကလေးက ကျွန်မနဲ့ဘာမှလဲမဆိုင်ဘူး … သိလဲမသိဘူး …'

'ဟော … '

မျက်စိ ကိုလည်သွားချေပြီ။

'ဟာ … ဒါဆို ဒီကလေးက မင်းနဲ့ဘာတော်လဲ '

'ဘာမှ မတော်ဘူး … ကျွန်မဘာသာလမ်းလျှောက်လာတာ ဒီကလေးက လက်ကိုအတင်းဆွဲပြီး … သူ့အိမ်ကို ပြန်လိုက်ပို့ပေးပါလို့ပြောနေလို့ရှင့် …'

လည်နေသောမျက်စိ နေရာမှန်ကိုပြန်ရောက်သွား ချေပြီ။ နားလည်သွားချေပြီ။ ဒီကလေးနဲ့ သူနဲ့က သိလဲမသိ ဆိုင်လဲမဆိုင်။ ပြီးတော့ သူမအပျိုဖြစ်ကြောင်းကိုပါ ရောင်တခွင်သိခွင့် ရခဲ့သည်။ အင်း … ကောင်းလေစွ … ကောင်းလေစွ ။

'ရှင် … သဘောပေါက်သွားပြီဆိုရင် ကျွန်မသွားတော့မယ်။

'ဒီလိုလုပ်လို့ ရမလားကွ … ဒီကိစ္စကငါနဲ့လည်း ဆိုင်မှ မဆိုင်တာဟာလို့ … '

ကောင်မလေး မျက်နှာပေါ်တွင် စိတ်ရှုပ်ထွေးဟန် ပေါ်လာသည်။ ပြီးမှမျက်နှာကို တင်းလိုက်ပြီး …

'အို … ဘာလို့ မဆိုင်ရမှာလည်း ဆိုင်တာပေါ့'

'ဟ … ဘာကို ဆိုင်ရမှာလဲကွ၊ ငါ့ဘာသာ လမ်းသွားနေတာကို မင်းလာခေါ်တာလေ …'

'ကျွန်မတုန်းကလည်း ကိုယ့်ဘာသာကိုယ် လမ်းသွားနေတာကို ဒီကလေးက လာခေါ်တာလေ'

'အာ … မဟုတ်သေးပါဘူး'

စွာတေးမလေးက လက်ခံဟန်မတူ။

'ဘာကို မဟုတ်ရမှာလဲ၊ ရှင်ပဲ စဉ်းစားကြည့်၊ ကျွန်မလည်း ကျွန်မလမ်း ကျွန်မ သွားတာပဲ၊ ရှင်လည်း ရှင့်လမ်းရှင်သွားတာတော့ မှန်ပါတယ်၊ ဒါပေမယ့် … ဒီမဆီမဆိုင်ကိစ္စကို မိန်းမသားဖြစ်တဲ့ ကျွန်မက ခံရမယ်ဆိုတာတော့ တရားလား၊ ကဲ … ဆိုင်ချင်ဆိုင် ယောကျ်ားလေးဖြစ်တဲ့ ရှင်ကသာ အနစ်နာခံသင့်တာပေါ့'

နဝေတိမ်တောင်ဖြစ်သွားမိသည်။ သူပြောတာက တရားနည်းလမ်းကျသလို ဘာလိုလို ဖြစ်နေတာကိုး။

ခေါင်းကို ဖြင်းကနဲပင် ကုတ်မိလိုက်သည်။ ပြဿနာက အသားလွတ်ကြီး ကိုယ့်ခေါင်းပေါ် ရောက်လာတာကိုး။

'မင်းဟာက မဟုတ်သေးပါဘူးကွာ၊ တကယ်[illegible] ပြောရရင် ဒီကလေးနဲ့ ပထမဆုံး စတွေ့တာ မင်းပဲလေ …'

'အို … ဒါနဲ့ ဘာဆိုင်လဲ'

'ဘာလို့ မဆိုင်ရမှာလဲ၊ ဥပမာကွာ … မင်းက ငါ့[illegible]က သွားရင်းနဲ့ ပိုက်ဆံတစ်ထောင် ကောက်ရတယ်ဆိုပါစို့၊ အဲဒီပိုက်ဆံကို နောက်ကပါလာတဲ့ ငါ့ကို ရှင်နဲ့လည်း ဆိုင်ပါတယ်ဆိုပြီး တစ်ဝက်လာပေးမှာ မို့လို့လား၊ ကဲ …ပြော'

ကောင်မလေး တွေကနဲ ဖြစ်သွားပြီး …

'ရှင်နော် … မဟုတ်တဲ့ ဥပမာတွေပေးပြီး လာခေါင်းမရှောင်နဲ့'

'ငါ ခေါင်းရှောင်ချင်လို့ ပြောတာ မဟုတ်ဘူး၊ တကယ် တမ်းဖြစ်သင့်တာကို ပြောပြနေတာ၊ ကဲပါလေ … မင်းသွားစရာ ရှိတယ်ဆိုရင်တော့ သွားတော့၊ ဒီကလေးလေးကိစ္စကို ငါပဲ ကြည့်ပြီး ဖြေရှင်းပေးလိုက်ပါ့မယ်'

ဒီလိုကျတော့လည်း ထွက်မသွားသေးဘဲ ကိုယ့်ကို မသင်္ကာ ကြည့်ကြည့်ပြီး …

'ရှင်က … ဘယ်လို ဖြေရှင်းပေးမှာလဲ'

'ဒါက ငါ့ကိစ္စပါ၊ မင်းဘာသာမင်း သွားစရာရှိတာသာ သွား တော့'

'ဟင့်အင်း … မသွားတော့ဘူး'

'ဟော့ဗျာ … ဘာဖြစ်သွားရပြန်ပြီလဲ'

ခုနတုန်းကတော့ သူပဲ သွားမယ် တကဲကဲ လုပ်နေပြီးတော့ ခုကျမှ ဘာဖြစ်ရပြန်ပြီလဲ မသိ။

'ရှင် လူကောင်းမဟုတ်ရင် ဒီကလေး ဒုက္ခရောက်သွားမှာ ပေါ့၊ ဒါ့ကြောင့် ကျွန်မလည်း မသွားတော့ဘူး'

ဒီတတိမ တော်တော် လွန်လာပြီ။

'ဥပမိရုပ်ကြည့်ပြီး ငါလူကောင်းလား၊ လူဆိုးလားဆိုတာကို မင်း မခွဲခြားတတ်ဘူးလား … ဟင်း'

'အိုး … ပြောလို့ရမလား၊ ဒီလို ရုပ်ကလေး ဖန်းပြပြီး လုပ်စားနေတဲ့ လူတွေ တစ်ပုံကြီး'

'ဟော့ဗျာ …'

သူပြောတာနှင့် ကိုယ်တောင် ဘယ်နေရာ ရောက်သွားမှန်း မသိ။

ဒါပေမယ့် ဒီစကားတွေ ပြောတာကလည်း ကလေးတစ်ခုခု ဖြစ်သွားမှာစိုးရိမ်သော စိတ်အခြေခံကြောင့်ဆိုတာကို ကိုယ်နားလည်မိ သွားခြင်းကြောင့် ဘာမှ ဆက်ပြောမနေချင်တော့။

'ကဲ ··· ဒါဆို မင်းမသွားတော့ဘူးဆိုရင်လည်း ငါသွားတော့မယ်'

'ရမလား ···'

'ဟော့ဗျာ မရပြန်ဘူးလား ···'

'မရဘူး ···'

ဒါဆို သူနှင့်ကိုယ်နှင့်အတူတူ ဒီကလေးကိစ္စကို ဖြေရှင်းရမည်ဆိုသည့် သဘောပေါ့။ ရင်တွေ ဘာတွေတောင် ခုန်ချင်လာသည်။

'မင်း ··· ဒီကလေးကို ဘာတွေ မေးပြီးသွားပြီလဲ ···'

'အကုန်မေးပြီးပြီ'

'အကုန်ဆိုတာက'

'စိတ်မရှည်ဟန်ဖြင့် ···

'လိပ်စာရော ··· အဖေ၊ အမေနာမည်ကိုရော မေးပြီးသွားပါပြီသတဲ့ရှင် ··· ဟင်း'

'ဘာပြောလဲ···'

'ဘာမှ မသိဘူးတဲ့···'

'ဟာ ··· တော်တော် 'အ' တဲ့အကောင်ပဲ'

'ရှင်နော် ··· ကလေးကို ဒီလို မပြောနဲ့'

ဒီလိုကျတော့လည်း အပြောမခံ၊ ဟွန်း··· သူမွေးထားတာကျနေတာပဲ။ ထို့ကြောင့် ကလေးထံမှသတင်းအစအနလေးများ ရလိုရငြားဖြင့် ···

'သား ··· မင်းနာမည် ဘယ်လိုခေါ်သလဲ ···'

သိဘူးလား ··· ဂျစ်တူးလားမသိ မပီကလာပီကလာဖြင့် ပြန်ဖြေသည်။ ဒီပုံစံအတိုင်းဆိုလျှင် ဘာမှသိဖို့မလွယ်···။

သူမ မေးပြီးပြီဆိုတာကို ကိုယ်က ထပ်မေးသဖြင့် မျက်စောင်းလှမ်းထိုးသည်။ အပါးပါး ပြင်းလိုက်တဲ့ မျက်စောင်း။ ရင်ဘတ်ကို ထုတ်ချင်းခတ်သွားသလားတောင် ထင်ရသည်။

'ကဲ …ဒါဆိုရင် ခုဘယ်လို လုပ်ကြမလဲ'

သူမ မေးတာပါ။ ကျွန်တော်ကလည်း ခပ်ရှင်းရှင်းပဲ ပြန်ဖြေပေးလိုက်သည်။

'ရဲစခန်းကို ပို့လိုက်မယ် …'

'ဘာ …ဒီကလေးကိုလား …'

'အင်း … လေ'

'ရှင်နော် … မဟုတ်တာ မပြောနဲ့၊ ကလေးက ခုမှ ငယ်ငယ်ကလေးပဲ ရှိသေးတာ …၊ ဘာအပြစ်လုပ်ထားလို့ ရဲစခန်းကို ပို့ရမှာလဲ … ဟွန်း'

တလွဲကတွေးပြန်ပြီ။

'ဟ … ရဲစခန်းဆိုတာ လူဆိုးဖမ်းဖို့အတွက်ပဲ သီးသန့်ဖွင့်ထားတာ မဟုတ်ဘူးကွ …၊ လူကောင်းတွေကိုလည်း အကူအညီပေးနိုင်ဖို့အတွက် ဖွင့်ထားတာ နားလည်လား'

ထိုကောင်မလေး သဘောပေါက်သွားလို့လား၊ ဒါမှမဟုတ် ရဲစခန်းတိုင်းမှာ ချိတ်ဆွဲထားသော ကူညီပါရစေဆိုတဲ့ ဆောင်ပုဒ်ကို မျက်စိထဲ ပြေးမြင်သွား:လို့လား မသိ။ ငြိမ်တော့ ငြိမ်သွားသည်။

'ကဲ … ဘယ်လိုလဲ၊ မင်းပါ ရဲစခန်းလိုက်ခဲ့မလား'

သေချာဆုံးဖြတ်လိုက်ဟန်ဖြင့် … နှုတ်ခမ်းကို ကိုက်ကာ

'လိုက်မယ် …'

(မှတ်ချက် … ထိုပုံစံလေးသည် တော်တော် ချစ်စရာကောင်းသည်)

ထိုသို့ ညှိနှိုင်း၍ အဆင်ပြေသွားသောအခါ ကလေးလက်ကို တစ်ယောက်တစ်ဘက်ဆွဲ၍ ရဲစခန်းရှိရာသို့ လမ်းလျှောက်လာကြပါတော့သည်။

ဘေးလူမှရုတ်တရက်ကြည့်လျှင် မိသားစုလေးတစ်စုဟု မြင်နိုင်ပါလိမ့်မည်။ ကျွန်တော်က သူ့အဖေ၊ သူမက အမေ၊ အလယ်က

သားသားလေးပေါ့၊ ဟီး ··· ဟီ တကယ်ဆိုလျှင် ဘယ်လောက်ကောင်းလိုက်မည်နည်း။

ထိုအတွေးကြောင့် ကျွန်တော် သူမကို မလုံမလဲဟန်ဖြင့် နိုးကြည့်မိလိုက်သည်။

ဘာကြောင့်မှန်းမသိ။ သူမ မျက်စောင်းလှမ်းထိုးသည်။

ထို့ကြောင့် ကျွန်တော်လည်း ဘာကြောင့်မှန်းမသိ ရယ်ပြလိုက်မိပါတော့၏။

'ဟွန်း ···'

'ဟီး ···'

နွေးထွေးလိုက်တာ ။ ကိုယ့်အတွေးနဲ့ ကိုယ်ပြောပါတယ်။ ဒါပေမယ့် ဒီလို ငြိမ်းချမ်းနေတဲ့ ဘ၀ကို လာရောက် မောင်းထုလိုက်တဲ့ ပုဂ္ဂိုလ်များက ဆိုင်းမဆင့် ဗုံမဆင့်ဘဲ ရောက်လာပါတော့သည်။

အမျိုးသမီးကြီးတစ်ယောက် အမောတကော ပြေး၀င်လာပြီး ပါးစပ်မှလည်း ···

'အမယ်လေး ··· သားလေး၊ အမေ့သားလေး'

ဟု အော်လာသည်။ ကိုယ့်အမေ မဟုတ်သောကြောင့် ကိုယ့်ကိုခေါ်ခြင်း မဟုတ်နိုင်။ ဒါဆို ဘယ်သူကို ခေါ်တာလဲ ···။

ခဏချက်ချင်းမှာပင် အဖြေက ပေါ်သွားသည်။ အလယ်မှ ပုဂ္ဂိုလ်လေးဆီမှ အသံထွက်လာသောကြောင့် ဖြစ်သည်။

'ဟီး ··· ဟီး ··· အမေ'

'သား ··· သားလေး'

သားအမိနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်၍ ၀မ်းနည်း၀မ်းသာ ငိုကြလေတော့၏။

သူနှင့်ကျွန်တော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်။ ပြီးတော့ ပြိုင်တူ ပြုံးသည်။

အချိန်ကုန်သက်သာသွားပြီလေ။ စိတ်ချမ်းသာစရာ ကောင်း

လေစွ။ ဒါပေမယ့် ထင်ထားသလို လုံး၀ ဖြစ်မလာပါ။

ထိုအမျိုးသမီးကြီးနှင့်အတူပါလာသော ပုဂ္ဂိုလ်သုံးလေးယောက်က စိတ်ရှုပ်ထွေးစရာတွေ သယ်ဆောင်လာသောကြောင့် ဖြစ်သည်။

လွယ်အိတ်နှင့် ပုဂ္ဂိုလ်တစ်ယောက်က သူ့ကိုသူ လာမိတ်ဆက်သည်။

'ကိုယ် … ဒီက နယ်ထိန်းပါ'

'ဪ … ဟုတ်ကဲ့'

'ဒီက အစ်မကြီးက ဈေး၀ယ်ရင်း …သူ့သားလေး ပျောက်သွားတာနဲ့ ကိုယ်တို့က လိုက်ပြီး ကူညီရှာပေးတာပေါ့ကွာ …'

'ဟာ … ကောင်းတာပေါ့ဗျာ …'

'ဒီက … ငါ့ညီနဲ့ ငါ့ညီမ စခန်းကို ခဏလိုက်ခဲ့ပေးပါ'

'ဗျာ …ဘာဖြစ်လို့လဲ …'

'အင်း …စခန်းရောက်မှ ရှင်းကြတာပေါ့ဗျာ'

ဒီလိုနဲ့ပဲ ကျွန်တော်တို့ နှစ်ယောက် …

ဟိုသားအမိကတော့ ငို၍ ကောင်းဆဲ …

* * *

## အခန်း (၇)

ရဲစခန်းအတွင်းမှ နှစ်ယောက်သား ပြန်ထွက်လာတော့ ညနေ လေးနာရီပင် ထိုးလုပြီ။

ရှင်းပြရလွန်း၍ အာတွေလည်း တော်တော် ပေါက်ကုန်သည်။ အမှန်တရားကို ပန်းကန်ပြားဖြင့် ဖုံး၍ မလုံနိုင်သောကြောင့် အဖြစ်မှန်ကို လက်ခံကြပါသည်။ ကိုယ်တွေ ဥပမိရုပ်တွေကလည်း သန့်ထွင်မှ နေတာလည်း ပါတာပေါ့။

ဒါပေမယ့် သူနှင့်ကျွန်တော် ဘာကြောင့်မှန်းမသိ။ တစ်ယောက်နှင့် တစ်ယောက် အမြင်မကြည်လင်နေသလို ဖြစ်နေမိသည်။ အမှန်တော့ ဒီလို အချိန်ကုန် အာညောင်းသွားသော အဖြစ်ကို ဘယ်သူဘယ်ဝါကြောင့်ဟု အပြစ်တင်ချင်သည့်စိတ်က အရင်းခံသည်ဟု ထင်ပါသည်။

လက်ညှိုးထိုးပြရန် လူကလည်း မရှိခြင်းကြောင့် … သူ့ကို ကိုယ်က အမြင်မကြည်ချင်ဖြင့် ဘာလိုလိုကို ဖြစ်နေခြင်းပါ။

အနီးဆုံး ကားမှတ်တိုင်ကို ရောက်တော့ …

'မင်း …ဘယ်ကားစီးမှာလဲ …'

ရန်လိုသည့် လေသံဖြင့် …

'ရှင့်အပူမပါဘူး …'

'ဟ … ရှင့်လှချည်လား'

'ရှင့်ရှင့် … နေနေ ရှင့်အပူမပါဘူးလို့ ပြောပြီးသွားပြီလေ'

'ဘာလို့ ပူရမှာလည်း …၊ ငါက ယောကျ်ားလေးပဲ ဟာကြီးကို ပူချင်းပူ မင်းဘာသာမင်းပူမှာ …'

'ဘာ … ဘာ'

ကျွန်တော် ညာ … ညာဟု ပြန်မပြောပါ။ ခပ်တည်တည်နှင့်ပင် ရပ်နေလိုက်သည်။

သူမလက်ထဲမှ ခရီးဆောင်အိတ် အငယ်စားလေးကို ဗုန်းခနဲ လွှတ်ချသည်။

ပြီးတော့ ကျွန်တော့်ကို ခါးထောက်ပြီး မိုက်ကြည့်ကြည့်သည်။

ကျွန်တော် ရင်ထဲတွင် ယားကျိယားကျိ ဖြစ်သွား၏။

သူ့အကြည့်ကလည်း လူကို လာကလိထိုးနေသလို ဖြစ်နေတာကိုး။

'မင်း … ငါ့ကို ဘာကြည့်တာလဲ'

'ရှင်ကရော … ဘာကြည့်တယ်လို့ ထင်လဲ…'

'ဘာလဲ … ယောကျ်ားချောချော မမြင်ဖူးဘူးနဲ့တူတယ်'

'သွားသေလိုက်'

'မင်းလား …'

'ရှင် … ရှင်'

'မျက်လုံးလာပြူးပြမနေနဲ့၊ ဟိုမှာ ကားလာနေပြီ'

'ဘာပြောတယ် …'

'ငါ စီးရမယ့် ကားလာနေပြီလို့ ပြောတာ …'

ဟုတ်သည်။

ကိုယ်စီးရမယ့် လိုင်းကားကြီးကလည်း မှတ်တိုင်တွင် အတိအကျ ထိုးဆိုက်လာသည်။

ပြီးတော့ ကားပေါ် အတင်းတိုးတက်သည့် ခရီးသည်တွေကိုလည်း စပယ်ယာက အတိအကျ ရေ၍တင်သည်။

စပယ်ယာအော်သော အမှတ်စဉ်စာရင်းတွင် ကျွန်တော်က ဆယ့်လေးယောက်မြောက်ဖြစ်သည်။

အဲ ···ဆယ့်ငါးယောက်မြောက်က သူမ ဖြစ်နေခြင်းကို ကျွန်တော် ကားပေါ်ရောက်မှ သိတော့သည်။

မကျေပွဲ နွှဲချင်သေးလို့လားဟု ထင်လိုက်မိသည်။

'ဩော် ··· မင်းက ဒီလိုလား'

'ရှင် ··· ဘာပြောတာလဲ'

'ငါ့ကို ပြဿနာရှာချင်တာနဲ့များ ··· ဒီကားကျပ်ကျပ်ကို လိုက်စီးရတယ်လို့ကွာ ···'

သူမ ကျွန်တော် ထိုသို့ ပြောလိုက်ခြင်းကို ပြန်ဖြေရန် မအားသေးပါ။

ကားကျပ်ကျပ်တွင် ကိုးလို့ကန့်လန့်နိုင်နေပုံရသော သူ့လက်ဆွဲအိတ်နှင့်သူ အလုပ်ရှုပ်နေသည်။

ဒီကြားထဲ ကားအမိုးလက်ကိုင် တန်းကလည်း မြင့်နေသောကြောင့် ကိုင်ရတာ မမှီတမှီ ···။

အရေးထဲ ကားစပယ်ယာကလည်း လှမ်းဟောက်သည်။

'ဟို ··· အစ်မကြီး၊ ဘေးတန်းကို ကိုင်လေဗျာ···၊ အလယ်မှာ ကန့်လန့်ကြီး လုပ်မနေပါနဲ့···'

ကားစပယ်ယာ၏ အဟောက်အဟန့်ကို အသားကျနေပုံရသောကြောင့် စိတ်ဆိုးပုံမရပါ။ ဘေးဘက်ကို အတင်းတိုးခွေ၍ ကပ်ရပ်သည်။

'ဟွန်း ··· လိမ္မာနေလိုက်တာ ···'

သူမဘေးတွင် ကပ်ရပ်နေသူက မှတ်တိုင်ဆင်းရန် အပေါက်ဝကို တိုးသွားခြင်းကြောင့် ထိုဟာသွားသော နေရာမှာ ကျွန်တော် အစားဝင်လိုက်သည်။

ထိုအခါ သူမနှင့်ကျွန်တော် ဘေးခြင်းကပ်လျက် ကျသွားသည်ပေါ့။

ဒီတော့မှ မျက်စောင်းတလူလူပျံလာပြီး ရန်တွေ့ ချိန်ရတော့သည်။

'ရှင် … ခုနက ကျွန်မကို ဘာစကားပြောတာလဲ …'

'ဗမာစကားလေ …'

'ရှင်နော် … ဝေ့လည်ကြောင်ပတ်လာလုပ်မနေနဲ့ ဟွန်း'

'ဖြစ်ရပြန်ပြီ'

သူမ နှုတ်ခမ်းကို ကိုက်၍ … စဉ်းစားဟန် ပြုပြီး …

'နေပါဦး … ဘာတဲ့ … ဪ သိပြီး၊ ရှင့်ကို ပြဿနာရှာချင်တာနဲ့ပဲ ကျွန်မက ဒီကားကို လိုက်စီးပါတယ်လို့ ရှင်စွပ်စွဲတာလေ …'

'ဟုတ်လား …'

'ဒီမှာ သေချာ မှတ်ထား၊ ဒီကားက ကျွန်မ သွားမယ့်နေရာကို ရောက်လို့ စီးတာ …၊ ရှင့်နဲ့ ဘာမှမဆိုင်ဘူး'

'ဪ … တိုက်ဆိုင်လိုက်တာနော် …'

'ကျွန်မ အတည်ပြောနေတာရှင့်'

'ရဲစခန်းမှာ ပြောလိုက်တုန်းက မင်းနာမည်က လမင်းဆိုလားပဲ။ ဘာလဲ အတည်ဆိုတာ ငယ်နာမည်လား'

စိတ်ဆိုးသွားပုံရသည်။

အံကိုကြိတ်၍ …

'ဒီမှာ …ရှင် ကျွန်မကို နောက်ထပ် ဘာစကားမှ လာမပြောနဲ့တော့ …'

'ဟင်း ··· ဟင်း ··· ရယ်ရတယ်နော်'

'ဘာ ··· ဘာ ···ရယ်ရတာလဲ'

ကျွန်တော် ဘာမှ ပြန်မပြောဖြစ်ပါ။

သူမ ထပ်မေးသည်။

'ဘာ ··· ရယ်ရတာလဲလို့ ကျွန်မ မေးနေတယ်လေ ···'

ပြန်ဖြေခြင်းမရှိ။

စိတ်တိုသွားပုံရသည်။

အဲ ··· စိတ်တိုပေမယ့် လက်သည်းကတော့ မတိုပါ။ ရှည်သည်။

အဘယ်ကြောင့်ဆိုရသော် ကျွန်တော့်ဗိုက်ခေါက်ကို ဆွဲဆိတ်လိုက်သောကြောင့် ဖြစ်သည်။

'ဟား ··· နာတယ်ကွ၊ ဘာလုပ်တာလဲ'

မျက်လုံးကို အစွမ်းကုန်ပြူး၍ ···

'ရှင် ··· ကျွန်မကို အဖက်မတန်သလို လုပ်နေလို့ ဆိတ်တာ ဘာဖြစ်လဲ ···ဟွန်း'

'ဟ ··· မင်း တော်တော် လက်ယဉ်တဲ့ ဟာလေးပဲ၊ မင်းပဲ စကားလာမပြောနဲ့ဆိုလို့ ငါ ပါးစပ်ပိတ်ထားတာလေ ···'

သူမ မျက်စောင်း ခပ်ပြင်းပြင်း ပိတ်ထိုးသည်။ ဗိုက်ဆံမပေးရတိုင်း ဒီမျက်စောင်းကြီးပဲ လာလာထိုးနေတယ်။ ဒီမှာ မျက်စောင်းတစ်ခါထိုးတိုင်း ရင်တုန်တုန်သွားတာ ဒင်း သိမှ သိပါလေစ။

အခြေအနေက မကြေလည်သေးပေမယ့် ပွဲသိမ်းလိုက်ကြသည်။ ကားပေါ်ကြီးမှာဆိုတော့ သိပ်မကောင်းလှဘူးလေ။ အဲ ··· တစ်ချီ တစ်ချီတော့ စိန်ခေါ်မျက်စောင်းက ကိုယ့်ဘက် လွှင့်လာသည်တော့ ရှိတာပေါ့။

သူမ လှကြောင်းကို ကျွန်တော် စတွေ့ကတည်းက သိပါသည်။ အခု အနီးကပ်တွေ့မြင်နေရသော မျက်နှာတစ်ခြမ်းကလေးက

ခုနက လှပါသည်ဆိုသော မှတ်ချက်ကို ကျော်လွန်သွားပါသည်။ အရမ်းကို လှသည်။ အမြင်အာရုံကို ထက်သန်စေသည်။ (မျက်မှန် ကြော်ငြာခြင်း မဟုတ်ပါ) စိတ်နှလုံးကို ကြည်နူးစေသည်။ ရင်ကို အဆမတန် ခုန်စေသည်။ ခြေဖျားလက်ဖျားတွေကို အေးစေသည်။ ရောင့်ရဲတက်မှုကို ကုန်ဆုံးစေ၏။ (တစ်သက်လုံး ထိုင်ကြည့်ချင်စိတ် ဖြစ်သွားတာကိုး)

လောကဆင်းရဲကို မေ့သွားစေ၏။ (အရင်တုန်းက ကားကျပ် ကျပ်စီးရလျှင် စိတ်ဆင်းရဲတတ်သည်)

ရင်ထဲမှာ မရိုးမရွဖြင့် ကဗျာစပ်ချင်သည့်စိတ်ပင် ဖြစ်လာ သည့်အတူတူ စိတ်ထဲမှပင် စပ်ဆိုလိုက်သည်။ (မှတ်ချက် - လူတိုင်း သည် အချစ်နှင့်တွေ့လျှင် ကဗျာဆရာ ဖြစ်သွားသည်ဟု ဆိုရိုးရှိ ပါသည်။ အဲ … နဂိုထဲက မတောက်တစ်ခေါက် ဝါသနာပါသူဆို လျှင်တော့ ပိုဆိုးပါ၏)

ညီနေဝါ …လက်တန်း စပ်ဆိုသော ကဗျာမှာ အောက်ပါ ကဗျာဖြစ်ပါသည်။

'မျက်ဝန်းတွေနဲ့ပဲ ကြည့်နေမိတာပါ
ဒါပေမယ့် … နှလုံးသားက မြင်နေတယ်။
ငါ့ … ရင်ခုန်သံတွေ …
မင်းကို ကြားစေချင်လို့ …
ငြိမ်ငြိမ်လေး … နားစိုက်ပေးပါလား …
ကောင်မလေးရယ် …
ဒီမှာ …
ဟော့ …
ကြားလား…'

ကျွန်တော် သူမကို ကိုယ်ပိုင်ပစ္စည်းတစ်ခုသဖွယ် သဘော ထား၍ အပြင်းအထန် ခံစားပေး၍ မျောသွားသည်။

အဲ ··· သူမ၏ လှုပ်ခတ်မှုက စိတ်ကူးထဲတွင် မျောနေသော ကျွန်တော်ကို ဆယ်ယူလိုက်သည်။

သူမဆင်းရန် အပေါက်ဝသို့ တိုးထွက်သွားသည်။ ပြန်ဆုံတွေ့ဖို့ မလွယ်ကူတော့မှာကို သိမြင်မိသောကြောင့် ကျွန်တော်နှမျောတသ ဖြစ်သွားမိသည်။

'အင်း ··· ဘယ်မှတ်တိုင်မှာ ဆင်းတာလည်း မသိဘူး၊ မှတ်ထားဦးမှပဲ ···'

ထိုအတွေးဖြင့် ကားအပြင်ဘက် ပတ်ဝန်းကျင်ကို ဘယ်နေရာရောက်နေပြီလဲဆိုတာ သိနိုင်ရန် ပြူးတူးပြဲတဲ လိုက်ကြည့်မိသည်။

'ဒီမြင်ကွင်းတွေ ငါ မြင်ဖူးပါတယ်၊ ဟာ ··· နေဦး၊ ငါလည်း ဒီမှာ ဆင်းရမှာပဲ'

ထိုအခါကျမှ ကိုယ်ပါ ဒီနေရာမှာ ဆင်းရမှန်း သတိထားမိတော့သည်။

ထိုအချိန်တွင် ကားက ရပ်သွားသည်။ ကိုယ်က အတွင်းထဲမှာပဲ ရှိနေခြင်းကြောင့် အတင်းအော်ရပါတော့သည်။

'ကျွန်တော်ပါ ဆင်းမယ်ဗျို့ ···၊ ခဏလေးနေပါဦး'

အတင်းတိုးထွက်ရတော့သည်။ ခရီးသည်အချို့၏ ပွစိပွစိ ပြောမှုကို ခံရသေး၏။

အပေါက်ဝရောက်တော့ စပယ်ယာ၏ အဟောက်ကိုပါ ထပ်ခံရသေး၏။

'ခင်ဗျားကလည်း ··· ဆင်းမယ်ဆိုလည်း အပေါက်ဝကို ကြိုထွက်ထားလေဗျာ ···'

'သတိမထားလိုက်မိပါဗျာ ··· ဆောရီးပဲ'

ခြေထောက်တောင် မြေပေါ် ကောင်းကောင်း မကျသေး။ ကားက အတင်းပဲ ဝူးခနဲ မောင်းထွက်သွား၏။ ခန္ဓာကိုယ်ကို မလဲသွားစေရန် မနည်းပင် ထိန်းလိုက်ရသည်။

'အင်း … ပိုက်ဆံပေးစီးပေလို့ပဲ၊ အလကားသာစီးရရင် ရိုက်များ လွှတ်မလား မသိဘူး … ဟူး'

ကိုယ့်ရဲ့ ကိုယ်ပိုင်ပစ္စည်းလေး … အဲ … လမင်းဆိုသော ကောင်မလေး ဘယ်ရောက်သွားသလဲ ဆိုတာကို ကပျာကယာ လိုက်ရှာရပြန်သည်။

လမ်းသွယ်တစ်ခုအတွင်းသို့ လှစ်ကနဲ ဝင်သွားကြောင်း တွေ့လိုက်ရသည်။ ရင်ထဲမှ ဝမ်းသာစိတ်တို့က ဝုန်းကနဲ ထလောက်သည်။ ကိုယ်နေတဲ့ တိုက်ခန်းကလည်း ဒီလမ်းထဲက သွားရမှာလေ …

'ဇာတာပါတယ် ဆိုတာ အဲဒါပဲကွ … ဟား …ဟား'

ဒီလိုနဲ့ ခြေလှမ်းကို ခပ်သွက်သွက် လှမ်း၍ သူမနောက်မှ လိုက်လာခဲ့ပါလေတော့သည်။

သူမ လှည့်ကြည့်လှည့်ကြည့်ဖြင့် မလျှောက်ပါ။ ရှေ့ကိုသာ တည့်တည့်ကြည့်၍ လျှောက်ပါသည်။ ထို့ကြောင့် နောက်တွင် ကျွန်တော် ပါလာမှန်း ရိပ်မိဟန်မရှိ။

ကိုယ်နှင့်သူက ခုနမှ တစ်လှေထဲ စီးကြသူတွေလို ဖြစ်နေပေ၏။ ကိုယ်သွားရမယ့်လမ်းကို သူက ရှေ့က ဦးဆောင်လျှောက်နေလို့ပေါ့။ ကျွန်တော် နောက်ကနေ အမျိုးမျိုး စဉ်းစားနေမိသည်။ သူမ ဒီရပ်ကွက်ထဲမှာ နေတာလား။ ဒါမှမဟုတ် အလည်လာတာလား။

ရပ်ကွက်အစွန်းဘက်ကျသော ကျွန်တော်နေသည့် တိုက်ခန်းနှင့်ပင် နီးလာပြီ။ ခုချိန်အထိ သူမရှေ့က လျှောက်၍ ကောင်းဆဲ။

သူမ ဘယ်အထိ သွားမှာလဲ …။

ထိုမေးခွန်း၏ အဖြေက ချက်ချင်းပင် ပေါ်လာသည်။ ကိုယ်နေရာတိုက်၏ လှေကားပေါ် တက်သွားသည်ကိုး။ တိုက်ပဲ တိုက်ဆိုင်လွန်းလှသည်။

ဒါပေမယ့် ဒီလောက် တိုက်ဆိုင်နေတာကိုက သိပ်မဟုတ်လှဟုထင်မိသည်။ ဟိုကြော်ငြာတစ်ခုထဲကလို …ဒါလျှို့ဝှက်ချက်တစ်ခုခု

တော့ ရှိရမယ်ဟု ရေရွတ်ပြီး သူမကို မှီအောင် လှေကားပေါ် ကမန်းကတမ်း ပြေးတက်ပြီး ···

'ဟေ့ ···ဟေ့ ···နေဦး ···နေဦး'

လှေကားကျဉ်းကလေးမှာဆိုတော့ မကြားစရာ အကြောင်းမရှိပါ။ ထို့ကြောင့် သူမ လှည့်ကြည့်သည်။ ကျွန်တော်မှန်းသိရတဲ့အခါ မျက်နှာ မာကနဲ ဖြစ်သွားသည်။

ကျွန်တော် အနားရောက်သည်အထိ တက်သွားလိုက်ပြီး ဘာမှတောင် မပြောရသေး။ သူမကပင် စ၍ လေသံ မာမာဖြင့်

'ရှင် ··· ဘာကိစ္စ ကျွန်မနောက် လိုက်လာတာလဲ'

'အာ ··· မဟုတ်တာ ···။ မင်းသာ ငါ့ရှေ့က ဘာကိစ္စ ကြိုသွားနေရတာလဲ'

'ဘာပြောတယ် ···'

'အင်း ··· ကိုယ့်လမ်းကိုယ်သွားပါလားကွာ'

'ဟင် ··· ရှင်ဘယ်လိုလူလဲ၊ ကျွန်မလမ်း ကျွန်မသွားနေတာ ··· ရှင်သာ နောက်ယောင်ခံ လိုက်လာတာ မဟုတ်လား'

'အဓိပ္ပါယ်မရှိလိုက်တာ ···၊ မင်းသာ ရှေ့ယောင်ခံပြီး သွားနေတာလေ'

ကောင်မလေး ဆွေ့ဆွေ့ခုန်သွားသည်။

'ဘာရှင့် ··· ဘာ ···၊ ရှင်နော် ···ရှတ်ရှတ် မလုပ်နဲ့'

ရှတ်ရှတ်ဆိုတာ အဝတ်တွေ ဘာတွေ လိုက်ရှတ်သည့် အလစ်သမားကို ပြောတာ ထင်သည်။ ကိုယ်က ဒါမျိုးဝါသနာ မပါသည်မို့ ···။

'ဟိတ် ··· ငါ ဘယ်တော့မှ ရှတ်ရှတ် မလုပ်တတ်ဘူး'

'ရှင်အခု လုပ်နေတာလေ'

'ဟာ ···မလုပ်ပါဘူးဆို'

'လုပ်တယ်'

'မလုပ်ဘူး ...'

ဘာတွေမှန်းလည်း မသိပါ။ ဒါပေမယ့် ဆက်ရန်ဖြစ်ကြသည်။

'ရှင် ကျွန်မနောက်ကို ဆက်မလိုက်နဲ့တော့နော် ...'

'အောင်မာ ... မင်းသာ ငါ့ရှေ့က ဆက်မသွားနဲ့'

'ကျွန်မအခန်းက အပေါ်မှာရှင့်'

'ငါ့ အခန်းကလည်း ဒီအပေါ်မှာပဲကွ'

'ရှင်နော် ... မဟုတ်တာ လာမပြောနဲ့'

'မင်းသာ ပေါက်ကရပြောနေတာ'

နှစ်ယောက်စလုံး ယောင်တောင်ပေါင်တောင်တွေ ဖြစ်ကုန်သည်။ ဟုတ်မလား မသိဘူးဆိုသော အတွေးကလည်း ကိုယ်စီဝင် လာကြ၏။

'ရှင် တကယ်ပြောနေတာလား ...'

'မင်းရော တကယ်ပြောနေတာလား...'

'ကျွန်မဒီမှာနေတာ ခြောက်လရှိသွားပြီ ရှင့်ကို တစ်ခါမှ မမြင်ဖူးဘူး'

'အေး ... ငါလည်း ဒီမှာနေတာ ခြောက်ရက်ရှိသွားပြီ မင်းကို တစ်ခါမှ မတွေ့ဖူးဘူး'

သူပြောတာ ဖြစ်နိုင်သည်ဟု လမင်းထင်လိုက်မိသည်။ ကိုယ်နယ်ပြန်သွားသော ဆယ်ရက်ခန့်အတွင်း ဒီလူ ပြောင်းလာတာ ဖြစ်မည်။

'အိုး ...ဘာပဲဖြစ်ဖြစ် ရှင် ကျွန်မနောက်က မလိုက်ခဲ့နဲ့'

'ဒါဆို ... မင်းလည်းငါ့ရှေ့က မသွားနဲ့ပေါ့ကွ'

နှစ်ယောက်စလုံးလည်း ထိုဘာမဟုတ်တဲ့ ကိစ္စလေးကို အလျှော့ပေးကြမည့် သဘော မရှိကြပါ။ ဒီအတိုင်းကြီး ရပ်နေရအောင်လည်း မဟုတ်သေး။ ကျွန်တော် အကြံတစ်ခု ရသွားသည်။

'ဟာ … ဟုတ်ပြီ၊ ဒါဆို မင်းရော ငါရော အဆင်ပြေအောင် ငါတို့ ပုံစံပြောင်းပြီး သွားကြမယ် …'

လမင်း မျက်မှောင်ကုတ်၍ ကြည့်သည်။

ညီနေဝါ ဆက်ပြောသည်။

'ဒီလိုလေကွာ … မင်းနဲ့ငါ နေရာချင်း ချိန်းပြီး သွားရအောင်၊ ငါက အရှေ့က သွားမယ်။ မင်းက ငါ့နောက်က လိုက်ပေါ့'

လမင်း အူတူတူဖြင့် သဘောတူလိုက်ပါသည်။ ဒီလိုနှင့် ကျွန်တော်က ရှေ့ကသွား၍ သူမက နောက်မှလိုက်သည်။ အားလုံးအဆင်ပြေပါသည်။ အဲ ပို၍ အဆင်ပြေစေသော တိုက်ဆိုင်မှုကတော့ သူမနှင့်ကျွန်တော် အခန်းချင်းက မျက်နှာချင်းဆိုင် ဖြစ်နေပါသည်။ ထိုသို့ ကံကြမ္မာ၏ တိကျသေချာသော တိုက်ဆိုင်မှုက နောင်အခါဖြစ်ပေါ်လာမည့် အပြာရောင် နိဒါန်းကို ဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်သည်။

* * *

## အခန်း (၈)

'ဟေ့လူ … ကျုပ် ဗိုက်ဆာလာပြီဗျ …'

'ဟင် …'

'ဗိုက်ဆာလာပြီလို့ ပြောနေတာ …'

ထိုလူ ကျွန်တော့်ကို ရှုံးသိုးသိုးရုပ်ဖြင့် ကြည့်သည်။

ကိုယ့်ချစ်သူအကြောင်းကို ပြောတာကတော့ ဘယ်သူမဆို ပြောချင်ကြမှာပါပဲ။

ဒါပေမယ့် ကိုယ်က မနက်ထဲက ဘာမှ မစားရသေးတာ။ ဒါကြောင့် ဗိုက်က အရမ်းဆာလာလို့ ချစ်သူကဏ္ဍကို တစ်ခန်းရပ် လိုက်ရတာပါ။

ဒါကို ဒင်းက ဘာကြောင့်မှန်းမသိ။ သိပ်ကျေလည်ပုံမရ။ နားထောင်ရတာ ဆန်းတင့်ငင့်ဖြစ်သွားလို့လား ဒါမှမဟုတ် သူ့ခေါက်ဆွဲ ပြုတ် ကျွေးရမှာစိုးလို့လားမသိ။

မျက်နှာက ပုပ်သိုးသွားသည်။

'မင်း … ဗိုက်ကလည်း ဆာနေတာပဲနော် …'

'ဟ …ခင်ဗျား … ဒီလိုတော့ မပြောနဲ့လေ၊ ခင်ဗျားက မနက်က စားထားသေးတယ်။ ကျုပ်က ခုအချိန်ထိ ဘာမှ မစားရသေး ဘူး။ ကဲ … ကျုပ်မှ ဗိုက်မဆာရင် ဘယ်သူ ဆာမလဲ'

ထိုလူ ကျွန်တော့်ကို ပေစောင်းစောင်းဖြင့် ကြည့်သည်။

ကျွန်တော် မခို့တရိုလေး ပြန်ပြုံးပြလိုက်ပြီး ...

'အဟင်း ... ကပ်စေးနည်းမနေစမ်းပါနဲ့ဗျာ ...နော်'

'ဟော့ကောင် ... ငါ ကပ်စေးနည်းလို့ မဟုတ်ဘူးကွ၊ စဉ်းစားနေတာ ...'

'ဟား ... ဟား ဒါများဗျာ။ ဒုက္ခခံပြီး စဉ်းစားနေရတယ်လို့ ...။ ဒီမှာ ကျုပ်ပြောမယ် ...၊ ဘာမှ စဉ်းစားမနေနဲ့။ ကျုပ်ကို ခင်ဗျား သော့သာ ပေးလိုက် ...၊ ကိုယ့်ဘာသာ ဗီရိုဖွင့်ပြီး ခေါက်ဆွဲခြောက်တစ်ထုပ် ယူစားလိုက်ပါ့မယ် ...ဗျာ'

ဒီလောက် လွယ်သည့် ကိစ္စကို ဒီလူဘာတွေ အတွေးခေါင်နေသည် မသိ။

ရယ်ပဲ ရယ်လိုက်ချင်တော့သည်။

ဒါပေမယ့် သူပြောသော စကားကို ကြားလိုက်ရတော့ ရယ်ဖို့မပြောနဲ့ ငိုချင်သွားသည့်စိတ်ကို မနည်းပင် ထိန်းလိုက်ရသည်။

'ဟော့ကောင် ... မင်းဘာတွေ လျှောက်ပြောနေတာလဲ။ ဒီမှာ မင်းနားလည်အောင် ငါ့ဆောင်ပုဒ်တစ်ခုကို ပြောပြမယ်၊ နားထောင်'

သူ့ဆောင်ပုဒ်ဆိုပါလား။ အင်းလေ အပျင်းပြေတော့ နားထောင်ပေးလိုက်ပါဦးမယ်။

'အေး ... ငါ့ဆောင်ပုဒ်က ဘာလဲဆိုရင် 'ဘယ်သူ့ကိုမှ အလကား မကျွေးဘူး' တဲ့ကွ။

ကျွန်တော် နဝေတိမ်တောင် ဖြစ်မိသွားပြီး ...

'ဟင် ... အလကား မကျွေးဘူးဆိုတော့ ခင်ဗျားက ပိုက်ဆံ ထပ်ပေးချင်တဲ့ ဆန္ဒရှိတယ်ပေါ့ ... ဟုတ်လား'

'ဘာကွ ... မင်းကြီးတော်လင်ကို ငါက ပိုက်ဆံ ထပ်ပေးရမှာလားကွ'

'မဟုတ်တာဗျာ …'

'ဒီမှာ … ဟော့ကောင် …၊ အူကြောင်ကျားကောင် … ငါ့ဆောင်ပုဒ်ရဲ့ အဓိပ္ပါယ်က ဘာလဲဆိုတော့ ငါရှင်းပြမယ် …နား ထောင်'

'အင်း …'

'ငါက ဘယ်သူ့မှုကို အလကား မကျွေးဘူး … အေး … ကျွေးရတော့မယ်ဆိုရင်လည်း …ငါကြိုက်တဲ့ မေးခွန်းတစ်ခုကို မေး တတ်တယ်'

သူကြိုက်တဲ့မေးခွန်းဆိုတော့ သူများက ကြိုက်ချင်ကြိုက်၊ မကြိုက်ချင်နေဆိုသည့် သဘောပေါ့။ ဟင်း … တော်တော် တစ်ဖက် စောင်းနင်းနိုင်တဲ့လူ။

'အေး … ငါမေးတဲ့ မေးခွန်းကို ဖြေနိုင်မှပဲ … ကျွေးတယ်'

'နေပါဦး … ခင်ဗျားက ဒီလို ဘာကြောင့် လုပ်ရတာလဲ'

'မတန်လို့ …'

'ဘာကိုလဲ …'

'ငါ တွေ့ဖူးတဲ့ လူတိုင်းက စေတနာနဲ့ မတန်တတ်ဘူးကွ၊ ကျေးဇူးကန်းတတ်ကြတယ်၊ ဥပမာ ဒီလို အစားအသောက်ကိစ္စ မျိုးဆိုရင် အသေးအဖွဲလေးပါဆိုပြီး ပိုပြီး ကျေးဇူးကန်းတတ်ကြ တယ်'

'ခင်ဗျား … မှားနေတယ်လို့ ကိုယ့်ကိုကိုယ် မထင်ဘူးလား'

'လုံးဝပဲ … ငါ လုံးဝကို မှန်တယ်'

'ဘာကြောင့် ပြောနိုင်ရတာလဲ'

ထိုလူ သက်ပြင်းချသည်။ ကျွန်တော်ကလည်း သူ၏ စိတ်နေ စိတ်ထားကို လေ့လာလို၍ ဤမျှ စိတ်ရှည်ရှည်ထားပြီး မေးမိနေခြင်း ဖြစ်၏။

သူ့အယူအဆကို ပြောပြသည်။

'ဒီလိုကွာ ... မင်းက လူတစ်ယောက်ကို စေတနာပေါက်ပြီး လက်ဖက်ရည်တစ်ခွက် ဝယ်တိုက်တယ်ဆိုပါတော့ကွာ'

ကျွန်တော် ငြိမ်ပြီး နားထောင်ပေးမိသည်။ သူ ဆက်ပြောသည်။

'အဲ ...ဒီလူနဲ့ပဲ မင်းကိစ္စတစ်ခုကြောင့် စကားများကြတယ်ဆိုရင် ... မင်းက သူ့ကို လက်ဖက်ရည်တိုက်ထားတဲ့ မျက်နှာကို တောင်မှ မထောက်ပါလားလို့ ပြောလိုက်ရင် မင်းကို သူက ဘာပြန်ပြောမယ်လို့ ထင်လဲ'

ကျွန်တော် စဉ်းစားပေးကြည့်သည်။

'အင်း ...ဒီ လက်ဖက်ရည်တစ်ခွက်က ဘယ်လောက်များ တန်လို့ ငါမျက်နှာထောက်စရာလားလို့ ပြန်ပြောမယ် ထင်တယ်'

ထိုလူ ဟက်ဟက်ပက်ပက် ထရယ်၍ (မတ်တပ်ရပ်၍ ရယ်ခြင်းကို မဆိုလိုပါ)

'အဲဒါပဲကွ ... လူတွေက သူတို့ကို ကိုယ်က စေတနာနဲ့ ကျွေးမွေးတာကို ငွေကြေးအနည်းအများနဲ့ကြည့်ပြီး ကျေးဇူးတင်တတ်ကြတယ်။ တန်ဖိုးမရှိရင် ကျေးဇူးတင်စရာလို့ မမှတ်ဘူးကွာ။ အဲ ... တန်ဖိုးများတယ်ဟေ့ ဆိုရင်တော့ နည်းနည်းကျေးဇူးတင်စရာ ကောင်းတယ်လို့ ယူဆကြတယ် ...'

'အင်း ... ဟုတ်တော့ ဟုတ်ပါတယ်...၊ ဒါပေမယ့် ခင်ဗျား က်က ကျေးဇူးပြန်အတင်ခံချင်တဲ့ စိတ်မထားနဲ့ပေါ့ကွာ'

'မဟုတ်ဘူးကွ၊ ငါ ကျေးဇူးပြန်အတင်ခံချင်လို့ မဟုတ်ဘူး။ အပေါ် ကိုယ်ထားမိလိုက်တဲ့ စေတနာက လုံးဝ အရာ မထင်တာကို ကျေနပ်တာ'

'အင်း ... ဒါကတော့'

ကျွန်တော် ခေါင်းကုပ်မိသည်။ သူပြောတော့မှ ကိုယ်လည်း စဉ်းစားမိတော့သည်။ ကိုယ့်တုန်းကလည်း သူငယ်ချင်း အပေါင်း

အသင်းများ တိုက်ကျွေးမှုကို ကြိမ်ဖန်များစွာ သောက်ခဲ့ဖူးသည်။ ထိုစဉ်က ကိုယ်သူတို့ကို ကျေးဇူးတင်ပါတယ်ဟု ပြောမိခဲ့လား။ ဒါမှမဟုတ် ကျေးဇူးတင်သည့်စိတ်ရော ရှိခဲ့ဖူးလား။ မရှိခဲ့မိဟု ထင်သည်။

ဒါကလည်း သူငယ်ချင်းအချင်းချင်းဆိုတော့ မလိုအပ်ဟု ထင်ထားခြင်းကြောင့်လည်း ပါမည်။ သူရှိ ကိုယ်စား၊ ကိုယ်ရှိ သူစားလေ။

ဒီကိစ္စမျိုးနှင့် အပြန်အလှန် ကျေးဇူးတင်စရာ အကြောင်းမရှိ။ ဒါပေမယ့် ခင်မင်မှု သံယောဇဉ်ကတော့ ပိုမို ခိုင်မြဲလာသည်။

ခု ကိုယ်ကလည်း ကိုယ့်အယူအဆနှင့်ကိုယ်။ သူကလည်း သူ့ အယူအဆနှင့်သူဆိုတော့ ဘာမှ မဝေဖန်ချင်တော့။

ကျွန်တော် ငြိမ်သွားသည်ကို သူ့အယူအဆအား လက်ခံသွားသည်ဟု ထင်ပြီး ...

'ငါပြောတာကို မင်းသဘောပေါက်တယ် မဟုတ်လား'

'အင်း ... ဆိုပါတော့'

'မင်း စဉ်းစားကြည့်လေကွာ၊ ကိုယ်က စေတနာနဲ့တိုက်တဲ့ လက်ဖက်ရည်အတွက်ကျတော့ ... ကျေးဇူးတင်ရကောင်းမှန်း မသိပဲ သူတို့ကို ခေါင်းပုံဖြတ်နေတဲ့ ငွေတိုးပေးစားတဲ့လူမျိုးကိုကျတော့ ကျေးဇူးရှင်ကြီးပါဆိုပြီး ထင်ချင် ထင်တတ်တာကွ'

သူပြောတာ မှန်ကောင်း မှန်နိုင်ပါသည်။

'အဲဒါကြောင့် ငါက ဘယ်သူ့ကိုမှ အလကား မကျွေးဘူး။ အေး ...မလွဲသာလို့ ကျွေးရမွေးရတော့မယ်ဆိုရင်လည်း ငါ့ဝါသနာအရ မေးခွန်းတစ်ခုကို မေးတယ်။ ဖြေနိုင်ရင် ကျွေးမယ်၊ မဖြေနိုင်ရင်တော့ ဆောရီးပေါ့ကွာ'

သူ့ဟာနှင့်သူတော့ ဟုတ်နေသည်။ ထမင်းတစ်လုပ် တုတ်တစ်ချက်စကားပုံပဲ ကြားဖူးသည်။

သူနှင့်ကျမှ ထမင်းတစ်လုပ် မေးခွန်းတစ်ခုဟု စကားပုံပင် အသစ်ဖော်ရတော့မလား မသိ။

ကျွန်တော် သက်ပြင်းတစ်ချက်ချ၍…

'ကဲ ... ဟုတ်ပါပြီဗျာ၊ ဒါဆို ကျုပ် ခေါက်ဆွဲပြုတ် စားရဖို့အရေး ခင်ဗျားမေးတဲ့ မေးခွန်းတစ်ခုကို ဖြေရတော့မှာပေါ့'

'ဒါပေါ့ကွ'

'ဒါဆိုလည်း ... မြန်မြန်မေးဗျာ၊ ဗိုက်ဆာလှပြီ'

ထိုလူ ပြုံးလိုက်ပြီး ...

'ဟင်း ... မင်း သဘောပေါက်သွားပြီဆိုရင် ငါ မေးခွန်းတစ်ခု မေးမယ်၊ အဲ ... ပဟေဠိလေးတစ်ခုပါ'

ပဟေဠိ ဆိုပါလား။ ပဟေဠိဆိုတာ …ကလေးဘဝတုန်းက ဖွတ်ခဲ့တဲ့ စကားပုံလို ဟာမျိုးလားမသိ။ ဥပမာ ... နတ်သမီးအိမ် တိုင်ပိုးမဖောက်နိုင် ... ဖောက်နိုင်တော့လည်း တစ်ပေါက်တည်း။ အဖြေက ... အပ်။

ဒါမျိုးတွေလာမေးလျှင် နည်းနည်းတော့ ခွကျပေမည်။ ခွကျလျှင်လည်း ဘာမှ မတတ်နိုင်တော့ သူမေးသမျှကို ကိုယ်က ပြန်ဖြေရတော့မည်လေ။

'ဟေ့ကောင် ... ငါမေးတော့မယ်၊ သေချာ နားထောင်နော်'

'မေးပါဆိုဗျာ ...'

'မင်းမှာက ပိုက်ဆံ တစ်ရာရှိတယ်'

'တစ်ရာ မကပါဘူးဗျ ...'

'ဟေ့ကောင် ...ငါ ပဟေဠိဝှက်နေတာကွ'

'ဪ ...'

မကျေမချမ်းပုံစံဖြင့်ကြည့်၍ ဆက်ပြောသည်။

'အဲဒီ ပိုက်ဆံတစ်ရာနဲ့ တိရစ္ဆာန်အကောင်တစ်ရာပြည့် အောင် ဝယ်ရမယ်'

'ဟာဗျာ ... မဟုတ်တာ'

'ဟော့ကောင် ...ငါ ပဟေဠိ ဖွက်နေတာနော်'

'ဩော် ... သဘောပေါက်ပြီ ... သဘောပေါက်ပြီ၊ ဆက်ပြော'

'တိရစ္ဆာန်တွေရဲ့ ဈေးနှုန်းတွေကို ငါမင်းကို ပြောပြမယ်။

'ယုန်က ဆယ်ကောင်ကို တစ်ကျပ်ပေးရတယ် ...၊ ဆိတ်က ငါးကောင်ကို တစ်ဆယ့်ငါးကျပ်ပေးရတယ်၊ မြင်းက တစ်ကောင်ကို တစ်ကျပ်ပေးရတယ်၊ နွားက တစ်ကောင်ကို နှစ်ကျပ်ပေးရတယ်၊ ဆင်က တစ်ကောင်ကို သုံးကျပ်ပေးရတယ်၊ ဈေးနှုန်းတွေက အဲဒါပဲကွ။ ကဲ ... မင်းဆီမှာရှိတဲ့ ပိုက်ဆံတစ်ရာနဲ့ ဒီတိရစ္ဆာန်အကောင်တစ်ရာ ဝယ်ရမယ်။ ဘာမှ အပိုအလို မရှိရဘူးနော်'

'ဒါများဗျာ ... မြင်းက တစ်ကောင်ကို တစ်ကျပ် မဟုတ်လား'

'အေး ...'

'ဒါဆို မြင်းအကောင်တစ်ရာဝယ်လိုက်ရင် ပြီးရောပေါ့ ...'

'ဟော့ကောင် ရမလားကွ။ ငါးမျိုးလုံး ပါအောင် ဝယ်ရမှာ ... ဟင်း'

ကျွန်တော် မျက်စောင်းတစ်ချက် ပိတ်ထိုးပစ်လိုက်သည်။ ဟွန်း ... တော်တော် ရှုပ်တဲ့လူ။ သူမို့လို့ ဒီလို ပေါက်တတ်ကရတွေ မေးတယ်။ ထိုလူ လှောင်ပြုံးပြုံး၍ ...

'ဘယ်လိုလဲ ဟော့ကောင် ... အဖြေရှာလို့ ရပါ့မလား'

'ခင်ဗျား ... ဘယ်လိုထင်လဲ'

'ငါ့အထင်တော့ ...အင်း'

စကားကို မဆက်ဘဲ ... ကျွန်တော်ကို အထင်သေးဟန်ဖြင့် ကြည့်သည်။

ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပြီး ...

'ဟား ··· ဟား ··· ဟား ···ခင်ဗျားက ကိုယ့်ကိုကိုယ် တော်တော် အထင်ကြီးထားတဲ့လူပဲ ···'

'အောင်မာ ··· မင်းက ဘာကိုကြည့်ပြီး ငါ့ကို ပြောရတာလဲ ···'

'ဒါက ··· ဒီလိုလေဗျာ၊ ခင်ဗျား ခုနက ကျုပ်ကို ကြည့်တဲ့ အကြည့်က ဒီပဟေဠိကို ကျုပ်ဖြေနိုင်မှာ မဟုတ်ပါဘူးကွာဆိုပြီး အထင်သေးတဲ့ အကြည့်မျိုးဗျ ···'

ထိုလူ လေသံမာမာဖြင့် ···

'ဒီလို ကြည့်တော့ ဘာဖြစ်လဲကွာ'

'ဘာဖြစ်ရမလဲ ··· လူတစ်ဖက်သားအကြောင်းကို ဘာမှ မသိသေးဘဲနဲ့ ကြိုပြီး အထင်အမြင်သေးတတ်တဲ့ လူတွေက ခပ်ညံ့ညံ့ လူမျိုးတွေဗျ။ တစ်မျိုးပြောရရင်တော့ဗျာ ··· ကိုယ့်ကိုကိုယ် အထင်ကြီးပြီး အောက်ခြေလွတ်နေတတ်တဲ့ လူစားမျိုးပေါ့ဗျာ ···'

အနှာပေါ် တုတ်ကျသွားသောကြောင့် ထိုလူ တော်တော် အခံရ ခက်သွားသည်။ ထို့ကြောင့် ဒေါသဖြင့် ကျွန်တော်ကို တစ်ခုခု ပြောဟန်ပြင်နေစဉ်မှာပင် ··· ကျွန်တော်လေသံ ခပ်အေးအေးဖြင့် သူ့အရင် ကြိုပြောပစ်လိုက်သည်။

'လူတွေက ···မှန်တာပြောရင် နာတတ်ကြတယ်ဗျ'

ခပ်ကြမ်းကြမ်း ထွက်လာမည်ဖြစ်သော စကားလုံးများ လည်ချောင်းထဲမှာပင် တစ်ဆို့သွားပြီး မျက်လုံးကြီးသာ အပြင်သို့ ပြူးထွက်လာသည်။

'မင်း ···မင်း'

ကျွန်တော် ခပ်အေးအေးပုံစံဖြင့်သာ သူ့ရဲ့ နာကျင်ခံရခက်မှုကို စောင့်ကြည့်နေပေးလိုက်သည်။ ခဏကြာတော့ ထိုလူ ဒေါသတွေ ဝမ်းထဲ ပြန်ကျသွားပုံရသော်လည်း မခံချင်စိတ်က ကျန်နေသေးသော လေသံဖြင့် ···

'ဟင်း … ဟင်း … ဟုတ်ပြီလေ၊ မင်းက သိပ်တော်နေတဲ့ ကောင်ကြီးဆိုတော့ ငါ့ပဟေဠိကို ဖြေပေးပါဦး …'

'ကျုပ်က လူတော်တစ်ယောက်မဟုတ်ပါဘူးဗျာ…၊ ဒါပေမယ့် ဒီပဟေဠိလောက်တော့ ဖြေလို့ ဖြစ်ပါတယ်'

'ဟား … ဟား … ဟား … စကားလုံးတွေကတော့ ကြီးပါ့ကွာ…၊ ကဲ ဒါဆို မင်း ဒီပဟေဠိကို နာရီဝက်အတွင်း ဖြေနိုင်ရင် ခေါက်ဆွဲခြောက်တစ်ထုပ်မဟုတ်ဘူး၊ နှစ်ထုပ်စားရမယ်'

'ခင်ဗျား စိန်ခေါ်တာလား …'

'စမ်းသပ်တာလို့လည်း ပြောလို့ရတယ်'

ကျွန်တော် တစ်ချက် ပြုံးလိုက်သည်။

'ကောင်းပြီလေ …အချိန်က သိပ်ကိုများနေတယ် ထင်တယ်၊ ဒါပေမယ့် …'

'ဟာ … မင်း တော်တော် လေလုံးထွားတဲ့ကောင်ပဲ၊ ကဲ … ဆိုစမ်းပါဦး၊ အချိန်ဘယ်လောက်ယူမှာမို့လို့လဲ …'

ကျွန်တော် လက်သုံးချောင်းထောင်ပြလိုက်ပြီး …

'သုံးမိနစ်'

ထိုလူ မျက်ခုံးနှစ်ဖက် အပေါ်သို့ မြင့်တက်သွားလေသည်။

'ဩော် … ဆောရီး … သုံးမိနစ်ဆိုတာ များပါတယ်၊ နှစ်မိနစ်ထားလိုက်ပါ့မယ်'

မြင့်တက်သွားသော မျက်ခုံးမွေးအောက်သို့ တော်တော်နှင့် ပြန်မကျလာတော့။ ကျွန်တော် အသာပြုံး၍ ရှေ့တွင် အသင့်ရှိသော စာရွက်နှင့် ဘောပင်ကို ယူ၍ အဖြေရှာကြည့်လိုက်သည်။

နှစ်မိနစ် မကြာပါ။

တစ်မိနစ်ပဲ ကြာပါသည်။

ကျွန်တော် အဖြေရေးထားသော စာရွက်ကို သူ့ဆီ လှမ်းပေးလိုက်သည်။

| အမျိုးအစား | အရေအတွက် | ကျသင့်ငွေ |
|---|---|---|
| ယုန် | ၅၀ကောင် | ၅ကျပ် |
| ဆိတ် | ၁၀ကောင် | ၃၀ကျပ် |
| မြင်း | ၁၈ကောင် | ၁၈ကျပ် |
| နွား | ၁၉ကောင် | ၃၈ကျပ် |
| ဆင် | ၃ကောင် | ၉ကျပ် |
| | ၁၀၀ | + ၁၀၀ |

* * *

## အခန်း (၉)

အဖြေက ရှင်းသွားပါပြီ။

အဖြေက ရှင်းသွားသော်လည်း ထိုလူ့ မျက်နှာပေါ်တွင် မကျေနပ်သည့်စိတ်တို့က ရှပ်ထွေးသွားသည်။ မှန်နေသော်လည်း အဖြေကို အပြစ်ရှာနေသော မျက်လုံးမျိုးဖြင့် ဖင်တပြန်ခေါင်းတပြန် ကြည့်သည်။

'ဟေ့လူ …ဘာလုပ်နေတာလဲ၊ သော့ပေးလေဗျာ … ဒီမှာ ဗိုက်ဆာနေပြီ'

မလိုတမာရုပ်နှင့် သော့လှမ်းပေးသည်။ ပြီးတော့ မလိုတမာ စကားလည်း ထပ်ပြောသည်။

'မင်း ကံကောင်းသွားတာပါကွာ …'

'အင်း … ဟုတ်မှာပါ'

ကျွန်တော် ထိုသို့သာ ပြောပြီး ခေါက်ဆွဲခြောက် ဘီဒိုရှိရာသို့ လျှောက်သွားလိုက်သည်။

နောက်တော့ ခေါက်ဆွဲခြောက်နှစ်ထုပ်ယူသည်။ ရေနွေးပူပူဖြင့် ဖျော်သည်။

ပြီးတော့ သောက်ဟန်ပြင်ရင်း …

'ဟေ့လူ ခင်ဗျားရော မစားသေးဘူးလား'

'မင်းအပူ မပါဘူး ... ဟွန်း ...'

'အင်း ...နည်းနည်းတော့ ပူတာပေါ့...'

'အာ ... ဒီကောင်တော့ ...'

'ကျုပ်ပြောတာ ခင်ဗျားကို မဟုတ်ဘူး ...၊ ရေနွေးပူလို့ ကိုယ့်ဘာသာကိုယ် ပြောတာ ...'

'မင်း ...ဟင်း ... ဟင်း'

သိသာစွာ မကျေနပ်သည့်ရုပ်နှင့်ပါ။ ငြိမ်တော့ ငြိမ်သွားသည်။

ကျွန်တော် အားရပါးရ စားသည်။ ဒါကို ထိုလူ ရှုသိုးသိုးဖြင့် ကြည့်သည်။

ထိုကဲ့သို့ ဖြစ်ရပ်များကြောင့် နှစ်ယောက်သားကြား တင်းမာမှုက မသိမသာ ဖြစ်ထွန်းသွားသည်။

ထိုကြောင့် စကားမပြောဖြစ်ကြတော့။ ခေါက်ဆွဲပြုတ်စားနေစဉ် ကာလက စကားပင် မပြောဖြစ်တာ သိပ်ပြဿနာမရှိပေမယ့် ခေါက်ဆွဲပြုတ်စားပြီး အတန်ကြာသည်အထိ စကားမပြောဖြစ်ကြတော့ ပြဿနာ ရှိလာသည်။ အဓိက ... က ပျင်းရိလာခြင်းဖြစ်သည်။

သူနှင့်ကိုယ်နှင့် နှစ်ယောက်တည်းရှိသောကြောင့် ထိုသို့စကားမပြောသလိုကြီး လုပ်နေရတော့ နေရထိုင်ရတာလည်း ခက်သည်။

ဒီတော့ ...

'ဟေ့လူ'

ကျွန်တော့်ကို ပေတိပေစောင်းပုံစံဖြင့် ကြည့်သည်။

'ခင်ဗျား ... သီချင်းဆိုတတ်လား'

ထိုအကြည့်မျိုး ထပ်ကြည့်သည်။

ဒါပေမယ့် ပိုပြင်းသည်။

'ဆိုတတ်ရင် ဆိုပါလားဗျာ …၊ ဒီအတိုင်းနေရတာ ပျင်းစရာကြီး၊ ကျုပ် … လက်ခုပ်လိုက်တီးပေးမယ်လေ …'

'ဘာကွ …'

'လုပ်ပါဗျာ …ဆိုစမ်းပါ၊ ဘာသီချင်းပဲ ဖြစ်ဖြစ်ရတယ်၊ ပြဿနာ မရှိဘူး …'

'မင်း …မင်း'

မျက်နှာကြီး နီလာသည်။ မျက်နှာကြီး နီလာသောကြောင့် နှာခေါင်းကြီးပါ နီလာသည်။ ဒါကြောင့် ကြည့်ရရှုရတာ အဆင်မပြေချင်တော့ …

'ဟေ့လူ … ခင်ဗျား … နှာခေါင်းကြီး နီလာပြီဗျ'

'မင်း …'

'တကယ်ပြောတာဗျ … ကြည့်လို့ လုံးဝ မကောင်းဘူး၊ ဟိုဗျာ … ခင်ဗျားနားလည်အောင် ပြောရရင် နှာဗူးကြီးနဲ့ တူတယ်၊ ဟီး …'

ထိုလူ ဒေါသဖြင့် ရှေ့မှ စားပွဲခုံကို လက်သီးဖြင့် အားရပါးရ ထုထည့်လိုက်သည်။

စားပွဲခုံက နာသွားဟန်မတူပဲ သူသာ နာသွားဟန်ဖြင့် မျက်နှာရှုံ့မဲ့သွားသည်။

ထို့ကြောင့် လက်ကိုပွတ်ပြီး … အင်မတန် ဒေါသထွက်နေသည့် လေသံဖြင့် …

'ဒီမှာ … ဟေ့ကောင်'

'အင်း … ပြော …'

'မင်းက ငါ့ကို ဘာကောင်ထင်နေလဲ …ဟင်'

ကျွန်တော် အံ့သြသွားဟန်ဖြင့် သူ့ကို ကပျာကယာကြည့်ပြီး

'ဟင် … ခင်ဗျားက လူမဟုတ်ဘူးလား …'

'ဘာ … ဒီကောင်ကွာ …၊ ငါက လူမဟုတ်လို့ …
မင်းကြီးတော်လင်ဖြစ်ရဦးမှာလား … ဟွန်း'

'ဒါများဗျာ … ကျွန်တော် သိသားပဲဟာ'

ထိုလူ အံကြိတ်သည်။ ပြီးတော့ ကျွန်တော့်ကို စားမတတ်၊
ဝါးမတတ်ပုံစံဖြင့် ကြည့်သည်။

ထိုအကြည့်ဖြင့် အတန်ကြာ ကြည့်ပြီးမှ သက်ပြင်းရှည်ကြီး
မှုတ်ထုတ်လိုက်ပြီး …

'ဒီမှာ …ဟေ့ကောင်၊ မင်းကိုငါ ရှင်းအောင် ပြောထားမယ်'

'အိုကေ … ကျုပ်လည်း စကားရှုပ်ရှုပ်တွေ သိပ်မကြိုက်
ဘူး'

'မင်း …'

မျက်လုံးကြီး ပြန်ပြူးလာသည်။

ပြီးမှ …

'ဟင်းကွာ … ငါမင်းကို ပြန်ပေးဆွဲလာတာ …၊ မင်း
အပျင်းပြေအောင် သီချင်းဆိုပြဖို့ မဟုတ်ဘူးကွ၊ နားလည်လား'

'ကျုပ် သဘောပေါက်ပါတယ်ဗျာ၊ ကျုပ်ကလည်း တစ်ဖက်
က်ကြီး မပြောပါဘူး …၊ ဒီလို လုပ်မယ်လေဗျာ …၊ ခင်ဗျားက
ချင်းဆို …၊ ကျုပ်က 'က' မယ် ဘယ်လိုလဲ …၊ ဒါဆို
ယောက်စလုံး အပျင်းပြေတာပေါ့ …'

'ဘာရယ် … မင်းက …က မယ် ဟုတ်လား'

'အင်း …'

နည်းနည်း စိတ်ဝင်စားသွားပုံရသည်။ သို့သော် မယုံသင်္ကာ
ဖြင့် …

'မင်းက 'က' ရော 'က' တတ်လို့လား'

'အာ … သိပ်ကတတ်တာပေါ့ဗျာ …'

ယောကျ်ားကြီးတစ်ယောက်လုံးက က ပြမယ်ဆိုတော့ အထူး

အဆန်းပုံဖြင့် ကြည့်ချင်ဟန်ရှိ၏။ ပြီးတော့ စိတ်ပြေသွားဟန် ရှိ၏။ ခေါင်းကို တစ်ချက်ကုတ်၍ …

'မင်းက ကတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ငါက သီချင်း မဆိုတတ်ဘူးကွ …'

'တွံ့တေးသိန်းတန်လောက်တော့ ဆိုတတ်တယ်လို့ လုပ်လိုက်'

အနည်းငယ် ရှက်ကိုးရှက်ကန်းဟန်ဖြင့် …

'အဟဲ … လေးဆယ်ကျော်အချစ် တစ်ပုဒ်တော့ ရတယ်နဲ့ တူတယ်ကွ …ဟီး'

'ဟား … အဲဒီ သီချင်းလည်း မိုက်တာပဲဗျ …'

ဟိုကုတ်ဒီကုတ်ကုတ်၍ …

'အဟီး … ငါလည်း စာသားလေးကို ကြိုက်တာနဲ့ အလွတ် ကျက်ထားမိတာ …'

'ဘာပဲဖြစ်ဖြစ်လေဗျာ … ခင်ဗျားက ဒီသီချင်းဆို ကျုပ်က 'က' မယ် …၊ ဘယ်လိုလဲ'

အင်တင်တင်ဖြင့် …

'ငါလည်း ပျင်းနေလို့ ဆိုတာနော် …'

'သိပါတယ်ဆိုမှဗျာ …၊ ဆိုသာဆိုတော့ … ကျုပ်အရမ်း ကချင်နေပြီ …'

ဒီလိုနှင့် သူ၏ ရှက်တက်တက် … ကြောင်တောင်တောင် အသံဆိုးကြီးဖြင့်စတင်ပြီး တွံ့တေးသိန်းတန်၏ လေးဆယ်ကျော်အချစ် ကို ဟဲပါတော့သည်။

ဆွဲဆွဲငင်ငင်လေသံကြီးဖြင့် …

'… မဆုံနိုင်တော့ ရင်လည်း … နေပါစေ ဒီဘဝ … မတွေ့ချင်တော့ရင်လည်း … နေပါစေ ဒီတစ်သက် … အခုတော့ ဒီလိုမဟုတ်ပါပဲ … ဟော့ကောင် … မင်းက ဘာလုပ်နေတာလည်း 'က'လေကွာ'

သီချင်းဆိုရင်းမှ ဖြတ်ပြီး မကျေမချမ်း အသံဖြင့် ပြောလိုက်ခြင်း ဖြစ်၏။

'ကျွတ် … ခင်ဗျားကလည်း ဒီမှာ ကနေတာပဲဟာကို'

'ဟော့ကောင် … မင်း အူတူတူ လာမလုပ်နဲ့နော်။ ဘယ်မှာကလို့လည်း ဒီလောက် ငုတ်တုတ်ကြီး ထိုင်နေပြီးတော့ … ဟင်း'

'မဟုတ်တာဗျာ … ခင်ဗျားဘာသာ သေချာ မကြည့်မိလို့ ကျုပ်ကတာကို မမြင်တာ ဖြစ်မှာပါ'

ဝေဝေဝါဝါဖြစ်သွားဟန်ဖြင့် …

'ဒါဆို … မင်း'က'တယ်ပေါ့'

'အင်း …'

'ခုနကတော့ … ငါ လုံးဝ မတွေ့မိဘူးနော် …'

'အခု တွေ့ရစေမယ်ဗျာ … ပြန်သာဆို …'

တွန့်ဆုတ် တွန့်ဆုတ်ဟန်ဖြင့် ကျွန်တော့်ကို ကြည့်သည်။ ...မှ …

'အင်း …ငါခုနက ဆိုတာ ဘယ်အထိ ရောက်သွားပြီလဲ'

'အင်း …ဘာတဲ့၊ ခုတော့ ဒီလို မဟုတ်ပါဘဲဆိုတဲ့ နေရာ... ရောက်သွားပြီလေဗျာ …'

'အင်း … အင်း ဒါဆို ငါ ပြန်ဆိုမယ်နော်၊ မင်းသာ ...ဖြစ်အောင် ကရမယ်နော်'

'စိတ်ချစမ်းပါဗျာ …'

ဒီလိုနှင့်သူ မယုံသလိုရုပ်နှင့် ပြန်ဆိုသည်။ မျက်လုံးကတော့ ...န်တော့်ကို ဒေါက်ထောက်ကြည့်လျက် …

'ခုတော့ ဒီလို မဟုတ်ပါပဲ … ၄၀ ကျော် … ၅နှစ်အတွင်း ... ပြန်ဆုံရတယ် … ငယ်ချစ်ဦးရယ် …ဟော့ကောင် ဘာလို့ ...သေးတာလဲ ဟင်း …'

'ဒီမှာ ကနေတာ ခင်ဗျား မမြင်ဘူးလား …ဟွန်း'

ထိုသို့ပြောပြီး ကျွန်တော် လက်ကို ဆုပ်ချီဖြန့်ချီ လုပ်ပြလိုက် သည်။

ထိုလူ အူတူတူဖြင့် …

'မင်း 'က' တယ်ဆိုတာ အဲဒါလား'

'ဟုတ်တယ်လေ …'

'ဟင် …ဘာ အကလဲ'

'ချိုမိုင်မိုင် …ဟီး'

'ခွေး …မ …သား'

ထိုသို့ ပစ်ပစ်နှစ်နှစ်ပြောပြီး ကျွန်တော့်ကို တစ်ခုခုလုပ်ရန် ဂမူးရှူးထိုး ဝင်လာလေ၏။ ကျွန်တော်လည်း ကပျာကယာဖြင့် ခုံကို ပတ်ပြေးရပါတော့သည်။

'ဟာ … ဟေ့လူ …ခင် … ခင်ဗျားနော် …၊ ဘာလုပ်မလို့လဲ'

သွားကြားထဲမှ ထွက်လာသော လေသံဖြင့် …

'သတ်မလို့ဟေ့ …သတ်မလို့ … ဟင်း'

'ဟား … မလုပ်ပါနဲ့ဗျာ … ခင်ဗျား ငရဲကြီးမှာ မကြောက်ဘူးလား'

ပြောသာ ပြောရသည်။ ရပ်က ငရဲသော ဘာသော နားလည်ပုံမရှိ။

ထို့ကြောင့် ဒီအချိန်သည် သူ့လက်ထဲ အမိခံလို့တော့ မဖြစ်လွတ်အောင် ပြေးရပေတော့မည်။

ကျွန်တော် အခန်းထဲမှာပင် ပတ်ပြေးသည်။ သူလည်း လက်ကြီး နှစ်ဖက်ဆန့်တန်း၍ ပတ်လိုက်သည်။

'ဟေ့ကောင် … မပြေးနဲ့'

'ဟင့်အင်း … ပြေးမှာပဲ'

'တောက် … မိလို့ကတော့ကွာ …'

လေသံကိုက တကယ်လုပ်မည့်အသံ။ ထို့ကြောင့်ကိုယ်လည်း အမှန်အကန်ကို ပြေးရပါသည်။ ရုတ်တရက်ကြည့်လျှင် လူနှစ်ယောက် ပျော်၍ စိန်ပြေးတန်း ကစားနေသည်နှင့်ပင် တူနေပါ၏။

အိမ်တစ်အိမ်လုံးရှိ ပစ္စည်းများလည်း လိုက်သူနှင့် ပြေးသူကြားတွင်အကုန် ပြောင်းဆန်ကုန်နေပြီ။

မဖြစ်တော့ ··· ဒီအတိုင်းပြေးနေလျှင် ညှော်ခန်းက ကျဉ်းသောကြောင့် တစ်ချိန်မဟုတ်တစ်ချိန် မိသွားပေတော့မည်။ ထို့ကြောင့် ဟိုဘက်ပြေးမလို၊ ဒီဘက်ပြေးမလို အယောင်ပြ၍ နောက်ဖေးဘက်သို့ ဝင်ပြေးကာ ··· ပထမဆုံး အဝတ်လဲသော အခန်းထဲဝင်၍ တံခါးကို ကမန်းကတမ်း ဂျက်ချလိုက်ရသည်။ ထိုလူ အပြင်မှ တံခါးကို တဝုန်းဝုန်းထုသည်။

'ခွေးမသား ··· ကလိမ်ကကျစ်ကောင် တံခါးဖွင့်စမ်း'

သူပြောတိုင်းလိုက်လုပ်ရအောင် ကိုယ်က ငတုံးမှ မဟုတ်တာ ··· ။ ဘာလို့ ဖွင့်ရမှာလည်း ဖွင့်ဘူး'

'လုံးဝ မဖွင့်နိုင်ဘူးဗျို့ ···'

'မင်းယောကျ်ားမဟုတ်ဘူးလား ···ဒုန်း'

'ဘာလို့ မဟုတ်ရမှာလဲ ···၊ ကျုပ် ယောကျ်ားစင်စစ်မို့ မိန်းမ ယူတာပေါ့ဗျ ···'

'ဒါဆို တံခါးဖွင့်လေကွာ ···၊ တောက် ···ဒုန်း'

'ဟင့်အင်း ··· ဖွင့်ဘူး'

'ဘာကွ ···ဒုန်း'

ဒီလိုနှင့် သူနှင့်ကျွန်တော် တံခါးတစ်ချပ်ခံ၍ တိုင်ပတ်နေကြသည်။

'ဖွင့် ···ဟင်း'

'ဖွင့်ဘူး ··· ဟွန်း'

အချိန်အတော်ကြာသွားသည်။ သူလည်း တံခါးကို ထုရလွန်း

၍လက်တွေနာလာဟန်တူသည်။ ထို့ကြောင့် ဆက်မထုတော့။ (တံခါးကို ဆိုလိုသည်) ဒါပေမယ့် ပါးစပ်ကတော့ ဘီးလူးကြိမ်း ကြိမ်းသည်။

'ထွက်လာရင်တော့ကွာ …ဟင်း …ဟင်း'

'ဘာ …ဘာလုပ်မလို့လဲ ဟင် …'

'သတ်မှာ … သတ်မှာ … ဟင်း …ဟင်း'

'အဟား … ဒါဆို ထွက်ဘူးဗျာ … ဟီး'

'အေးပါ … ကြည့်ရသေးတာပေါ့ …'

'ဘာလဲ … ချောမောလှပတဲ့ ကျုပ်မျက်နှာကိုလား'

'ဘာကွ'

'ကျုပ် အိပ်ချင်ပြီဗျို့ …'

ထိုလူ မချိမခံသာဟန်ဖြင့် တံခါးအပြင်ဘက်တွင် ဂူးဂူးဝါးဝါးတွေ ဆက်ပြောနေခြင်းကို ဂျွန်တော် နားမထောင်တော့ဘဲ အခန်းထဲရှိ ကုတင်ပေါ်သို့သာ သွားပြီး ခန္ဓာကိုယ်ကို ပစ်လှဲပစ်လိုက်တော့သည်။

အခန်းထဲရှိ တစ်ခုတည်းသော ပြတင်းပေါက်ကလည်း သံတိုင်များ ကာရန်ထားသောကြောင့် ထွက်ပြေးရန် မဖြစ်နိုင်ပါ။ အဲ … ကိုယ်က ဟာကြျုလီဆိုရင်တော့ တစ်မျိုးပေါ့လေ။ သံတိုင်တွေကို သွပ်ကြိုးလို သဘောထားပြီး ဆွဲကွေးထွက်သွားရုံပေါ့။

ခုတော့ ကိုယ့်ကာယဗလက ရေတစ်ထမ်းတောင် ကောင်းကောင်း မနိုင်ချင်တော့ ဘာကိုမှ မလုပ်နိုင်။

လက်မှနာရီကို ကြည့်မိတော့ ညနေလေးနာရီထိုးပြီ။ ကိုယ်တစ်ရေးအိပ်ပြီး ပြန်အနိုးတွင် ထိုလူလည်း စိတ်ပြေလောက်ချေပြီ။ ထို့ကြောင့် အိပ်မည်။ မျက်စိမှိတ်လိုက်ချိန်တွင် လမင်းက အာရုံထဲတွင် ကြည်လင်စွာ ပေါ်လာသည်။

'လမင်းရေ … လွမ်းလိုက်တာကွာ'

ရင်သည် ဆတ်ဆတ်ခါအောင် နာကျင်၍ လွမ်းဆွတ်သွားမိသည်။ ယခုလက်ရှိအချိန်တွင် လမင်းနှင့်ထိတွေ့ရန် အခွင့်အရေးမရှိသော်လည်း အိပ်ပျော်သွား၍ အိပ်မက်မက်ကာ အိပ်မက်ထဲတွင် လမင်းကို ထိတွေ့ခွင့်ရနိုင်သည်။ ထို့ကြောင့် ···

'လမင်းရယ် ··· ကျေးဇူးပြုပြီး မောင့်အိပ်မက်ထဲကို လာခဲ့ပေးပါကွာ ··· နော်'

ထိုသို့ တီးတိုးရေရွတ်ပြီး မျက်ဝန်းများကို မှိတ်လိုက်သည်။ တကယ်လည်း အိပ်မက်မက်ခဲ့ပါသည်။ ပြီးတော့ တကယ်လည်း အိပ်မက်ထဲတွင် လမင်းက ပါဝင်ခဲ့ပါသည်။ အိပ်မက်ဆိုရာ၌ တကယ်ဖြစ်ပျက်ခဲ့သော အမှတ်တရ ရင်ခုန်သံနေ့ကလေးကို ပြန်မြင်မက်မိခြင်းသာ ဖြစ်၏။

ထိုနေ့က လမင်း အင်္ကျီအဖြူရောင်လေး ဝတ်ထားပါသည်။

* * *

## အခန်း (၁၀)

## (အပြာရောင် အတိတ်-၂)

ဟုတ်ပါသည်။ ထိုနေ့က လမင်း အင်္ကျီအဖြူရောင်လေး ဝတ်ထားပါသည်။ အင်္ကျီပဲဝတ်ထားပြီး အောက်က ဘာမှမပါပါဟု မဆိုလိုပါ။ အောက်မှလည်း ထမီအနက်ရောင်လေးကို ဝတ်ဆင်ထားပါသည်။

ထို့ကြောင့် လမင်း လှနေသည်။ အဖြူနှင့်အနက် တွဲဖက်ဝတ်ဆင်ထားခြင်းကြောင့် လူကြားထဲတွင် ထင်းကနဲ ဖြစ်နေပါသည်။

ကားမှတ်တိုင်တွင် အတူတူ ယှဉ်ရပ်နေရင်း တစ်ချက်တစ်ချက် လမင်းဆီမှ ဝေ့ကနဲ ရောက်လာသော မျက်ဝန်းများကြောင့် ကျွန်တော် ရင်ခုန်နှုန်းတွေက ကဆင့်ကလျား ဖြစ်ဖြစ်သွားသည်။

ပြောရရင် လမင်း အလုပ်သွား အလုပ်ပြန်လမ်းကြောင်းအတိုင်း ကျွန်တော်တစ်ကောက်ကောက် လျှောက်လိုက်နေသည်မှာ တစ်လခန့်ရှိပါပြီ။

ဘယ်နေရာမှ အဆင်ပြေ တိုးတက်လာခြင်း မရှိပါ။

အစကတည်းက အဆင်ပြေပြေဖြင့် တွေ့ဆုံခဲ့ခြင်းမရှိသောကြောင့် ယခုလို ကျွန်တော် သူနောက် တစ်ကောက်ကောက် လျှောက်လိုက်နေသောအခါ မပြေလည်မှုက ပိုဆိုးသွားခြင်း ဖြစ်သည်။

ကျွန်တော်ကလည်း ကျွန်တော်ပင်။ မိန်းကလေးတစ်ယောက်ကိုချစ်လို့၊ ကြိုက်လို့ လိုက်စကားပြောဖူးခြင်း လုံးဝ မရှိခဲ့။

အတွေ့အကြုံမရှိသောကြောင့် ပြဿနာက ရှိလာသည်။ ပြောရရင် အဆီအငေါ်မတည့်တာ ဘာညာတွေ ဖြစ်လာတယ်ပေါ့။

ဟိုတစ်ရက်ကဆိုလျှင် ကားပေါ်အတက်မှာ ကျွန်တော် သူမဖိနပ်ကို အမှတ်မထင် တက်နင်းမိသွားသည်။ နင်းမိသောကြောင့် ဖိနပ်က ပြတ်သွားသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ဒါမျိုးဖြစ်လာတာ အခြေအနေကောင်းသွားသည်ဟု မှတ်ချက်ချနိုင်သည်။

ဒါပေမယ့် မှတ်ချက်က ပြောင်းပြန် ...။

ကျွန်တော် တောင်းပန်ပါတယ် ဘာညာပြောပြီး သူမကိုဖိနပ်အစားပြန်ဝယ်ပေး ... ဒီမှာတင် ပြေလည်သွားပြီး ရင်းနှီးမှုတွေ တိုး ...။

ဒါမျိုးဖြစ်သင့်တာပါ။

ဒါပေမယ့် ဖြစ်မလာခဲ့ပါဘူး။ ဘယ်ဖြစ်လာပါ့မလဲ။ ကျွန်တော်မှာမှ သူ့ဖိနပ်ကို ပြန်ဝယ်ပေးဖို့ ပိုက်ဆံ မရှိတာ။

အတတ်နိုင်ဆုံး ကိုယ်လုပ်ပေးနိုင်တာက ဆောရီးပဲဗျာပေါ့။

ဒီမှာတင် သူက မကျေနပ်။ ဘယ်ကျေနပ်ပါ့မလဲ။ ကိုယ်က တောင်းပန်ရုံသာ တောင်းပန်ပြီး လျှော်ပေးဖို့ကိစ္စကို ရှူးချင်ယောင်ဆောင်လိုက်ရတာကိုး။

ထိုကဲ့သို့ မကျေမလည်ဖြစ်စဉ် ခပ်စိပ်စိပ်များကြောင့် သူမနှင့် ကျွန်တော် ကြားထဲ တိုးတက်မှုဆိုတာ လုံးဝ ဖြစ်မလာ။

သူက သူ့ကို ကျွန်တော်ကြိုက်၍ လိုက်နေပါသည်ဟု လုံးဝမမြင်။ တမင်တကာ လိုက်၍ ဒုက္ခပေးနေပါသည်ဟု မြင်ထားသည်။ ဒီလို အမြင်တွေ တိမ်းစောင်းနေမှုကို ပြန်တည့်အောင် လုပ်ဖို့ကျွန်တော့်ဆီမှာ စကားလုံးကမရှိ။

ထို့ကြောင့် ထမင်းတစ်နပ်စားဖို့ အငတ်ခံ၍ တစ်ချိန်ချိန်

မထင်မှတ်ဘဲ ရာသီဥတုလေးများ ကိုယ့်ဘက်ပါလာမလားဟူသော မျှော်လင့်ချက်ဖြင့် လျှောက်လိုက်နေခြင်းသာ ဖြစ်ပါသည်။ လမင်း ကားပေါ် တက်သွားပြီ။

ထို့ကြောင့် ကျွန်တော်လည်း ကားပေါ် လိုက်တက်သည်။

လမင်း ကားနောက်ဖက်ခြမ်းတွင် မတ်တပ်သွားရပ်သည်။ ထို့ကြောင့် ကျွန်တော်လည်း လိုက်ရပ်သည်။ ကံကောင်းချင်တော့ ရှေ့တွင်ရှိသော နှစ်ယောက်ထိုင်ခုံမှ လူနှစ်ယောက်စလုံး ဆင်းဟန် ပြင်ကြသည်။

ထိုခုံလွတ်တွင် လမင်း ဝင်ထိုင်သည်။

ထို့ကြောင့် ကျွန်တော်ပါ ဝင်ထိုင်သည်။

လမင်း ကျွန်တော့်ကို မျက်စောင်းလှမ်းထိုးသည်။

ကျွန်တော် ပြန်မထိုးဖြစ်ပါ။ ဟီးဟီးဟုသာ ရယ်ပြလိုက်ပါသည်။ နှစ်ယောက်ထိုင်ခုံတို့၏ ထုံးစံအတိုင်း အသားချင်းက အနည်းငယ်ထိစပ်နေသည်။ အသားယူလိုစိတ်တော့ မရှိပါ။ ဒါပေမယ့် ရင်တော့ နည်းနည်းတုန်ချင်သည်။

ကားစထွက်လာကတည်းက သူမ ကျွန်တော့်ဘက်ကို နည်းနည်းလေးမှကို လှည့်မကြည့်တော့။ ကားပြတင်းပေါက်မှနေ၍ အပြင်ဘက်ကိုသာ တစ်ခါမှ မမြင်ဖူးသူတစ်ယောက်လို လှမ်းငေးနေလေတော့သည်။

ထားပါ ... ဒီလို ကိုယ့်ကို ကြည့်မနေတဲ့ကိစ္စက ပြဿနာ မရှိပါ။ ပြဿနာရှိလာတာက လမင်းရဲ့ ရှန်ပူနံ့ လှိုင်လှိုင်ထနေတဲ့ ဆံပင် ရှည်ရှည်တွေဖြစ်သည်။

ဆံပင်တွေက မိန်းမပြတ်တစ်ယောက်ရဲ့ ကောင်းခြင်းငါးဖြာထဲမှာ ပါဝင်တဲ့ ဆံပင်မျိုးပါ။ နက်မှောင်သန်စွမ်းပြီး အရမ်းကို မြတ်နိုးစရာလည်းကောင်းပါသည်။ ကျွန်တော်လည်း ဒီဆံပင်တွေကို တကယ် မြတ်နိုးမိပါသည်။ ပြီးတော့ ဒီဆံပင်တွေက ထွက်လာတဲ့ ရှန်ပူနံ့

သင်းသင်းကလေးကလည်း တကယ့်ကို စိတ်လှုပ်ရှားစရာ ကောင်းပါသည်။

ဒါပေမယ့် ယခု ခက်နေသည်က ကားပြတင်းပေါက်ကနေ တဟူးဟူးနဲ့ အတင်းတိုးဝင်လာတဲ့ လေကြောင့်သာ ဖြစ်သည်။ ဒီလေတွေက အငြိမ်မနေဘဲ လမင်း၏ ဖားလျားချထားသော ဆံပင်တွေကို အပြင်းအထန် ဝဲပျံစေသည်။

ငှင်းမြင်ကွင်းသည် ပုံမှန်အားဖြင့် အနုပညာအမြင်ဖြင့် ကြည့်မည်ဆိုပါက အရမ်းကို ကြည့်လို့ကောင်းမည့် မြင်ကွင်းမျိုးဖြစ်သည်။ စဉ်းစားကြည့်လေ ...၊ မိန်းမလှလေးတစ်ယောက် ဆံနွယ်တလွင့်လွင့်ဖြင့် ဘယ်လောက် ကြည့်၍ ကောင်းမည်နည်း။ ဘယ်လောက် ခံစား၍ ကောင်းမည်နည်း။

ဒါတွေက သူမဘေးတွင် ယခုလို ကျွန်တော်ထိုင်မနေပါမှ ဖြစ်ပေါ်လာနိုင်သည့် အရာတွေ ဖြစ်သည်။ အခုတော့ ဒီလို မဟုတ်။ ထိုရှာမငြိမ်ဖြစ်နေသော ဆံပင်တွေက ကျွန်တော့် နှာခေါင်းဝလာပြီး ကလိကလိ လုပ်သည်။ ပထမတော့ သူမ မသိအောင် ကိုယ့်နှာခေါင်းကို လာကလိနေသော ဆံပင်တွေကို လက်နဲ့ အသာဖယ်ချပါသေးသည်။ နောက်တော့ စိတ်မရှည်ချင်တော့။ ကိုယ်က ဖယ်ချလိုက်။ သူက ပြန်ရောက်လာလိုက် ဖြစ်နေတာကိုး။

ကြာလာတော့ နှာက ချေချင်လာသည်။ သူမကို ပြောရမှာလည်း ခက်နေသည်။ ကိုယ်က သူ့ကို ကြိုက်နေတာကိုး။

ကားက မှတ်တိုင်တစ်ခုတွင် ဝင်ရပ်လိုက်ခြင်းကြောင့် ဆံပင်တွေက သူမဟုတ်သလို ပုံစံဖြင့် ပြန်ငြိမ်သွားသည်။ ထို့ကြောင့် နှာချေတော့မလို ဖြစ်နေရာမှ ပြန်လည် သက်သာသွားသည်။

သို့သော် ဒါသည် ခဏပါ။ ကားက ဂူးကနဲ အထွက် လေကတိုး ... ဆံပင်တွေက မျက်နှာပေါ် ဖြန်းကနဲ ပြေးကပ်သည်။ လက်နှင့် အချိန်မှီ လှမ်းတားလိုက်သော်လည်း မမှီတော့ ...။ မျက်နှာ

တစ်ပြင်လုံး ယားကျိကျိဖြစ်သွားသည်။ ထိုထက် ပိုဆိုးသည်က ဆံပင် တချို့က နှာခေါင်းပေါက်ထဲ တည့်တည့်မတ်မတ်ဝင်၍ ကလူကျီ ဆယ်လိုက်ခြင်းကြောင့် …

'ဟား …ဟား … ဟတ် … ချိုး'

အရှိန်က မသေချင် …

'ဟတ် … ဟတ်ချိုး …ချိုး'

ထိုနှာချေသံက တော်တော်ပင် ကျယ်ပါသည်။ သူမစောင်း ငဲ့ကြည့်သည်။ ပြီးတော့ ရိုးရိုးတန်းတန်းပြန်လှည့်မသွား …။ နှာ ခေါင်းရှုံ့၍ မျက်စောင်းထိုးပြီးမှ ပြန်လှည့်သွားသည်။ ပြီးတော့ ကိုယ့် ကိုလည်း ကျုံ့နိုင်သမျှ ကျုံ့လိုက်သေးသည်။

ပုံစံက ကိုယ်ကပဲ တုတ်ကွေးဖြစ်နေလို့ သူ့ကိုကူးမှာ စိုးရိမ် ပါသည်ဆိုသည့် သဘော။

ခံတော့ ခံပြင်းမိသွားသည်။ ကိုယ်နှာချေရတာ တုတ်ကွေး ဖြစ်နေလို့ ချေတာမှ မဟုတ်တာ။ သူ့ဆံပင်တွေ အငြိမ်မနေလို့ ဖြစ်တာ ပဲဟာကိုး … ဟွန်း။

'ဒီမှာ … ငါ နှာချေတာ မင်း … ဆံပင်တွေကြောင့်ကွ'

မျက်နှာဒီဘက်ပြန်လှည့်လာသည်။ ပြီးတော့ သူ့ဆံပင်တွေ ကို လက်ဖြင့် အရင်သိမ်းသည်။

ပြီးမှ ရန်စကားပြောတော့သည်။

'အို … ဘာဆိုင်လို့လဲ'

'ဒီလောက် နှာခေါင်းကို လာလာ ကလိနေတာ မဆိုင်ပဲ နေမလားကွ … ဟွန်း'

ကျွန်တော့်စကားကြောင့် သူမမျက်နှာ ရှုံ့မဲ့သွားပြီး …

'ကျွတ် … ပြဿနာပါပဲ …၊ မနက်ကမှ ခေါင်းလျှော်ထား တာ ခုတော့ ရွံ့စရာကြီး …'

'ဘာကွ …'

'ဟုတ်တယ်လေ၊ ရှင့်နှာချေးတွေ ကျွန်မဆံပင်ကို ပေကုန်ပြီလား ... မသိဘူး။ စိတ်ညစ်ပါတယ် ...'

ဖြစ်ရမယ် ပြောပုံက ကိုယ်ကပဲ သူ့ကို နေရင်းထိုင်ရင်း ပြန်တောင်းပန်ရမယ့်အပေါက် ...

'ဒီမှာ ... ဒါဆိုရင် နောက်တစ်ခါ ကားစီးရင် မင်းဆံပင်တွေကို ဒီလို မထားနဲ့ ...'

'အို ...ဘယ်လို ထားရမှာလဲ ...'

'ကတုံး ... တုံးထားလိုက်'

'ဘာ ...ဘာ'

'ဟုတ်တယ်လေ ...၊ ဒါဆို မင်း **ဆံပင်ပေမှာ ဘာညာ** မစိုးရိမ်ရတော့ဘူးပေါ့'

'ဟင် ... ရှင် ... ရှင် ... **လူပါးဝလှချည်**လား၊ ဖြစ်ချင်းဖြစ် ကျွန်မ ကတုံး တုံးရမှာ **မဟုတ်ဘူးရှင့်၊ ရှင့်နှာ**ခေါင်းကိုသာ ဖြတ်ထားရမှာ ... ဟွန်း'

ကျွန်တော် တွန့်ကနဲ ဖြစ်မိသွားသည်။ **နှာ**ခေါင်းဖြတ်ထားသော ကိုယ့်ရုပ်ကို ပြန်မြင်ယောင်ကြည့်မိတော့ ... ကြက်သီးပါ တဖျန်းဖျန်းထမိသွား၏။

'အောင်မာ ... ဘာလို့ ဖြတ်ရမှာလဲ ...၊ မင်းသာကတုံး ... တုံးရမှာ'

'မတုံးဘူး။ ရှင်သာ နှာခေါင်းဖြတ်ရမှာ ...'

'မင်းတုံး'

'ရှင်ဖြတ်'

ထိုသို့ ခဏမျှ ကတုံး ... နှာခေါင်း သံသရာလည်သွားသေးသည်။ ပြီးမှ ...

'ဒီမှာ ငါ့နှာခေါင်းက မင်းဆံပင်ထက် တန်ဖိုးရှိတယ်ကွ'

'အောင်မယ် ရာရာစစ ... ဘာတန်ဖိုးရှိတာလဲ ... ကျွန်မ

ဆံပင်ကို ဖြတ်ပြီးရောင်းရင် ငါးသောင်းလောက် အောက်ထစ်ရတယ်၊ ရှင့်နှာခေါင်းဖြတ်ရောင်းကြည့်ပါလား …အလကားပေးရင်တောင် ဘယ်သူမှ ယူမှာ မဟုတ်ဘူး'

'ဟင်'

ကျွန်တော် နဝေတိမ်တောင် ဖြစ်မိသွားသည်။ သူပြောတာလည်း ဟုတ်တုတ်တုတ် ဖြစ်နေတာကိုး။

'မင်း ဒီလို ပိုက်ဆံနဲ့ တန်ဖိုးလာဖြတ်လို့တော့ ရမလားကွ။ နှာခေါင်းဆိုတာ …လူအသက်ရှင်သန်ဖို့အတွက် မရှိမဖြစ်အရာကွ။ ဆံပင်ဆိုတာ ခန္ဓာကိုယ်အတွက် ဘယ်နေရာမှာ အသုံးဝင်လို့လဲ… ပြောရရင် အလုပ်တောင် ရှုပ်သေး …ဟွန်း'

'အို … ဘာလို့ အသုံးမဝင်ရမှာလဲ … ၊ မိန်းမတို့ဘုန်းဆံထုံးတဲ့၊ ရှင်မကြားဖူးဘူးလား'

'အဓိပ္ပါယ်မရှိလိုက်တာကွာ'

'ရှင်နော် …၊ ဒါ ရှေးလူကြီးတွေ ပြောသွားတဲ့စကားရှင့်'

'သွားစမ်းပါကွာ …၊ ဒါဆို ငါပြောမယ် … မယ်သီလရှင်တွေက ကတုံးတွေဆိုတော့ သူတို့မှာ ဘုန်းမရှိတော့ဘူးပေါ့'

'ရှင် … ရှင်'

သူမ မချိမခံသာ ဖြစ်သွားဟန်တူသည်။ ဒါပေမယ့် ပြန်ပြောစရာစကားလည်း ရှာတွေ့ဟန် မတူတော့။

ကျွန်တော် မထိ … တထိ ပြောပြီး ထပ်ကလိ လိုက်ပါသေးသည်။

'အမှန်တော့ …စကားပုံကို မိန်းမတို့ ဘုန်း ကတုံးဆိုပြီး ပြောင်းရမှာကွ … ဟီဟိ …မင်းလည်း ဘုန်းရှိချင်ရင် ကတုံး … တုံးလိုက်ပါလား … ဟီး'

'ရှင် … ရှင်'

ဆွေ့ဆွေ့ခုန်သွားသည်။

(ထိုင်ရာမှ မြောက်မြောက်တက်သွားသည်ဟု မဆိုလိုပါ)

ညစ်ကျယ်ကျယ် လေသံဖြင့် ...

'ဒီလောက် ပြောနေရအောင် ... ဆံပင်အကြောင်းကို ရှင်ဘယ်လောက်များ သိထားလို့လဲ ... ဟွန်း...'

'ဘာ ... ဆံပင်အကြောင်း ဟုတ်လား'

ဘာမှ ပြန်မပြောဘဲ နှုတ်ခမ်းလေးကိုသာ စိတ်ဆိုးနေဟန်ဖြင့် စူတူတူလေး လုပ်ထားလေသည်။ ရင်ထဲမှာ နွေးကနဲပင် ဖြစ်မိသွားသည်။

'လှလိုက်တာ လမင်းလေးရယ် ...'

မျောသွားသော စိတ်ကို အချိန်မှီ ဘရိတ်ပြန်အုပ်၍ ...

'ဆံပင် အကြောင်း မင်းက ငါ့ကို မသိဘူးများ ထင်နေလား'

'ဟွန်း ... ဒီရုပ်လား သိမှာ ...'

'အေး ... ဒီရုပ်ထက်ပိုပြီး ဘယ်သူ့မှ သိမှာ မဟုတ်ဘူး ...၊ သဘောပေါက်'

ရွှဲ့တဲ့တဲ့လေသံလေးဖြင့်

'ဒါဆို ပြောလေ ... အခုပြော ...'

'အဟမ်း ... အဟမ်း'

'အမြင်ကပ်လိုက်တာဟယ်'

'ကြားချင်သပဆို နားဆင်တော့ဗျို့'

ဟုတ်ရင်ဟုတ် မဟုတ်ရင်တော့ နာမယ်ဆိုတဲ့ ရုပ်နှင့် နားဖွင့်သည်။ ထို့ကြောင့် ကိုယ်ကလည်း ရမ်းတုတ် ... အဲလေ ကိုယ်သိသမျှကို သတင်းလုပ်၍ ပြောရပါလေတော့သည်။

❊ ❊ ❊

## အခန်း (၁၁)

'ဒီလိုကွ … ဆံပင်ဟာ ပျမ်းမျှအားဖြင့် တစ်လကို လက်မဝက်လောက် ရှည်ရှည်လာတတ်တယ် …'

'ဩော် … ဟုတ်လား'

'ဒါကြောင့် တစ်နှစ်ကို ငါးလက်မခွဲကနေ ခြောက်လက်မလောက်ထိကို ပိုရှည်လာတတ်တယ် …'

'ဟယ် …ထူးဆန်းလိုက်တာနော်'

ကျွန်တော် ဘုကြည့်ကြည့်ပစ်လိုက်သည်။ ကောင်းကောင်းနားမထောင်ဘဲ ကိုယ့်ကို လာရွဲ့နေတာကိုး။ ဆက်ပြောသည်။

'အဓိက အရောင်တွေက အနက်ရယ်၊ အညိုရယ်၊ အနီရယ်၊ အဖြူရယ်ဆိုပြီး လေးမျိုးရှိတယ်'

'ဟယ် … ဒါလည်း ထူးဆန်းတာပဲတော့'

သိပ်မဟုတ်တော့ … ဒီကောင်မလေး နည်းနည်းတော့ လွန်လာပြီ။

'ဒီမှာ …'

'ဘာတုန်း …'

'ကောင်းကောင်း နားထောင်ပါ'

'ဟင့်အင်း ... လမင်းပဲ နားထောင်နေတာ'

'ကျွတ်'

'ကျလိ'

'ဘာလဲကွ ... ကျလိဆိုတာ'

'မသိဘူးလေ ... ရှင်က ကျွတ်ဆိုတော့ ကျွန်မက ကျလိ ကြည့်တာ'

'ဟာကွာ ...ငါက စိတ်ညစ်လို့ လုပ်တာကွ'

'အင်း ...ကျွန်မက ပျော်လို့'

ကျွန်တော် မနေနိုင်တော့စွာ မျက်စောင်းပိတ်ထိုးပစ်လိုက် ပါလေတော့သည်။ တော်တော် ကပ်သီးကပ်သပ် ပြောတတ်တဲ့ ဟာ မလေး။

'တော်ပြီ ... မပြောတော့ဘူးကွာ'

'ဘာလဲ စိတ်ကောက်သွားတာလား'

ကြည့်ပြောပုံကိုက ကိုယ်ကလည်း နှုတ်ခမ်းစူပြီး ခြေဆောင့် ၍ သွား ... လာမခေါ်နဲ့လို့ ပြောရမယ့် အပေါက်မျိုး ...။

'ဟ ... ယောကျ်ားကြီးတန်မဲ့ ငါက စိတ်ကောက်စရာလား၊ မင်းက လိုက်ပြီး ကန့်လန့်ပြောနေတာကိုး'

'အင်း ... အင်း ဒါဆို ကျွန်မမပြောတော့ဘူးလေ'

ခုလိုကျတော့လည်း သူက သဘောထားကြီးပြီး၊ ကိုယ်က ပဲ သဘောထား သေးနေသလိုလို ဘာလိုလိုနဲ့။

ကျွန်တော် စိတ်ကို လျှော့ချလိုက်ပြီး ဆက်ပြောရတော့သည်။

'ဟင်း ... ဒီလိုကွ၊ ကျတယ်လီလို့ခေါ်တဲ့ ဦးရေပြားအောက် မှာ 'ကိုတက်'လို့ခေါ်တဲ့ အခန်းမာလေးတွေ ရှိတယ်၊ ပြောရရင်တော့ တွင်းငယ်လေးတွေ့ပေါ့ကွာ ...၊ ဒီတွင်းငယ်လေးတွေထဲက နေပြီး တော့ ဆံပင်က ထွက်လာတာ'

'ပြီးတော့ ... ဒီတွင်းငယ်လေးတွေရဲ့ ပုံသဏ္ဌာန်က များ

သောအားဖြင့် ဘဲဥပုံသဏ္ဍာန်ရှိတယ်၊ တချို့ကတော့လည်း ပြားချပ်ချပ်ပုံရှိတယ်။

အဲ … ဘဲဥသဏ္ဍာန်တွင်းထဲက ထွက်လာတဲ့ ဆံပင်ဆိုရင် ကောက်တယ် …'

သူမကြည့်ရတာ စိတ်ဝင်စားလာပြီ ထင်သည်။

ကိုယ်ပြောတဲ့ အကြောင်းကိုလား… ကိုယ့်ကိုလား မသိ …ဟီ …ဟီ။

မျက်လုံးလေးပိုင်းပြီး နားထောင်နေသော လမင်းကို မချင့်မရဲ ကြည့်၍ …

'ပြီးတော့ … ဆံပင်မှာ အမြစ်ဆိုတာ ရှိတယ်ကွ။ အဲဒါကို အင်္ဂလိပ်လို 'ဖော်လစ်တယ်' လို့ ခေါ်တယ်။ ဒီဖော်လစ်တယ်အောက်မှာ 'ဖက်ပီလာ' လို့ခေါ်တဲ့ ဆီအိုးဆိုတာရှိတယ်။ ဒီဆီအိုးက ဆံပင်ရဲ့ အဓိက ပြောင်းလဲမှုတွေမှာ အရမ်းကို အရေးပါတယ်…'

ပြောရင်းဆိုရင်း လမင်းကို ဖြတ်ကနဲ ခိုးကြည့်မိသေးသည်။ လှသည်။

ပြီးမှ ဆက်ပြောသည်။

'ဒီဆီအိုးက ဆံပင်အတွက် ဘယ်လို အရေးပါသလဲဆိုရင် … ဆီအိုးမှာ ရှိတဲ့ ဆီအရောင်အတိုင်းလိုက်ပြီးတော့ ဆံပင်က အရောင်ပြောင်းတယ် … ပြောရရင်တော့ကွာ …ဆီအိုးထဲမှာ ရှိတဲ့ ဆီက အနက်ဆိုရင် ဆံပင်နက်မယ်၊ အညိုဆိုရင် ဆံပင်ညိုမယ်၊ ပြီးတော့ ဆီအပြည့်ရှိရင် ဆံပင် သန်စွမ်းပြီးတောက်ပတယ်၊ ဆီမပြည့်ရင် ဆံပင်မွဲခြောက်ခြောက် ဖြစ်တယ်'

ကျွန်တော် စကားကို ရပ်ပစ်လိုက်သည်။ ဒီထက်ပိုပြီး အသေးစိပ်ပြောရရင် တစ်ထောင့်တစ်ညပုံပြင်ထက် ရှည်သွားနိုင်တာကိုး။

ဒါကိုပင် သူမ မကျေနပ်သေးဟန် မတူဘဲ ထပ်ရစ်သည်။

'ယောကျ်ားလေးတော်တော်များများက အသက်ကြီးလာရင် ဘာလို့ ထိပ်ပြောင်သွားကြတာလဲ ရှင်သိလား'

'အင်း ...အဓိက အကြောင်းရင်းက ဆံပင်ကျွတ်လို့ကွ'

'အို ... ကျွန်မတို့ မိန်းကလေးတွေကရော ဆံပင်ကျွတ်တာပဲဟာ ... ဘာလို့ ထိပ်မပြောင်ရတာလဲ ...'

'ဒါက ဒီလိုရှိတယ်ကွ'

'ဆိုပါဦး ...'

'ဆံပင်တစ်ချောင်းက ပျမ်းမျှအားဖြင့် သုံးဆယ့်သုံးခါ ကျွတ်လို့ရတယ် ...၊ အဲ ... သုံးဆယ့်သုံးခါထက် ပိုကျွတ်ရင် အဲဒီနေရာမှာ ဆံပင် ပြန်မပေါက်တော့ဘူး။ ပြီးတော့ ယောကျ်ားလေးတွေက မိန်းမတွေထက် ဆံပင်ကျွတ်နှုန်း နှစ်ဆ ပိုမြန်တယ် ...၊ ဒါကြောင့် ထိပ်မြန်မြန် ပြောင်တာပေါ့ ... ကွ'

'ရှင်ပြောတိုင်း ကျွန်မက ယုံပေးရမှာလား'

ကျွန်တော် ပုခုံးကို တစ်ချက်တွန့်၍ ...

'ဒါတော့ ...ငါလည်း မတတ်နိုင်ဘူး၊ မင်းဘာသာမင်း ယုံချင်ယုံ မယုံချင်နေ ...ဒါပဲ'

မျက်စောင်းလှမ်းထိုးသည်။

ချစ်ရသူ၏ မျက်စောင်းမို့ ကြည်ကြည်သာသာပင် လက်ခံလိုက်သည်။

ခဏနေတော့ သူမ စောဒက တက်သည်။

'ရှင်ဟာလေ ...ဘာနဲ့တူနေသလဲ သိလား ...'

'အင်း ... ပြောပါဦး'

'သားသမီးကို မွေးတုန်းက မွေးထားပြီး ... ရှာတော့ မကျွေးချင်တဲ့ မိဘနဲ့ တူနေတယ်ရှင့်'

'ဟော့ဗျာ ...'

ကိုယ်လူပျိုစစ်စစ်က ဘယ့်နှယ်ကြောင့် ကလေးအဖေ ဖြစ်သွားရပါလိမ့်။

'ဟော့ … ဟော့ …ငါက လူပျိုကွ … ဟွန်း'

'အို … ကျွန်မက ဥပမာ ပြောနေတာကိုများ နာစရာလား'

အီလည်လည်ဖြင့်သာ ခံလိုက်ရသည်။ သူက ဥပမာဆိုတာကိုး။

'ဆိုစမ်းပါဦး … မင်းရဲ့ ဥပမာကြီးရဲ့ အဓိပ္ပါယ်ကို …'

သူမ ပြုံးသည်။ ပြုံးလျှင် ပိုလှသည်ဟု ထင်မိသည်။

သူမ နှုတ်ခမ်းလေးကို ချွန်၍ …

'ဒီလိုလေရှင် …'

'အင်း …ဘယ်လိုလဲ …'

'သားသမီးကို မွေးရုံသာမွေးပြီး ကျွေးမွေးပြုစုချင်တဲ့ စိတ်မရှိဟဲ့ မိဘကို အကြင်နာတရားရှိပါတယ်လို့ ပြောလို့ရမလား'

'ဟင့်အင်း … ဘယ်ရမလဲ'

'ဟုတ်ပြီ၊ ဒါဆိုရင် … ရှင်လည်း ဒီအတိုင်းပဲဟာ…'

'ဟ … ဘာဆိုင်လို့လဲက'

'ဩော် …ဘာလို့ မဆိုင်ရမှာလဲ၊ ရှင်က ဆံပင်အကြောင်းတွေကို သိတယ်လေ …'

'အင်း …ဟုတ်တယ်လေ'

'ဒါပေမယ့် … ရှင်ပြောတဲ့စကားထဲမှာ ဆံပင်ကို တန်ဖိုးထား မြတ်နိုးကြောင်း ဘယ်နေရာမှာ ပါလို့လဲ … ကဲ'

ဖြေလေဆိုသည့် မျက်ဝန်းမျိုးဖြင့် ကြည့်၍ မေးခြင်း ဖြစ်သည်။

'ဟာ … ဒါ … ဒါကတော့'

'ဘာမှ ဒါကတော့ လုပ်မနေနဲ့၊ ရှင့်ဆီမှာ ဆံပင်နဲ့ ပတ်သက်လို့ ဘာခံစားချက်မှ မရှိဘူး …'

ဒါသည် ကိုယ့်ကို အကြင်နာတရားမရှိသူဟု စွတ်စွဲလိုက်တာပင်။

သူ့စွပ်စွဲချက် လုံးဝ မမှန်ကန်ပါ။ ဒါပေမယ့် သူမှားနေကြောင်းကို ကိုယ် ရှင်းပြမနေချင်တော့။ ကိုယ်ရှင်းပြမနေခြင်းကလည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူမ၏ ဆံပင်တွေကို ကျွန်တော် ဘယ်လောက်တန်ဖိုးထားကြောင်း၊ ဘယ်လောက် မြတ်နိုးကြောင်းကို သူ သေချာ သိမြင်သွားလိမ့်မည်ဟု ယုံကြည်မိသောကြောင့်ပင် ဖြစ်သည်။

ဒါပေမယ့် အငြိမ်မနေသော ပါးစပ်က သူမနှင့် ကျွန်တော့် အကြား အဖုအထစ်ကလေး ဖြစ်အောင် ပြောကို ပြောမိလိုက်သေး၏။

'ဒီမှာ ... ဘုရားရှင်လက်ထက်က ကိုယ့်အမေနှားရွက်ကို ကိုယ်ပြန်ကိုက်ဖြတ်လိုက်တဲ့ သူခိုးကြီးအကြောင်းကို ကြားဖူးလား'

'ကြားဖူးသားပဲ ...'

'အဲဒီအထဲက အမေလုပ်တဲ့သူက တော်လား ... ညံ့လား'

'ညံ့တယ်လေ ...၊ သူ့ကြောင့် သူ့သား သူခိုးဖြစ်သွားတာကိုး ...'

'အင်း ...မင်းလည်း ဒီဇာတ်တော်ထဲက အမေအတိုင်းပဲ'

'ဘာ ...ဘာ'

'ဟာ ...ဟုတ်တယ်လေ၊ မင်း အထိန်းအသိမ်းမတတ်လို့ မင်းဆံပင်တွေ ငါ့နှာခေါင်းထဲ ဝင်လာတာပေါ့ကွ'

သူမ ရှုးရှုးရှားရှား ဖြစ်သွားသည်။

ကျွန်တော် ဂူးဂူးဝါးဝါး ဖြစ်မနေပါ။

ဒူးကလေးကိုသာ အသာနှံ့၍ ခပ်တည်တည် နေပေးလိုက်သည်။

အမှန်တော့ သူနှင့်ကျွန်တော် ပြောနေသော ကိစ္စများသည် ပြဿနာအရင်းခံနှင့် လွဲချင်လွဲနေနိုင်သည်။ ဒါပေမယ့် ထူးအိမ်သင်

သီချင်းထဲကလို လွဲလွဲကလေးပဲ ကောင်းပါတယ်ဟုသာ သတ်မှတ်ရပါတော့မည်။

သူမ ကျွန်တော့်ကို မကျေနပ်ပါ။

ထိုသို့ သူမ မကျေနပ်ကြောင်းကို ပြောတော့မည်ဟန်ပြင်နေစဉ် …

'ဟို … ဆံပင်ကို သုသေသတလုပ်နေတဲ့ အစ်ကိုလေးနဲ့ အစ်မလေး …'

ခေါင်းပေါ်မှ ထွက်လာသော ကြောင်စီစီအသံကြောင့် ကျွန်တော် မော့ကြည့်မိလိုက်သည်။

ကားစပယ်ယာပါ …။

ကျွန်တော် လေသံခပ်တင်းတင်းဖြင့် …

'ဘာလဲ …ဟေ့ကောင်'

'ကားခ …လေး မစပါဦး'

ဟုတ်သားဟ။ အခုအချိန်ထိ ကိုယ် ကားခမှမပေးရသေးတာ။

'ကဲကွာ … ရော့ …ရော့ ဟင်း …'

နှစ်ရာတန် လှမ်းပေးလိုက်သည်။

'ဘယ်အထိလဲ အစ်ကို …'

'တာမွေ …'

ငတိ ခေါင်းတညိတ်ညိတ်ဖြင့် ထွက်သွားသည်။ ပိုတဲ့ပိုက်ဆံ ပြန်မအမ်းသွား။ တောင်ဥက္ကလာနှင့်တာမွေက တစ်ရာပဲ ကျတာလေ။ ထို့ကြောင့် ပြန်တောင်းဟန်ပြင်စဉ်မှာပင် … လမင်းဆီမှ စိတ်ဆိုးမာန်ဆိုးလေသံဖြင့် …

'ရှင်က ဘာဖြစ်လို့ ကျွန်မ ကားခပါ ပေးလိုက်ရတာလဲ'

'ဟော … ငါက'

'အဲဒီလို ပိုင်စိုးပိုင်နင်း မလုပ်နဲ့၊ ကျွန်မ မကြိုက်ဘူး'

'အင်း … ဒါက … ဟို'

အမှန်ပော့ သူမ ကားခကို ကိုယ်စိုက်ပေးဖို့ စိတ်ကူး လုံးလုံး မရှိ။ ကိုယ့်ကားခကိုသာ ပေးခြင်းဖြစ်သည်။ ဒါကို စပယ်ယာက နားလည်မှု လွဲပြီး နှစ်ယောက်စာ ယူသွားခြင်းဖြစ်သည်။

သူ့ကားခကို ကိုယ်ပေးသည်ထင်ပြီး လမင်း စိတ်ဆိုးသွားသည်က ပြဿနာမရှိ။ ပြဿနာရှိသွားသည်က ကိုယ့်မှာ ပြန်ဖို့ ကားခ လုံးဝ မရှိတော့သည့် ပြဿနာ။ လမင်း မခံချင်ဖြစ်ပြီး ပိုက်ဆံ ပြန်ပေးလျှင် ကောင်းမည်။

'ဒီမှာ ရှင့်ကို တစ်ခါတည်း ရှင်းအောင် ကျွန်မ ပြောထားမယ်'

ပိုက်ဆံ ပြန်ပေးတော့မည် ထင်သည်။ ထို့ကြောင့် အားတက်သရောဖြင့် …

'ဟာ … ပြောလေ … ပြောပါ'

'နောက်တစ်ခါကျရင် …'

'အင်း …'

'ကားခ လုံးဝ လာမပေးနဲ့ ကျွန်မ လက်သင့်မခံနိုင်ဘူး'

'ဟော့ဗျာ …'

နောက်တစ်ခါမှတဲ့။ ဒါဆို ဒီတစ်ခါတော့ လက်ခံပါတယ် ဆိုသည့် သဘောပေါ့ …၊ တောက် ပြဿနာပဲကွာ …။

မဖြစ် …နည်းနည်းပါးပါးတော့ တီးခေါက်ကြည့်ရတော့မည်။

'အဟင်း … ဟိုလေ … ဘယ်လို ပြောရမလဲ၊ အခု ကိစ္စက …'

'တော်ပြီ … ကျွန်မကို ဘာတစ်ခုမှ လာပြောမနေနဲ့တော့ … ဟွန်း'

ထိုသို့ ပြောပြီး ပြတင်းပေါက်ဘက်သို့ မျက်နှာလှည့်သွားသည်။ ကျွန်တော့်ဘက်သို့ လုံးဝ ပြန်လှည့်မလာတော့ …။

'တောက် … တော်တော်ဟုတ်တဲ့ ဟာမလေးကွာ'

ငိုချင်သည်။ ခေါင်းကလည်း ထူပူပြီး ဘာအကြံဉာဏ်မှ ထွက်မလာတော့။ ကိုယ်ကလည်း ကိုယ်ပဲ ပိုက်ဆံအပိုမပါဘဲနဲ့ လိုက်ကြောင်ခဲ့မိတာကိုး။ တရားခံအစစ်က ဟိုကောင် စပယ်ယာ …။ ဘုမသိ ဘမသိနဲ့ ဘာကောင်မှန်းမသိ။ နည်းနည်းပါးပါး မေးပါလား …။

အစ်ကိုတစ်ယောက်လား …နှစ်ယောက်လားဆိုတာကို။

ဟင့် … ခုတော့ … လမင်းကို အမှန်အတိုင်း ရှင်းပြပြီး ပိုက်ဆံပြန်တောင်းရအောင်ကလည်း သိပ်မကောင်းလှ။ ရှက်သွားပေမည်။

သူရှက်လျှင် ကိုယ်ငတ်မည်။ (အချစ်ငတ်သွားမည်ဟု ဆိုလိုသည်)

ထိုသို့ စိတ်ပျက်စွာ တောင်တွေးမြောက်တွေးဖြင့် တာမွေသို့ ရောက်လာပါ၏။ တာမွေရှိ ကျူရှင်အသေးလေးတစ်ခုတွင် လမင်း စာပြနေကြောင်းကို ယခင်နေ့တွေက လိုက်ကြည့်ဖူးသဖြင့် သိသည်။ ထို့ကြောင့် လမင်းဆင်းတော့မည်ဖြစ်သည်။ သူ့နောက်လိုက်လာခြင်းကြောင့် ကိုယ်ပါ ဆင်းရတော့မည်။

အထူးတော့ နောက်ပြဿနာနောက်မှ ကြည့်ရှင်းတော့မည်။

'ဖယ် …'

'ငါလည်း ဆင်းမှာပါကွ'

သူမ မျက်စောင်းလှမ်းထိုးသည်။ မျက်စောင်းဆိုသည့် အရာက မိန်းကလေးတွေမှာ တော်တော် ပေါပေါများများ ရှိပုံရသည်။

ကျွန်တော် ဆင်းဖို့ အပေါက်ဝနားသွားရပ်သည်။ သူမပါ ကျွန်တော့်နောက်ကပါ …ပါသည်။

အပေါက်ဝမှာရှိသော စပယ်ယာက ကျွန်တော့်ကို ဘာကြောင့်မှန်းမသိ ဟီးခနဲ ရယ်ပြသည်။ ပြန်ရယ်မပြဖြစ်ပါ။ ဒင်းကို မျက်

ထောင့်နီကြီးဖြင့် ကြည့်ပြီး ··· မျက်နှာနားကပ်၍ လေသံတိုးတိုးဖြင့် ···

'မင်း ···သတိထားနေ သိလား'

ကိုယ်က ကြိမ်းဝါးလိုက်တာပါ။ ဒါကို ကိုယ်တော်က ဘယ်လို ယူဆသွားသည်မသိ။ ပြုံးဖြီးဖြီးရယ်ဖြင့် ···

'ဟာ ··· ကျေးဇူးပဲအစ်ကို ··· ကျေးဇူးပဲ ··· ဟဲ···ဟဲ'

ကျွန်တော် ခေါင်းကုတ်မိသည်။

နောက်တော့ ··· ကားက မှတ်တိုင်တွင် ရပ်သည်။ ရောက်ပြီဖြစ်၍ ဆင်းရသည်။ အောက်ရောက်တော့ ငတိမက ···

'ဒီမှာ ရှင့် ··· ကျွန်မ ကျူရှင်ရှေ့အထိတော့ မလိုက်လာပါနဲ့နော် ··· ဟွန်း'

'အေးပါ'

ကျူရှင်ရှေ့အထိ မလိုက်လာနှင့်ဟု ပြောသောကြောင့် ကျွန်တော် ကျူရှင်နားအထိ လိုက်ပါလာသည်။

လမင်းဘာမှတော့ ဆက်မပြောပါ။ သူမဘာသာသူမ လှတပတပုံစံဖြင့် ခပ်ကြွကြွလေး လမ်းလျှောက်သည်။ ကျွန်တော် ကုတ်ချောင်းကုတ်ချောင်းပုံစံဖြင့် ဘေးမှ လိုက်သည်။ စိတ်ထဲမှ တော့···

'ဟူး ··· ကားခကို ဘယ်လို ပြန်တောင်းရင် ကောင်းမလဲ'

ကျူရှင်ရောက်ဖို့ လမ်းက တိုတိုပဲ ကျန်တော့သည်။ ထို့ကြောင့် စိုးရိမ်စိတ်တို့က ရှည်လာသည်။ ဒီတော့ ···

'လ ··· လမင်း'

ယောင်ယောင်လေး စောင်းငဲ့ကြည့်သည်။ အား ··· လှလိုက် တာကွာ ···။ ပြီးတော့ မျက်ခုံလေးချီ၍ ···

'ဘာလဲ ···'

ပြောရမည့် စကားက 'အ' သွားသည်။ ကိုယ့်ချစ်နေရသူ

လေ …ငါ့ကားခလေး ပြန်ပေးပါလားဆိုပြီး ဘယ်လိုလုပ် ပြောထွက်တော့မှာလဲ။

'အဟင်း … ဘာမှမဟုတ်ပါဘူး'

မျက်စောင်းပြေပြေလေးထိုး၍ …

'ကျွန်မကျူရှင် ရောက်တော့မယ် …'

'အင်းပါ …'

ကျွန်တော် သက်ပြင်းချ၍ နောက်ချန်နေရစ်လိုက်တော့သည်။ သူမကတော့ ကော့ကော့ရော့ရော့လေး လမ်းလျှောက်၍ ကျူရှင်ထဲ ဝင်သွားပါတော့သည်။

ကျွန်တော် စိတ်ကို ငြိမ်ငြိမ်ထား၍ တွေးကြည့်သည်။

'အပြန် ကားခ ဘယ်က ရနိုင်မလဲ …'

* * *

# အခန်း (၁၂)

ဒီနားမှာကလည်း ကိုယ့်အသိမိတ်ဆွေက တစ်ယောက်မှ မရှိ။ လမင်းကိုလည်း အပြစ်မတင်ရက်ပါ။ ကားစပယ်ယာကိုလည်း အပြစ်မဖို့ချင်တော့ပါ။ ငွေရေးကြေးရေးနှင့် ပတ်သက်၍ အမြဲတမ်း အခက်အခဲကြုံတွေ့ရလေ့ရှိသော ကိုယ့်ဘဝသာကိုယ်ပြန်ရင်နာနေမိတော့သည်။

ကိုယ့်ရဲ့ ကံကြမ္မာကို ရေးဆွဲသော နတ်မင်းကြီးသည် လူပြောင်လူနောက်တစ်ဦး ဖြစ်ပုံရသည်။ အဘယ့်ကြောင့်ဆိုသော် ... ချမ်းသာသော မိဘများမှ ကိုယ်ပေါက်ဖွားလာခြင်းကတော့ မှန်ပါသည်။ ဒါပေမယ့် ... ဒီချမ်းသာခြင်းသည် ကိုယ့်နှင့် ဘာဆိုဘာမှမဆိုင်။ ဘယ်တုန်းကမှ ဆိုင်သလိုလိုလေးပင် မရှိခဲ့။ အမြဲတမ်းလိုအပ်ချက်ပေါင်းစုံနဲ့ ရင်ဆိုင်ခဲ့ရသည်။

ဒီလို မဆီမဆိုင်သေးမွှားသော ငွေကြေးပြဿနာလေးများနှင့် အခါပေါင်းများစွာ ရင်ဆိုင်နေရသော မိမိဘဝသည် မိမိနှင့် ထိုက်တန်ပါသလား။ ရယ်ချင်သည်။ နာနာကျည်းကျည်းနဲ့ကို ရယ်ပစ်လိုက်ချင်သည်။ ဘဝသည် ကိုယ်လိုချင်တာတွေ ရဖို့နဲ့ ကိုယ်မလိုချင်တာတွေ မရဖို့ အမြဲတမ်း အားပြိုင်နေရသည်တဲ့။

ကိုယ်ရော ဘာတွေ လိုချင်မိခဲ့သနည်း။ သိပ်အများကြီး မရှိခဲ့ဟုတော့ ထင်မိသည်။ အဓိကအားဖြင့် ပြောရရင် အဖေ့ဆီမှ နားလည်မှုကို လိုချင်သည်။ အနုပညာသမားတစ်ယောက် ဖြစ်ချင်သည်။ အခု လမင်းထံမှနှစ်လိုဖွယ် အပြုံးကို မြင်ချင်သည်။

ဒီဆန္ဒများသည် လူသားတစ်ယောက်၏အတွက်နှင့် ယှဉ်လျှင် သိပ်မလွန်လောက်ဟုတော့ ထင်မိသည်။ ဒါပေမယ့် ခုအချိန်ထိတော့ တစ်ခုမှကို ဖြစ်မလာသေး။ ဒါ ဘာကြောင့်လဲ။

ကိုယ်ကပဲ ကြိုးစားအားထုတ်မှု ညံ့လို့လား။

ဒါလည်း သိပ်မဟုတ်လှသေးဟု ထင်မိပြန်သည်။ ဘာဖြစ်လို့လည်းဆိုတော့ အဖေ့ဆီက နားလည်မှုရနိုးနိုးဖြင့် ကိုယ်ကျန်ခဲ့သော ဘဝတော်တော်များများမှာအဖေ့ စိတ်တိုင်းကျ နေထိုင်ခဲ့သည်ချည်းပင် ဖြစ်သည်။ နောက်ဆုံး ဘယ်လိုမှ ဖြစ်လာလိမ့်မည်ဟု ထင်မှတ်မထားတော့သောကြောင့် ကိုယ့်လမ်းကိုယ် လျှောက်ခဲ့ရခြင်းသာ ဖြစ်သည်။

အဲ ... အနုပညာနှင့် ပတ်သက်လို့ရော ကိုယ်ဘယ်မှာ ကြိုးစားအားထုတ်မှု ညံ့ခဲ့သနည်း။ ကိုယ်တစ်ပတ်ဆယ်ရက်လောက် ခေါင်းခြောက်ခံ အပင်ပန်းခံ ကောင်းတာထက်ကောင်းအောင် ရေးသားခဲ့ရသော ကဗျာတစ်ပုဒ်သည် အယ်ဒီတာဆိုသောပုဂ္ဂိုလ်က မျက်လုံးတစ်ချက်လောက် ဝေ့ပြီး ဖတ်ကာ ခေါင်းတစ်ခါခါလုပ်ပြီး အမှိုက်ခြင်းထဲ ထည့်ပစ်လိုက်သည်။

ရင်နာမိခဲ့သော်လည်း စိတ်မနာမိပါ။ ကိုယ့်အရည်အချင်းက အပယ်ခံလောက်သာ ရှိသေးသည်ဟု ဖြည့်တွေးပေးလို့ ရခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် ကိုယ်ကြိုးစားခဲ့သည်ဆိုတာကတော့ သေချာသည်။

ခုလည်း လမင်းဆိုသော ကောင်မလေးနှင့် အမှတ်မထင် တွေ့ခဲ့သည်။ ဘယ်မိန်းကလေးကိုမှ စေ့စေ့မကြည့်ခဲ့သော ကိုယ့်နှလုံးသားက ချစ်တယ်ဟု ထအော်သည်။ ဒါကြောင့် အများနည်းတူ

လိုက်သည်။ ဒါပေမယ့် အများနည်းတူ ပြန်ကြိုက်ဖို့ မပြောနှင့် ကိုယ့်ကို ရိုက်မလွှတ်ရင်တောင်မှ ကံကောင်းတယ်ဟု ပြော၍ရသော အဆင့်။ ဒီမျှ တိုးတက်မှုရှိသည်။

အဆင်မပြေခြင်းဆိုသော မိုးသည် ကိုယ့်ဝစ်ယောက်တည်းကိုမှ စိုစေသလားမသိ။

စိတ်ဓာတ်ကို ကိုယ်တက်နိုင်သလောက် တင်းထားခဲ့သော်လည်း ရှုံးပွဲတွေများလာတော့ လူက ငြီးငွေ့လာပြီ။

ဘာတွေလဲ ···?

ဘဝဆိုတာက ဘာလဲ ···?

ဒုက္ခကို ပျားရည်သုတ်ပြီး ကျွေးရင်တောင်မှ ချိုတယ်ဆိုပြီး စားပစ်ချင် စားပစ်မိဦးမယ်။ ခုဟာက မဟုတ်။ ဘာအချိုသကာမှ မပါဘဲ အတုံးလိုက် အတစ်လိုက်ကို မျိုချနေရတာ ···။ ပြောရရင် ဒူးထောက် ··· လက်မြှောက်ထားပါတယ်ဆိုကာမှ လေးဘက်ကလေး ပါ ထောက်လိုက်ပါဦးလို့ လာပြောနေတဲ့ အပေါက်မျိုး ···။

ကျွန်တော် စိတ်လေလေဖြင့် လမင်းကျူရှင်ရှိရာ လမ်းထိပ် အုတ်ခုံလေးမှာ ထိုင်ပြီး ငိုင်နေခြင်းဖြစ်သည်။

ပိုလျှံနေသော အချိန်တွင် တစ်ရာဆိုသောပိုက်ဆံသည် ဘာမှ အသုံးမဝင်ရဘူးဟု ထင်ရသော်လည်း တကယ်တမ်း အရေးတကြီး လိုအပ်နေသော အချိန်တွင် ၄င်း ငွေတစ်ရာသည် မြင့်မားသော ငွေကြေး ပမာဏထင်ရသည်။

ငွေတစ်ရာ ဘယ်နေရာက ရှာရမည်နည်း။

ဘာရယ်မဟုတ် လက်မှ နာရီကို ကြည့်မိလိုက်သည်။ ဆယ့်တစ်နာရီထိုးပြီ။

ထိုတော့မှ ဖြုံးခနဲ သတိရမိတော့သည်။

'ဟား ··· ဟုတ်တာပဲ။ ငါ့ဆီမှာ နာရီရှိသေးတာပဲ'

ဟုတ်တယ်လေ ···။ နာရီခဏထားခဲ့ပြီး ပိုက်ဆံတစ်ရာ

ချေးရင် ဘယ်သူမဆို ချေးမှာပဲ။ နောက်မှလာပြီး ကိုယ်ပြန်ရွေးလိုက် ရုံပေါ့။

ထိုအတွေးကြောင့် ပူပန်နေသော စိတ်သည် တော်တော်ပင် ပေါ့ပါးသွားသည်။ ထိုင်ရာမှ ထ၍ မျက်စောင်းထိုးနားတွင်ရှိသော ကွမ်းယာဆိုင်လေးတစ်ဆိုင်သို့ ခပ်သွက်သွက်ပင် လျှောက်သွားလိုက် ပါတော့သည်။

* * *

ကျွန်တော် ရင်တွေ တဒိုင်းဒိုင်း အခုန်မြန်နေပါသည်။ ကွမ်းယာရောင်းသောတိက နာရီကို စိန်တစ်ပွင့်ကဲ့သို့ပင် ဖင်တပြန် ခေါင်းတပြန် သေချာကြည့်နေတာကိုး ...

ကိုယ့်နာရီက လေးငါးထောင်လောက်တော့ တန်သည့် နာရီ တစ်လုံးပါ ...။ ဝယ်ထားတာက တစ်နှစ်လောက်ရှိပြီ ...။ ဘာပဲ ဖြစ်ဖြစ် တစ်ရာလောက်တော့ တန်လောက်ပါသည်။

ထိုငတိ သေချာ လေ့လာသွားပြီးနောက် ...

'အင်း ...ကျွန်တော် မြင်တာ ပြောရရင် ခင်ဗျားနာရီက ... အင်း'

ထိုလူ စကားဆက်မပြောသေးဘဲ ကျွန်တော့်ကို သေချာ စိုက်ကြည့်သည်။ ပြီးမှ ...

'အထဲမှာ စက်ရှိတယ်ဗျ'

စိတ်လေသည်။ အထဲမှာ စက်မပါဘဲနဲ့ သွားတဲ့ နာရီ မြင်ဖူး သည်ထင်သည်။

'ကဲ ...ထားပါလေ ...၊ ခု ခင်ဗျားက ပိုက်ဆံ ဘယ်လောက် လိုချင်လို့လဲ ...'

'တစ်ရာလေဗျာ ...၊ ပြောပြီးသားဟာကို'

'မဖြစ်နိုင်ဘူးဗျ ...ပြဿနာရှိတယ်'

ကျွန်တော် နဝေတိမ်တောင် ဖြစ်သွားမိသည်။ နာရီက အကောင်းကြီးပဲဟာ ဘာပြဿနာရှိလဲပေါ့။ ထို့ကြောင့် ...

'နာရီက ဘာများ ဖြစ်နေလို့လဲဗျ'

'အင်း ... နာရီက ဘာမှ မဖြစ်ပါဘူး၊ ဖြစ်နေတာက ကျုပ်'

ဒါဆို နာရီမပျက်ဘဲ သူပျက်နေတယ် ထင်တယ်။

'ခင်ဗျားက ဘာဖြစ်နေလို့လဲ ...'

'ဈေးဦး မပေါက်သေးလို့'

'ဟော့ ... အဲဒါနဲ့'

'ဟုတ်တယ်ဗျ၊ ကျုပ်တို့ ဈေးသည်တွေရဲ့ ထုံးစံမှာ ရောင်းတဲ့ပစ္စည်း ဈေးဦးမပေါက်သေးဘဲနဲ့ ငွေထွက်သွားရင် တစ်နေ့လုံး လာဘ်တိတ်သွားတတ်တယ်ဗျ ...'

'တစ်ရာထဲပဲ ဟာကိုဗျာ ...'

'တစ်ရာလည်း ပိုက်ဆံပဲဗျ၊ ပြီးတော့ ကျုပ်မိန်းမက မှာထားတယ်၊ ရှုပ်ရှုပ်ရှုပ်ရှုပ် ကိစ္စတွေ မလုပ်ပါနဲ့တဲ့ ... အဟင့်'

စိတ်ထဲမှာ ခံပြင်းမိသွားသည်။ လက်စသပ်တော့ မိန်းမ ဆူမှာစိုးလို့ ကိုယ့်ကို ဝေ့လည်ကြောင်ပတ်လုပ်နေတာကိုး။

'ခင်ဗျား တော်တော် မိန်းမကြောက်တဲ့လူပဲ ...'

'အာ ... မကြောက်ပါဘူး ...'

'မကြောက်ရင် တစ်ရာပေးလေ'

'အင်း ... ဟို ... ဟိုး ဒါကတော့'

'တော်ပြီဗျာ ... ဘာမှလာမပြောနဲ့တော့ ဟွန်း'

ကျွန်တော် စိတ်တိုတိုနှင့် ပြောပစ်လိုက်ပြီး အုတ်ခုံတွင် ပြန်ထိုင်ရတော့သည်။ စိတ်ထဲတွင်တော့ မကျေနပ်သည့်စိတ်တို့က တွန်း

ထိုးလှုပ်ရှားလျှင် …။ အခု ဘာဆက်လုပ်ရင်ကောင်းမည်နည်း။

စိတ်ကို ပြန်လျှော့၍ ခေါင်းကို ခပ်အေးအေးထားကာ ပြန်စဉ်းစားရသည်။ နောက်တစ်ဦးထံ နာရီ ထပ်သွားပေါင်ရင်ကော။

ခေါင်းကို ခါရမ်းပစ်လိုက်မိသည်။ မဖြစ်နိုင်။ ပြောချင်သည့်စိတ်ကို မရှိတော့။ ဒါဆို ဘာဆက်လုပ်ရမည်နည်း။

မျက်ဝန်းထဲတွင် လမင်းပုံရိပ်က တိုးဝင်လာသည်။ ဟုတ်သားပဲ။ ကိုယ့်ရဲ့ လမင်းရှိတာပဲဟာ။

လမင်းရှိတာကတော့ ဟုတ်ပါပြီ။ လမင်း ကျူရှင်က ညနေသုံးနာရီမှ ဆင်းတာဆိုတော့ ကိုယ့်စောင့်နိုင်ပါ့မလား။ မစောင့်နိုင်လည်း စောင့်ရပေတော့မည်။ ဟုတ်တယ်လေ။ ဒီလို ပိုက်ဆံတစ်ရာလေးနဲ့ သူများဆီက အောက်ကြို့ခံ အကူအညီတောင်းမဲ့အစား ကိုယ့်ချစ်သူကိုပဲ သွားပြီး ဦးညွတ်တော့မှာပေါ့။ ဒါပေမယ့် တစ်ခုတော့ ရှိသည်။ လမင်းကို ကိုယ်ပြောရဲသလား။ ပြောလို့ကော ထွက်ပါ့မလား။ ခုတောင်မှ အူတူတူနဲ့ နှုတ်တွန့်ပြီး ပြောမထွက်တဲ့ဟာကို။

စိတ်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပစ်လိုက်သည်။ မပြောရဲလည်း ပြောရတော့မည်။ ပြောမထွက်လည်း အတင်းညစ်ထုတ်ရပေလိမ့်မည်။ ဟုတ်တယ်။ ခုနက ကိုယ် မပြောလိုက်တာက ချိန်ဆနေလို့။ ထူပူနေလို့ …။ ခုဟာက …လုံးဝကို ဆုံးဖြတ်ပြီးသား။ ဘာလို့မပြောရဲရမှာလဲ …ဟင်း။

ထိုသို့ စိတ်ကို ပိုင်ပိုင်နိုင်နိုင်ချပြီးမှ … လူက ပေါ့သွားသည်။ လမင်းလမ်းလျှောက်လာမည့်ဘက်ကို မျက်နှာမူလိုက်သည်။

ငါ့ရဲ့ လမင်းလေးရေ … မင်းရဲ့ အလင်းရောင်က အေးမြပါရဲ့ မဟုတ်လား။ ငါ့ရဲ့ နွေညတွေကို လင်းမြစေရဲ့ မဟုတ်လား။

အတုမရှိပါဘူး လမင်းရယ်။ တကယ့်ကို အနိုင်းမဲ့ပါ။ ပြီးတော့ ငါ့ရင်ဘတ်ကလည်း နှစ်ခု မရှိပါဘူး။ မင်းအတွက်သာ ထာဝရတစ်ခုထဲပဲ ရှိနှင့်တာပါ။

လမင်း … မင်းကိုငါ တမ်းတခြင်းတွေအကြောင်း ပြောနေတာ ကြားရဲ့မဟုတ်လား။

လိုအပ်ချက်တွေ အထပ်ထပ် အပေါင်းလက္ခဏာတွေ ပြနေတဲ့ ငါ့ဘဝကို ခုန်ဆင်းဖို့ လမင်း မဝံ့မရဲဖြစ်နေမလား။ စိုးရိမ်မနေပါနဲ့ လမင်းရယ်။ ငါ့မှာ အချစ်တွေ ရှိတယ်လေ …။ မင်းအတွက် လုံလောက်ရုံတောင် မဟုတ်ဘူး။ အဆပေါင်းများစွာ တောင်ပိုလျှံနေဦး မှာပါ။ ဒီအချစ်တွေနဲ့ မင်းစားသုံး၊ ဒီအချစ်တွေကို မင်းချုပ်လုပ်ဝတ်ဆင်၊ ဒီအချစ်တွေကို နေရာထိုင်ခင်းအဖြစ် ဖန်ဆင်းပြီး မင်းနေလေ …။

ဒါဆို ပြည့်စုံ ကုံလုံမှာပါ လမင်းရယ် …။

ဘာတွေမှန်းမသိပါ။ တွေးမိတွေးရာသာ တွေးနေမိခြင်း ဖြစ်၏။ အနှစ်ချုပ်လိုက်တော့ လမင်းဆီမှ လိုင်းကားစီးရန် ပိုက်ဆံတစ်ရာချေးရမည်။ ဒါမှမဟုတ် တောင်းရမည်။ ဒါပဲ ဖြစ်သည်။

အချိန်သည် ဖြေးညှင်းလေးကန်စွာ လမ်းလျှောက်ထွက်သည်။ တစ်ကိုယ်လုံးလည်း ညောင်းချိနေလေပြီ။ လာပါတော့ လမင်းရယ်။

သုံးနာရီဆိုသော အချိန်သတ်မှတ်ချက်သည်။ ရင်တထိတ်ထိတ်ဖြင့် ကျရောက်လာ၏။ လမင်း လာတော့မည်။

ရင်သည် တစ်ဆတ်ဆတ်တုန်ယင်လာသည်။

မျက်ဝန်းရိပ်ထဲသို့ လမင်း ညင်သာစွာ ရွေ့လာသည်။

'ဟော့ …လာပြီ …'

ခန္ဓာကိုယ်တစ်ခုလုံး အချိုးမကျစွာ ဖွဲ့စည်းခံလိုက်ရသလိုမနေတတ်မထိုင်တတ် ဖြစ်သွားသည်။

လမင်းကတော့ နတ်သမီးတစ်ပါး လှုယောင် ဖန်ဆင်းပြီးကမ္ဘာမြေပေါ် လေးညှင်းခံ လမ်းလျှောက်နေသလား ထင်ရအောင်ပင် သက်တောင့်သက်သာစွာဖြင့် လျှောက်လာသည်။

အနီးရောက်တော့ မြင်သွားသည်။ တမင်တကာလား

တကယ်စိတ်ရှုပ်သွား၍လားမသိ။ မျက်မှောင်လေး ကုတ်သွားသည်။

ကိုယ်ကတော့ မယားပဲနဲ့ ဟိုကုတ်ဒီကုတ် ကုတ်မိသွားသည်။

'ဟီး …ဟီး …'

သူမကိုယ့်ကို ပြန်ရယ်မပြပါ။

ရယ်မပြတဲ့အပြင် မျက်နှာကို မာသထက်မာအောင် ပြုပြင်ပစ်လိုက်တာကို တွေ့ရသည်။

ကျွန်တော် မခို့တရို့လေးအနားကပ်၍ …

'လ … လမင်း'

ပြန်ဖြေခြင်း မရှိပါ။ ထို့ကြောင့် …

'လမင်း …ငါ … ငါ့ကိုလေ …ဟို … ဟို'

ကျွန်တော် မျက်နှာကို ငယ်ငယ်လေးထား၍ …

'ငါ … ငါ့ကိုလေ …ဟို … ဟို ကားခ'

'ဒီမှာ …'

'ဟင်'

'ရှင့်ကို ကျွန်မ ပြောပြီးသွားပြီလေ…'

ဘာတုန်းပေါ့။ ကိုယ်သူမကို ဘာမှမပြောရသေးတာ …

'ဘာကိုလဲ …'

'ကားခ ကိစ္စလေ'

'အင်း … ဟုတ်တယ် … ငါအခု ပြောမှာလည်း ကားခကိစ္စပါပဲ …'

'ကျွတ် …ရှင်ဟာလေ …'

သူမ စိတ်ပျက်သလို ငြီးသည်။

ကျွန်တော် မျက်နှာကို ပိုငယ်အောင် လုပ်ပစ်လိုက်သည်။ ကိုယ်ကားခမရှိကြောင်း သူဘာသာ အလိုအလျောက် သိသွားပြီထင်သည်။ ဟီ ဟိ ပျော်လိုက်တာ …

'ဒီမှာ …'

'ဗျာ ...ဟုတ်ကဲ့'

'ရှင် ...လုံးဝ ပေးစရာ မလိုဘူး'

'ခင်ဗျား ...'

'ကျွန်မ ကားခကို ရှင် လုံးဝ ပေးစရာ မလိုဘူး'

'အာ...'

သေပြီလေ။ လက်စသပ်တော့ သူ့ကားခကို ကိုယ်ထပ်ပေး ချင်လို့ လိုက်ပြောနေတယ်လို့ ထင်နေတာကိုး။ ဟင်း ...ငါကွ။

'အဲ ...အဲဒါ ... မဟုတ်ရပါဘူးကွာ'

'အို ...ရှင် ဘာမှထပ်ပြောမနေနဲ့တော့၊ ရှင်ပေးတာကို ကျွန်မ လုံးဝ လက်မခံနိုင်တော့ဘူး ... ဒါပဲ၊ ဟွန်း ..'

ဘုရား ... ဘုရား အရှင်ရက္ခစိုး နတ်မင်းကြီး၊ ကျွန်တော်မျိုးရဲ့ သားလေး ... အဲလေ ကျွန်တော်မျိုးရဲ့ ချစ်ရသူလေးကို အမှန်အတိုင်း သိမြင်လာအောင် ကူညီပေးပါ။

ကျွန်တော် ဘာစကားကို ဘယ်လို ပြော၍ လမင်း နားလည် နိုင်အောင် ပြောရမည်ကို စဉ်းစားမရတော့။ ခုလိုကြီးထင်နေသော အချိန်တွင် ငါ့မှာ ကားခမရှိတော့လို့ တစ်ရာလောက် ချေးမလို့ ပြော နေတာပါဟု ပြောလျှင် သူမကို အရွဲ့တိုက်သည်ဟု ထင်သွားနိုင် သည်။

စိတ်ညစ်သည်။

စိတ်ညစ်ရတဲ့ ကြားထဲ ကားမှတ်တိုင်ကလည်း ရောက်လာ ပြီ။

လမင်းမျက်နှာကတော့ ချိတီတီနှင့် ကျွန်တော့်မျက်နှာကတော့ အီတီတီနှင့် ခါတိုင်း နာရီဝက်တစ်နာရီကြာစောင့်ရလေ့ရှိသော လိုင်း ကားက ခုနှစ်မိနစ်ပင် မပြည့်တတ်သေး မှတ်တိုင် ဝင်လာသည်။

လမင်း ကားပေါ် တက်သွားသည်။

ကျွန်တော် ဘာလုပ်ရမည်နည်း။ ဘာလုပ်ရမလဲ မသိသော

ကြောင့် ယောင်တောင်တောင်ဖြင့် ကားပေါ် လိုက်တက်သည်။

ကားပေါ်တွင် လမင်း မျက်နှာကို စူပုပ်ထားသည်။ ကျွန်တော် ငိုချင်နေသည်။ ဘုရား … ဘုရား စပယ်ယာ မျက်စိလျှမ်းပြီး ကားခ လာတောင်းပါစေနဲ့ …။

သုံးလေးမှတ်တိုင်လောက်အထိတော့ ကိုယ့်ဆုတောင်း ပြည့်နေသည်ဟု ဆိုရပါမည်။ အဲ … လေးမှတ်တိုင်လည်း ယွန်ရော … စပယ်ယာက ဘေးတွင်ရပ်နေသော လမင်းထံမှ ကားခ အရင် တောင်းသည်။ လမင်းတစ်ရာတန် တစ်ရွက်ကို ကပျာကယာ ထုတ် ပေးလိုက်တာ မျက်စိထောင့်စွန်းတွင် ရိပ်ကနဲ မြင်မိလိုက်၏။ ဒါဆို ငါ့အတွက် မပါဘူးပေါ့။ အင်းလေ …ပါစရာအကြောင်းမှ မရှိတဲ့ ဟာ …။ ဒါပေမယ့် ရင်ထဲတွင် နင့်ကနဲနေအောင်ပင် ခံစားလိုက် ရသည်။

စပယ်ယာ မျက်လုံးအကြည့်က ကိုယ့်ဆီရောက်လာသည်။

ဘုရား …ဘုရား … ကျော်သွားပါစေ …။

ဆုတောင်းမပြည့်ပါ။

'ဒီက … နောင်ကြီး … ကားခလေး'

သံယောင်လိုက်ပစ်လိုက်သည်။

'ဘယ်လို …ကားခ … ဟုတ်လား'

စပယ်ယာ ဘုကြည့်ကြည့်ပြီး …

'ဟုတ်တယ် … ကားခ'

'မဟုတ်တာကွာ …'

ရှုးချင်ယောင် ဆောင်ကြည့်ရတော့မည်။

စပယ်ယာက လေသံမာမာဖြင့် …

'ဘာမဟုတ်တာလဲဗျ …'

'ကျွတ် …ခက်တာပဲကွာ။ မင်း ငါ့ခြေထောက်ကို သေချာ ကြည့်စမ်း …'

'ဘာလို့လဲဗျ ···'

'ဩော် ··· ကြည့်စမ်းပါလို့ဆိုကွာ '

စပယ်ယာ အူတူတူဖြင့် ကျွန်တော့်ခြေထောက်ကို ငုံ့ကြည့်သည်။ ကျွန်တော် ရပ်တည်ကြီးဖြင့် ···

'ကဲ ··· မင်းကြည့်တော့ ငါ့ခြေထောက်တွေ စုနေသလား၊ ကားနေသလား ···'

'စုနေတယ်လေဗျာ ···'

'အေး ဒါဆို ···မင်းက ဘာကိစ္စ ငါ့ကို ကားခဆိုပြီး လာတောင်းနေရတာလဲ'

စပယ်ယာ ရှာလည်သွားလေသည်။ ဒါပေမယ့် ခဏမျှပါ။ နောက်တော့ သဘောပေါက်သွားဟန်ဖြင့် ···

'ဩော် ··· လက်စသပ်တော့ ခင်ဗျား ကားခမပါဘူးပဲကိုး'

'ဟီး··· ဟီး ··· ဟုတ်တယ်ကွ'

'ဒါများဗျာ ··· အစောကြီးကတည်းက ပြောပါလား ··· ဟွန်း'

ဒင်း ··· အသံက ကျယ်သည်။ ထို့ကြောင့် ကျွန်တော့်မျက်နှာ ဘယ်နားသွားထားရမှန်းမသိ။ ဒါတောင် ငတိက ဆက်ပြီး အော်ကျယ်အော်ကျယ်လုပ်နေသေး၏။

'ခင်ဗျား ··· ရုပ်ကြည့်တော့ ကားခပေးမစီးနိုင်တဲ့လူမှန်း မထင်ရဘူးဗျ ··· နော့'

'အဟင်း ···ဟုတ်လား'

ပြီးတော့ ငတိက စဉ်းစဉ်းစားစားဟန်ဖြင့် ···

'အင်း ··· ဒါကလည်း ရုပ်နဲ့လည်း သိပ်မဆိုင်ပါဘူးလေ။ ဥပမာဗျာ ကျုပ်ရုပ်ကို ကြည်စမ်း ···'

ကြည့်စမ်းဆိုတာကြောင့် ကြည့်ရပါသည်။ကိုယ့်ကျေးဇူးရှင်ကိုး ···။ ရုပ်က လွတ်မစ်ယို့တောင် လှမ်းပြီးတံတွေးထွေးချင်တဲ့

စိတ်မရှိတဲ့ရုပ်မျိုး။ တေ့ ဖေင်ရိုင်းပြုံး … ပြုံး၍ …

'ဘယ်လိုလဲ … ရုပ်ဆိုးတယ် မဟုတ်လား'

အားနာပါနားဖြင့် …

'အင်း … ဒီလောက်လည်း မဟုတ်ပါဘူး'

'ရုပ်ဆိုးတယ်ပဲ ထားလိုက်ပါတော့ဗျာ၊ ဒါပေမယ့် အထင်တော့ မသေးနဲ့နော်။ ကျုပ်တစ်ညကို ဘီယာ နှစ်ဂျားသောက်တယ် ဟင်း …ဟင်း'

'ဩော် … ဟုတ်လား'

စပယ်ယာတေ့ ကိုယ်ရည်သွေးချေပြီ။

'ဒါပဲလေဗျာ …ခင်ဗျားကြည့်တော့ ရုပ်ရည်သန့်သန့်ပြန့်ပြန့်နဲ့ ကားခလေးတောင်မှ မပေးစီးနိုင်ဘူး၊ ကျုပ်ကျတော့ ရုပ်ရည်မရှိတာတော့ မှန်တယ်၊ ဒါပေမယ့် … တစ်နေ့ ဘီယာနှစ်ဂျားသောက်နိုင်တယ် … မဟုတ်လား …ဟင်း … ဟင်း'

ခံလိုက်ဟဟုသာ စိတ်ထဲမှ ပြောလိုက်မိတော့သည်။ မျက်နှာတစ်ခုလုံးလည်း ထူထူပူပူဖြစ်နေပေပြီ။ လမင်းဘက်ကိုလည်း လုံးဝမကြည့်ရဲ။ ကိုယ့်ကိုတော်တော် အထင်သေးသွားပြီဆိုတာ လုံးဝသေချာသလောက် ရှိသွားပြီလေ။ လောလောဆယ် ကားစပယ်ယာတောင်ကိုယ့်ထက် အများကြီး သာနေတာကိုး။

ဒီလိုနှင့် စပယ်ယာပွစိပွစိဖြင့် ကျွန်တော့်ကို ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်လုပ်လိုက် …။ နောက်ထပ် တက်လာသော လူများကို ပိုက်ဆံလိုက်ကောက်လိုက် …။ ပြီးတော့ ကျွန်တော့်ဆီလာ၍… ပွစိပွစိပြောလိုက်ဖြင့် အလုပ်ရှုပ်သွားသည်။

စိတ်ပျက်စရာလည်းကောင်း …။ ရှက်စရာလည်း ကောင်းပါသည်။ ဒါပေမယ့် ဘာတတ်နိုင်ပါတော့မည်နည်း။ သူတောင်းစားဖြစ်မှတော့ ခွက်ကိုင်ရတာ ရှက်စရာမှ မဟုတ်တော့တာ …။

လမင်းဘက်ကိုတော့ ယောင်၍မှပင် လှည့်မကြည့်ဖြစ် …။

မျက်စိရှေ့တွင် မြင်တွေ့နေရသူများကတော့ ကိုယ့်ကို လှည့်ကြည့်၊ လှည့်ကြည့်ဖြင့် ရယ်နေကြလေသည်။ လမင်းလည်း ရယ်နေမည် ထင်သည်။

ရယ်ပါစေ။

လမင်းရယ်ရင် လှတယ်လေ ···။

အရယ်မျက်နှာကလေးဖြင့် အစွမ်းကုန် ပွင့်လန်းနေမည့် လမင်းမျက်နှာလေးကို စိတ်ထဲ မြင်ယောင်ကြည့်မိသည်။ ပြီးတော့ အူတူတူရုပ်ဖြင့် စပယ်ယာစကားကို ခေါင်းလိုက်ငြိမ့်ရသည်။

'ပိုက်ဆံ··· လေးငါးထောင်ဆိုတာ ကျုပ်အတွက် အသေးအဖွဲ့ဗျ ···၊ ဟင်း ··· ဟင်း ···ဒါပေမယ့် ခင်ဗျားအတွက်ကတော့ များရင်များနေမှာပေါ့ ··· နော့ ···ဟား ··· ဟား'

ကျွန်တော် ခေါင်းငြိမ့်ပေးလိုက်သည်။

'ဒါပဲဗျ ··· လောကကြီးက ဘာတဲ့ ···အနေစုတ်ပေမယ့် ရွှေထုပ်တဲ့ မြပုဝါတဲ့၊ ခင်ဗျား ကြားဖူးလား ···'

'အင်း ···'

'ဟား ··· ဟား ··· အဲဒါကျုပ်ကို ပြောတာဗျ၊ ကျုပ်ကို ပြောတာ ···ဟင်း ··· ဟင်း'

ဒီလိုနှင့် ကျွန်တော် ···

* * *

## အခန်း (၁၃)

ကားပေါ်မှ အောက်ကိုဆင်းတော့ ခါတိုင်းလို လမင်းဘေးမှ ယှဉ်မလျှောက်ဖြစ် ...။ အနောက်ခပ်လှမ်းလှမ်းမှသာ ငိုက်စိုက် ... ငိုက်စိုက် လိုက်လျှောက်သည်။

ရင်ထဲတွင် ဘာမှ မရှိ။ ဗလာ ဟင်းလင်း ဖြစ်နေသည်။

ခြေထောက်နှင့် မြေကြီးထိစပ်နေသလား ...၊ မထိစပ်ဘူးလားဆိုသည်ကိုပင် သတိမပြုမိ။ မထိဟု ထင်သည်။ ကိုယ့်ခြေထောက်နှင့်မြေကြီးကြားထဲတွင် ဂုဏ်သိက္ခာတွေက အလျားလိုက်ပြန့်ကျဲနေတာကိုး။

'သြော် ... လက်စသပ်တော့ ငါ့ခြေထောက်အောက်မှာ ငါ နင်းလာတာက ငါ့ဂုဏ်သိက္ခာတွေပါလား'

ဝမ်းနည်းစရာ ကောင်းပါသည်။

ဒါပေမယ့် ဝမ်းနည်းဖို့ အင်အား မရှိတော့သောကြောင့် ဝမ်းနည်းခြင်းလည်း မလိုအပ်တော့။ ပြီးတော့ ဘာလိုအပ်ချက်မှလည်း ရှိတော့မည် မထင်။

'ဒီမှာ ...ကိုညီနေဝါ'

ရင်ထဲတွင် နိမ့်ခနဲ ဖြစ်သွားသည်။ လမင်း ခြေစုံရပ်၍ ကိုယ့်ကိုခေါ်နေခြင်းဖြစ်သည်။

ထို့ကြောင့် ကိုယ်ပါ ရပ်တန့်လိုက်သည်။

ဘာကြောင့်လဲဆိုသည့် မေးခွန်းကိုတော့ မမေးမိ။

လမင်းလေသံအေးအေးလေးဖြင့် ···

'ရှင့်ဆီမှာ ···တကယ်ပဲ ကားခ မပါတော့တာလား'

ကျွန်တော် ခေါင်းငြိမ့်ပြလိုက်မိသည်ဟု ထင်သည်။

လမင်းထံမှ သက်ပြင်းချသံ သဲ့သဲ့ကြားရသည်။

'ဒါဆို ···ဘာလို့ မနက်က ကျွန်မ ကားခကို ရှင်ပေးလိုက်ရတာလဲ ···'

ကျွန်တော့်ထံတွင် အဖြေမရှိပါ။

လမင်းက အဖြေကို မျှော်လင့်နေဟန် တူသည်။ ထို့ကြောင့် နှစ်ယောက်သားကြား ခဏမျှ တိတ်ဆိတ်မိသွားသည်။

အတန်ကြာမှ ကျွန်တော်ထံမှအဖြေပြန်မရနိုင်တာ လမင်း ရိပ်မိသွားဟန်ဖြင့် ···

'ရှင် ···နောက်နေ့တွေကစပြီး ကျွန်မနောက်ကို လိုက်မလာပါနဲ့တော့ ···'

ကျွန်တော် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး လမင်းကို ကြည့်မိလိုက်သည်။

လမင်း မျက်လုံးများက မှိုင်းညို့နေသလိုပင်။

ဘာကြောင့် မလိုက်ခိုင်းတာလဲဟု ကျွန်တော်မေးဟန်ပြင်နေစဉ်မှာပင် လမင်းထံမှ စကားသံက ရှေးဦးစွာ ထွက်လာခြင်းကြောင့် ကျွန်တော် နှုတ်ဆွံ့အမိသွားသည်။

'မမိုးက ···ကျွန်မကို ပြောတယ်'

မမိုးဆိုတာ ကျွန်တော်စားနေကျ ဈေးပေါပေါနဲ့ ရတဲ့ ထမင်းဆိုင်ကလေးရဲ့ ပိုင်ရှင် အန်တီကြီးပါ။

'ဒီ ··· နောက်ပိုင်းတွေ ··· ရှင်သူ့ဆီက တစ်နေ့ကို ထမင်းတစ်နပ်ပဲ ဝယ်စားတော့တယ်တဲ့ ···'

ထို့ကြောင့် ကိုယ်ပါ ရပ်တန့်လိုက်သည်။

ဘာကြောင့်လဲဆိုသည့် မေးခွန်းကိုတော့ မမေးမိ။

လမင်းလေသံအေးအေးလေးဖြင့် ···

'ရှင့်ဆီမှာ ···တကယ်ပဲ ကားခ မပါတော့တာလား'

ကျွန်တော် ခေါင်းငြိမ့်ပြလိုက်မိသည်ဟု ထင်သည်။

လမင်းထံမှ သက်ပြင်းချသံ သဲ့သဲ့ကြားရသည်။

'ဒါဆို ···ဘာလို့ မနက်က ကျွန်မ ကားခကို ရှင်ပေးလိုက်ရတာလဲ ···'

ကျွန်တော့်ထံတွင် အဖြေမရှိပါ။

လမင်းက အဖြေကို မျှော်လင့်နေဟန် တူသည်။ ထို့ကြောင့် နှစ်ယောက်သားကြား ခဏမျှ တိတ်ဆိတ်မိသွားသည်။

အတန်ကြာမှ ကျွန်တော်ထံမှအဖြေပြန်မရနိုင်တာ လမင်း ရိပ်မိသွားဟန်ဖြင့် ···

'ရှင် ···နောက်နေ့တွေကစပြီး ကျွန်မနောက်ကို လိုက်မလာပါနဲ့တော့ ···'

ကျွန်တော် လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး လမင်းကို ကြည့်မိလိုက်သည်။

လမင်း မျက်လုံးများက မှိုင်းညို့နေသလိုပင်။

ဘာကြောင့် မလိုက်ခိုင်းတာလဲဟု ကျွန်တော်မေးဟန်ပြင် နေစဉ်မှာပင် လမင်းထံမှ စကားသံက ရှေးဦးစွာ ထွက်လာခြင်း ကြောင့် ကျွန်တော် နှုတ်ဆွံ့အမိသွားသည်။

'မမိုးက ···ကျွန်မကို ပြောတယ်'

မမိုးဆိုတာ ကျွန်တော်စားနေကျ ဈေးပေါပေါနဲ့ ရတဲ့ ထမင်း ဆိုင်ကလေးရဲ့ ပိုင်ရှင် အန်တီကြီးပါ။

'ဒီ ··· နောက်ပိုင်းတွေ ··· ရှင်သူ့ဆီက တစ်နေ့ကို ထမင်း တစ်နပ်ပဲ ဝယ်စားတော့တယ်တဲ့ ···'

'ဟာ … ဒါ … ဒါက'

'ခဏလေး …ကိုညီနေဝါ၊ ကျွန်မစကားမဆုံးသေးဘူး …၊ ကျွန်မနောက်လိုက်လို့ ရှင်တစ်နေ့ကုန်တဲ့ ကားခလေးရာက ရှင့်ရဲ့ မစားဖြစ်တဲ့ **ထမင်းတစ်နပ်ဖိုးဆိုတာ** ကျွန်မသိနေတာ ကြာပြီ'

**'လမင်း …'**

**'ဒီတော့ နောက်နေ့ကစပြီး ရှင်** ကျွန်မနောက်ကို မလိုက်ပါနဲ့တော့၊ **ရှင့် ဘာသာ အစားအသောက်ကိုသာ** ပုံမှန် ပြန်စားပေးပါ'

**ရှက်ရွံ့သိမ်ငယ်မှုတွေက** တစ်ကိုယ်လုံး **အနှံ့**အပြားမှ ဆင်းသွားသည်။ **ကျွန်တော် ဘာကို ဆက်ပြောရတော့မှာလဲ** …။ ဘာများ လုပ်လို့ ရသေးလဲဗျာ …။

မိုးပြိုသွားတာ မဟုတ်ပါဘူး။ **ကြေကွဲမှုတွေ ပြိုဆင်းသွား**တာပါ။

အားလုံး ဆုံးရှုံးသွားပြီဟု ထင်မှတ်မိလိုက်**ချိန်တွင် လမင်း၏** ရဲဝံ့လှသောသတ္တိကို တိကျစွာ တွေ့မြင်လိုက်ရလေတော့သည်။

'ရှင် … ကျွန်မကို ဘာများ ပြောစရာရှိသေးလဲ ကိုညီနေဝါ'

ကျွန်တော် ခေါင်းကိုသာ ဖြေးညှင်းစွာ ခါရမ်းမိလိုက်သည်။

'မဟုတ်သေးဘူးလေ …၊ ခုအချိန်ထိ ရှင် ကျွန်မကို ချစ်ခွင့် မပန်ရသေးဘူး …'

'ဟာ …'

ကျွန်တော် ကတုန်ကယင် ဖြစ်သွားမိသွားသည်။

လမင်း အပြုံးသဲ့သဲ့ဖြင့် …

'ဟုတ်တယ် …၊ ရှင် ဘယ်တော့မှ ပြောမှာလဲ'

ကျွန်တော် လှုပ်ရှားနေသော စိတ်ကိုရအောင် ထိန်းချုပ်ပစ်လိုက်သည်။

'ကျွန်တော် … အခု ပြောတော့မယ် လမင်း…'

'အင်း … ပြော'
လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်၍ …
'လမင်းကို … အရမ်းချစ်တယ်'
လမင်းထံမှလည်းတိကျသေချာသော လေသံဖြင့် …
'ကျွန်မလည်း ရှင့်ကို ချစ်တယ် ကိုညီနေဝါ'

* * *

## အခန်း (၁၄)

တဒုန်းဒုန်း တဒိုင်းဒိုင်း တံခါးထုသံကြောင့် ကျွန်တော် အိမ်မက်မှ မညီမညွတ်ဖြင့် လန့်နိုးလာသည်။

'ဒုန်း … ဒုန်း …ဟေ့ကောင် တံခါးဖွင့်စမ်း'

'ဟာ …ဘာလဲဗျာ …'

'ဒုန်း … တံခါးဖွင့်စမ်းဆိုကွာ …'

ညနေစောင်းကြီး အိပ်ပျော်မိသွားခြင်းကြောင့် လူက မလန်းဆန်း …

'ဘာလို့ ဖွင့်ရမှာလဲ …မဖွင့်ဘူးဗျာ … ဖွင့်ရင် ခင်ဗျားက ကျုပ်ကို ပြဿနာ ရှာမှာပေါ့ …'

'အောင်မယ် … ဒါကျတော့ ကြောက်တတ်တယ် ဟုတ်လား'

'ဘာလို့ ကြောက်ရမှာလဲ၊ ပြဿနာ မဖြစ်ချင်လို့ဗျ … ဟွန်း'

'ကဲ … ဟုတ်ပါပြီကွာ …၊ တံခါးသာ ဖွင့်၊ ငါ မင်းကို ပြဿနာ မရှာပါဘူးလို့ ကတိပေးတယ်…'

'တကယ်လား …'

'တကယ်ပါဆိုကွာ'

'နေပါဦး ••• ကိစ္စရှိလို့လား'

'အေး ••• ရှိတယ်၊ မင်းအဖေဆီ ဖုန်းဆက်ရမယ်'

'ဘာကိစ္စလဲ •••'

ထိုလူ အပြင်မှ ခဏငြိမ်သွားသေးသည်။

ပြီးမှ •••

'ဪ ••• ကျုပ်ကိုယ်တိုင် ပိုက်ဆံပေးဖို့ ပြောရမယ်ပေါ့'

'အေး ••• ဟုတ်တယ်'

ကျွန်တော် စဉ်းစားကြည့်သည်။ အဖေ့ကို ကိုယ်တိုင် ဖုန်းဆက်၍ ဒီလူကို ပိုက်ဆံအမြန်ပေးရန် ပြောသင့်သည်ဟုတော့ ထင်မိသည်။ ဒါမှ ကိုယ် ဒီဘဝက ကျွတ်ပြီး လမင်းနဲ့ အမြန်ပြန်တွေ့ရမှာ •••။

ထို့ကြောင့် ကျွန်တော် တံခါးဖွင့်၍ အပြင်သို့ ထွက်လာခဲ့တော့သည်။

ထိုလူ ပေစောင်းစောင်းဖြင့် အရင်ကြည့်သေးသည်။ ပြီးမှ အိတ်ထဲမှနေ၍ ဟမ်းဖုန်းတစ်လုံးထုတ်ကာ စားပွဲပေါ်ပစ်တင်ပေးသည်။

'ဟာ ••• ခင်ဗျားဆီမှာ ဟမ်းဖုန်းရှိတယ်၊ ဘယ်က အလစ်သုတ်လာတာလဲ •••'

'အာ ••• ဆောရီး •••ဆောရီး •••၊ အလွန့်•••အလွန်ကို ဆောရီး ••• နောက်တာပါဗျ၊ ခင်ဗျားကလည်း ••• အဟီး'

ထိုလူ ဒေါသအိုး မပေါက်ကွဲခင် ကျွန်တော် ဖုန်းကို အမြန်ကောက်ကိုင်လိုက်သည်။ ပြီးတော့ ••• အဖေ့ဖုန်းနံပတ်ကို အမြန်နှိပ်လိုက်သည်။ ဖုန်းဝင်သွားသည်။ ခဏချက်ချင်းပင် အဖေ့အသံကို ဖုန်းထဲမှ ကြားရ၏။

'ဟဲလို •••ဦးနေဝါ ပြောနေပါတယ် •••'

'သားပါ •••'

'ကျုပ်အသိထဲမှာ သားပါဆိုတဲ့ နာမည် မရှိဘူးဗျ …ဖုန်းမှားနေပြီထင်တယ်'

အဖေတို့ကတော့ လုပ်ချလိုက်ပြန်ပြီ ။

'အဖေ … အဖေ့သား ညီနေဝါ ပြောနေတာ'

'ဪ … အေး … ပြော'

'ပိုက်ဆံပေးလိုက်ပါ အဖေရာ …'

'ဟော …ဘယ်သူ့ကို ငါက ပိုက်ဆံပေးရမှာတုန်း'

'သားကို ပြန်ပေးဆွဲတဲ့လူကို ပေးရမှာလေ …'

'ဘာ … မင်းကို ပြန်ပေးဆွဲတဲ့လူကို ဟုတ်လား'

'ဟုတ်တယ်လေ … မနက်က သူ အဖေ့ဆီ ဖုန်းဆက်သေးတယ်ဆို'

'မနက်က …ဟာ အေး ဘယ်က ရူးကြောင်ကြောင်ကောင်လဲမသိဘူး။ ဆက်တယ်ကွ … ဘာတဲ့ သူ့ကို ပိုက်ဆံ သိန်းငါးထောင်ပေးရမယ်ဆိုလား…'

'အဲဒါ တကယ်ဟုတ်တယ်အဖေ …၊ အဲဒီပိုက်ဆံပေးမှပဲ သားကို ပြန်လွှတ်မယ်တဲ့'

'ဟေ …'

ဦးနေဝါ စဉ်းစားသွားပုံရ၏။ ပြီးတော့ မယုံသလို လေသံဖြင့်

'ဟေ့ကောင် …မင်းဟာက ဟုတ်ရောဟုတ်ရဲ့လား'

'ဟုတ်ပါတယ်ဆိုမှ အဖေရာ … ဒီမှာ သား မင်္ဂလာဦးညထဲက ခုချိန်ထိကို အိမ်ပြန်မရောက်သေးဘူး …'

ဦးနေဝါ စဉ်းစဉ်းစားစားလေသံဖြင့် …

'အင်း … ငါ့သားပြောတာ တကယ်ဆိုရင် … ဒီကိစ္စကို ရဲစခန်းသွားတိုင်မှ ဖြစ်မယ် …'

'ဟာ မလုပ်နဲ့အဖေ'

'ဘာဖြစ်လို့လဲကွ'

'သူ့လက်ထဲမှာက သေနတ်ကြီးနဲ့ဗျ …၊ အဖေ ရဲကိုသွား တိုင်လိုက်လို့ကတော့ သားကို ပစ်သတ်ရင် ဘယ်လို လုပ်မလဲ'

'ဟ … ဒါဆို ငါက ဘယ်လို လုပ်ရမှာလဲကွ …'

'သူတောင်းတဲ့ ပိုက်ဆံကို ပေးလိုက်ပေါ့ အဖေရာ'

'အာ … ငါလခွမ်းတဲ့မှပဲ …၊ သူတောင်းတဲ့ ပိုက်ဆံက သိန်းငါးထောင် … တစ်ပဲ ခြောက်ပြား မဟုတ်ဘူး'

'သိန်းငါးထောင်လည်း ဘာဖြစ်လဲ အဖေရာ၊ အဖေ့မှာ ရှိတာ ပဲဟာ ပေးလိုက်ပါ'

'ဘာကွ … မင်းအမေလင် ပိုက်ဆံများ အောက်မေ့နေလား'

'ဟင် … မဟုတ်ဘူးလား'

ထိုအခါကျမှ ဦးနေဝါ အိုးတိုးအန်းတန်း ဖြစ်သွားပြီး …

'အာ … ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမယ့် မင်းစဉ်းစား ကြည့်ပါဦး၊ သိန်းငါးထောင်ဆိုတာ နည်းလား'

'မနည်းဘူးလေ …'

'အေး …ဒါဆို ငါလည်း မပေးနိုင်ဘူး'

'ဟာ … အဖေ … သားသေမှာနော်'

'အေး … သေ … သေ။ …အာ မဟုတ်သေးပါဘူး'

ဦးနေဝါ ခေါင်းရှုပ်သွားပုံရသည်။ သိန်းငါးထောင်ကိုလည်း မပေးချင်ပြန်။ သားဖြစ်သူကိုလည်း မသေစေချင်ပြန်။ နောက်တော့ စိတ်တစ်ထစ်လျှော့လိုက်ပုံဖြင့် …

'ဒါဆို … ဒီလိုလုပ်ကွာ … ငါ့သား'

'အင်း … ဘယ်လို လုပ်ရမှာလဲ အဖေ'

'မင်းပြန်ပေးဆွဲတဲ့ကောင်ကို ဈေးဆစ်ကြည့်စမ်း'

'ဘယ်လို ဈေးဆစ်ကြည့်ရမယ် ဟုတ်လား အဖေ'

'အေးလေကွာ … အရောင်းအဝယ် သဘောတရားမှာ ဈေး အလျှော့အတင်းဆိုတာ ရှိတာပဲဟာ …'

ကျွန်တော် သက်ပြင်းချမိသည်။

အင်းပေါ့လေ … ဦးနေဝါဆိုတဲ့ ကိုယ့်အဖေပဲဟာ … ပိုက်ဆံကို လွယ်လွယ်နဲ့တော့ ဘယ်တုန်းက ပေးဖူးလို့လဲ …။

'ဒါဆိုလည်း ပြီးရော အဖေရာ၊ သား ဒီလူ့ကို နည်းနည်းပါးပါး လျှော့ခိုင်းကြည့်လိုက်ဦးမယ် …ဟူး'

'ဟေ့ကောင် … ဘာနည်းနည်းပါးပါးလဲ …၊ များများထူထူ လျှော့ခိုင်း …'

'ဟုတ်ပြီ အဖေရာ၊ ဟုတ်ပြီ'

ကျွန်တော် ဖုန်းချဟန် ပြင်လိုက်စဉ်မှာပင် ဖခင်တစ်ယောက်၏ အကြင်နာပြစကားကြောင့် နည်းနည်းတော့ ပျော်သွားမိသည်။

'ဟာ …ဟေ့ကောင် …ဒါနဲ့ မင်းကို နှိပ်စက်တာ ဘာညာ ရှိသေးလား …'

'အင်း …မရှိပါဘူး အဖေရာ၊ စိတ်မပူပါနဲ့'

ပျော်နေသော အပျော်သည် ထပ်ပြောသော စကားကြောင့် ပျောက်သွားသည်။

'အေးကွာ …၊ ယောကျ်ားပဲဟာ … နှိပ်စက်လည်း ကြိတ်ခံလိုက်ပေါ့'

ကျွန်တော် စိတ်လေလေဖြင့် ဖုန်းချပြီးနောက် …

'ဟေ့လူ …ကျုပ်အဖေက ဈေးလျှော့ပါဦးတဲ့'

'အာ … ဒါကလေးတွေ ကစားနေတာ မဟုတ်ဘူး …'

'သိတယ်လေ…၊ လူကြီးတွေ ပြန်ပေးဆွဲတမ်း ကစားနေတာ … ဟွန်း'

ထိုအခါ ကျွန်တော့်ကို မကြည်ကြည့် ကြည့်သည်။

ကျွန်တော်လည်း ဘုကြည့် ပြန်ကြည့်ပေးလိုက်သည်။

'ဟွန်း …'

'ကျုပ် ဖုန်းတစ်ခါလောက် ထပ်ဆက်ချင်သေးတယ်'

'ဘယ်ကိုလည်း ...'

'လမင်းဆီကို'

'ဟော့ကောင် ... မင်း ရူးသွားပြီလား ...'

'လမင်းဆိုတာ ကျုပ်မိန်းမ လမင်းကို ပြောနေတာဗျ'

'သြော် ...'

'ကျုပ် ဆက်မယ်နော်'

'မဆက်နဲ့'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ဖြစ်ကွာ၊ မဆက်နဲ့ဆို မဆက်နဲ့'

'ဖုန်းဖိုးပေးဆို ပေးမှာပါဗျာ ...'

'အောင်မယ် ...လူပါးဝပြန်ပြီ ...'

'ကျွတ် ...မဟုတ်ရပါဘူးဗျာ၊ လမင်းစိတ်ပူနေမှာ စိုးလို့ပါဗျ ...'

'ဒါဆို မင်းက စိတ်မပူဘူးပေါ့'

'တစ်ကိုယ်လုံးကို လောင်မြိုက်နေတာ ...'

နည်းနည်းသနားသွားပုံရသည်။ ထို့ကြောင့် ဆက်ပါဟု လည်း မပြောတော့သလို ... မဆက်နဲ့ဟုလည်းမတားမြစ်တော့။ ထို့ကြောင့် ကျွန်တော် လမင်းရှိရာ ဖုန်းနံပတ်ကို ကမန်းကတမ်း နှိပ်လိုက်သည်။

မိန်းမတစ်ယောက်က လမင်းဆက်သွယ်ရေးပြင်ပရောက်နေကြောင်း လာပြောသည်။ မကျေမနပ်ဖြင့် ထပ်ဆက်သည်။ လမင်းဆက်သွယ်ရေးပြင်ပမှ ပြန်မဝင်လာသေး။

ထပ်ကာ ထပ်ကာ ထပ်ဆက်သည်။

ထိုလူကြီးမင်းဆိုတာကြီးနဲ့ပဲ ထပ်တလဲလဲ တိုးသည်။

'တောက်'

ကျွန်တော် နေမထိထိုင်မသာ ဖြစ်နေပုံကိုကြည့်ပြီး ထိုသူ ပြုံးစိစိလုပ်နေသည်။ ကျွန်တော်ပေါက်ကွဲသွားပြီး ...

'ခင်ဗျားက ဘာပြုံးစိစိ လုပ်နေတာလဲ'

'ဟ … ငါ့ဟာငါ ပြုံးတာ မင်းနဲ့ ဘာဆိုင်လို့လဲ'

'ခင်ဗျား အပြုံးက ကျုပ်ကို လှောင်နေတဲ့ အပြုံးဗျာ … ဟွန်း'

'မင်းက ဘယ်လို ခွဲခြားသိလိုက်တာလဲ …'

ကျွန်တော် ခံပြင်းစွာ တစ်ချက်ရယ်ပြီး …

'သိတာပေါ့ဗျာ …၊ ကျုပ်ဘဝမှာ ဒါမျိုးအပြုံးတွေ ခဏ… ခဏ ရခဲ့ဖူးတာကိုး … ဟင်း …ဟင်း'

'နေပါဦးကွ … မင်းလို သူဌေးသားမှာ ဘဝဆိုတာရော ရှိခဲ့လို့လား'

'ဘာ … ကျုပ်လို သူဌေးသား ဟုတ်လား'

'အင်း …'

ကျွန်တော် သူ့ကို စိုက်ကြည့်၍ …

'ခင်ဗျား တစ်နေ့ကို ထမင်းတစ်နပ်ပဲ စားပြီး ဘယ်နှစ်ရက် နေခဲ့ဘူးလဲ'

'အင်း … အနည်းအကျဉ်းတော့ ရှိမယ် ထင်တယ်'

'ဟုတ်လား … ကျုပ်မှာ အများကြီး ရှိခဲ့ဖူးတယ်၊ ပိုက်ဆံ အနည်းအကျဉ်းရဖို့ ခင်ဗျား သူများအိမ်တွေမှာ မြောင်းပေါက်တာ တို့ မြက်ရှင်းတာတို့ လုပ်ဖူးလား'

'အင်း … ဒါမျိုးတော့ မလုပ်ဖူးဘူးကွ'

'ကျုပ်လက်မှာ အသားမာတွေ အပိန်းပိန်းထနေအောင်ကို လုပ်ခဲ့ဖူးတယ်'

'စိတ်ဝင်စားစရာပဲ'

လှောင်ပြောင်နေသည့်ဟန် မရှိပါ။

'ကျုပ် ဒီနေ့ဒီအချိန်အထိ အဲယားကွန်း တပ်ထားတဲ့ ကော်ဖီ ဆိုင်တွေမှာ တစ်ခါမှ မထိုင်ဖူးဘူး …'

ဖိုးလပြည့်စာပေ

'ဟုတ်လား ...'

'ခွန်းတပ်ထားပြီး ကိုယ့်ဘာသာကိုယ် မွှေသောက်ရတဲ့ ရှယ်ဆိုတဲ့ လက်ဖက်ရည်ကို တစ်ခါမှ မသောက်ဖူးဘူး'

'အံ့သြစရာတော့ ကောင်းနေပြီထင်တယ်'

ကျွန်တော် ခေါင်းကို အသာ ခါရမ်းလိုက်ပြီး ...

'မဟုတ်ဘူး ... ဒါတွေက အံ့သြစရာ မကောင်းဘူး၊ လုံးဝကို အံ့သြစရာ မကောင်းဘူး'

'ဟ ...ဒါဆိုရင် ဘာက အံ့သြစရာတော့ ကောင်းနေလို့လဲ'

'လမင်း ...ကျုပ်အပေါ် ထားတဲ့ ဘချစ်၊ အဲဒီအချစ်ကမှ တကယ့်ကို အံ့သြစရာကောင်းတာ'

'ဟာ ... အေး လုပ်ပါဦးကွ၊ ဂါက မင်းတို့ ဇာတ်လမ်းအစကိုပဲ နားထောင်ဖူးတာ'

'ဟုတ်ပြီလေ ... ခင်ဗျား နားလည်သွားအောင် ကျုပ်ဇာတ်လမ်းအဆုံးကို ပြောပြမယ် ... နားထောင်ကြည့်ပါ'

ထိုသူ စိတ်ဝင်တစားဖြင့် နားထောင်ရန် ပြင်လိုက်၏။

ကျွန်တော် အတိတ်ကို ယောင်ယောင်လေး စောင်းငဲ့ကြည့်မိသည်။

ကြည့်နူးချမ်းမြေ့မှုနှင့် ... ကြေကွဲငိုရှိုက်မှုတို့ ရောယှက်နွယ်ငင်နေတာကို တွေ့ရပါသည်။

သက်ပြင်းတစ်ချက်ချ၍

'အဲဒီတုန်းက ... ကျုပ်က ဆိုက်ကားနင်းနေတာ'

'ဘာ ... မင်းက ဆိုက်ကား နင်းနေတာ ဟုတ်လား'

'အင်း ...'

* * *

တစ်ထောင့်တစ်ညပုံပြင်ဘစ်ပုဒ် မဟုတ်ပါ။
ကြားဖူးနားဝ စကားပုံလည်း မဟုတ်ရပါ။
ဘာကိုမှ ချောင်းမခြားထားပါ။

ကျွန်တော်တို့ ...
အချစ်ရှိရာ အရပ်တွင် ...
နေထိုင်ခဲ့ကြပါသည်။

## အခန်း (၁၅)

## (အပြာရောင် အတိတ်-၃)

ဟုတ်ပါသည်။

ကျွန်တော် ဆိုက်ကားနင်းနေပါသည်။

ကျွန်တော်လို တစ်ကိုယ်ရေတကာယသမားအတွက် အဆင်ပြေသည်ဟု ပြော၍ ရသည်။ ပို၍ အဆင်ပြေခြင်းက ချစ်သူကို ဆိုက်ကားလေးဖြင့် နေ့တိုင်း အကြိုအပို့လုပ်၍ ရသည်။

ဒီလို ဆိုက်ကားနင်းရသည့် အကြောင်းရင်းက လမင်းနှင့် နီးအောင်ပင် ဖြစ်၏။ ကိုယ်စာရေးသည့် ဝင်ငွေက ကိုယ်တစ်ယောက်ထဲတောင် ထမင်းနပ်မမှန်ချင်တာ …။ လမင်းနဲ့ နီးဖို့ဆို ပိုဝေးပြီလေ။ ဒါကြောင့် ဆိုက်ကားနင်းကာ ပိုက်ဆံစုဖို့ ဆုံးဖြတ်၍ နင်းခဲ့ခြင်းသာ ဖြစ်သည်။

ဆိုက်ကားနင်းခြင်းသည် ပင်ပန်းသည်မှာမှန်သော်လည်း တစ်နေ့ဝင်ငွေကလေးက မဆိုးလှ။ အုံနာကြေး ဘာညာ ဖယ်အပြီး ကိုယ့်အတွက် နှစ်ထောင်မျိုး သုံးထောင်မျိုးကျန်သည်။ ရတဲ့ ပိုက်ဆံကို ချွေတာသုံးစွဲပြီး ပိုတာကို စုသည်။

လမင်းကလည်း အားကျမခံ သူရသည့် ကျူရှင်လခလေးတွေကို စုသည်။ ပိုက်ဆံအတိုင်းအတာတစ်ခုထိ ရလာလျှင် မင်္ဂလာဆောင်ကြမည်လေ။

ဒီအတွေးများဖြင့် နှစ်ယောက်စလုံး ပျော်ရွှင်တက်ကြွနေခဲ့ကြပါသည်။ ကိုယ်ဝါသနာပါတဲ့ စာလေးပေလေးကိုတော့ ညမအိပ်ခင် ရေးပေါ့။

'မောင် … ဖြေးဖြေးနင်းကွာ'

'ဘာဖြစ်လို့လဲ လမင်းရဲ့ …'

'ဒါမှ စကား ကြာကြာ ပြောလို့ရမှာပေါ့မောင်ရဲ့၊ နို့မို့ဆိုရင် ကားဂိတ်မြန်မြန်ရောက်သွားတော့ စကားသိပ်ပြောလို့ ဘယ်ရတော့မလဲ …'

'ဟား … ဟား ဟုတ်ပါပြီကွာ၊ ဟုတ်ပါပြီ'

ကျွန်တော် ဆိုက်ကားကို အဖြေးညင်းဆုံးဖြစ်အောင် နင်းပစ်လိုက်သည်။ ဘယ်လောက်ထိများလဲဆိုရင် ပုံမှန်လမ်းလျှောက်နေသောသူများပါ ဆိုက်ကားကို ကျော်တက်သွားသည့်အထိပေါ့။

'မောင် မနေ့က ဒေါ်ညွန့်တို့ ခြံထဲမှာ မြက်သွားရှင်းတယ်ဆို'

'အင်း …'

'ပိုက်ဆံ ဘယ်လောက်ရလဲ'

'နှစ်ထောင်'

'ဟွန်း …နည်းလိုက်တာ၊ ဘာလဲ … သူတို့ ပေးသလောက်ပဲ မောင်ယူလာတာ မဟုတ်လား'

'အင်း … ဟုတ်တယ်'

'ကြည့် … ပိတောင်းပါလား …၊ သူများတွေဆို လေးငါးထောင်တောင်းပြီးသားပဲ'

ကျွန်တော် ဘာမှ ပြောမနေတော့ဘဲ ရယ်ရုံသာ ရယ်နေလိုက်တော့သည်။ လမင်းကတော့ မကျေမနပ်ဖြင့် ပွစိပွစိလုပ်နေသည်။

'လူတွေကလည်း အကျင့်ကို မကောင်းဘူး။ သဘောကောင်းတဲ့လူဆို အနိုင်ကို ကျင့်ချင်ကြတယ် ··· ဟွန်း၊ ဒါနဲ့ နေစမ်းပါဦး၊ ဟိုတစ်ရက်ကလည်း အမူးသမားနှစ်ယောက်ကို ပိုက်ဆံ တစ်ပြားမှ မရဘဲ လိုက်ပို့လိုက်သေးတယ်ဆို'

ကျွန်တော် ခေါင်းကုတ်မိသည်။ ရပ်ကွက်ထဲက လူတွေကလည်း သူနဲ့ကိုယ် သမီးရည်းစားဖြစ်နေတာကို သိနေကြတော့ ကိုယ့်အကြောင်းတွေကို ပြန်ဖွကြတယ်လေ။ ဒါကြောင့် လမင်း ခရေစေ့တွင်းကျ အကုန်သိနေတာပါ။ လမင်း မျက်စောင်းတခဲခဲဖြင့် ···

'မောင်နော်မောင် ··· ဒါမျိုးတွေ ကျပ်ကျပ်လုပ် ···၊ ဒီပုံစံမျိုးဆိုရင် လမင်းတို့နီးဖို့ ဘယ်လွယ်ပါ့မလဲ'

'ဟဲ ···ဟဲ လမင်းထင်လို့ပါ၊ ဒါက လွယ်ပါတယ်'

'ဆိုစမ်းပါဦး၊ ဘယ်လို လွယ်ရတာတုန်း···'

'မောင်နေတဲ့ တိုက်ခန်းကို ပြန်အပ်လိုက်မယ်လေ၊ ဒါဆို ပိုက်ဆံနည်းနည်းပါးပါး အပိုထွက်လာမယ် ···'

'ဟင် ··· ဒါဆို မောင်က ဘယ်နားသွားနေမှာလဲ ···'

'လမင်း ··· အခန်းထဲမှာ ပြောင်းနေမှာပေါ့ ···'

လမင်း အံကလေးကို ကြိတ်၍ ···

'ဩော် ··· လက်စသပ်တော့ လူလည်ကျချင်နေတာကိုး ··· ဟွန်း'

'ဟဲ ··· ဟဲ နည်းနည်းပါ'

'မောင်နော် ··· မင်္ဂလာတောင် မဆောင်သေးရပဲနဲ့ မဟုတ်တရုတ်တွေ လာမပြောနဲ့ ···'

'ကျွတ် ··· မင်္ဂလာဆောင်တာပဲ လမင်းရာ ··· ရုံးတက်လက်မှတ်ထိုးလိုက်ရင် ပြီးနေတဲ့ဟာကို'

'ရမလား ··· လမင်းက မိန်းကလေးလေ ··· ဟွန်း'

'အေးလေ ··· မိန်းကလေးမို့လို့ မင်္ဂလာဆောင်ချင်ပါတယ်'

'လူတွေကလည်း အကျင့်ကို မကောင်းဘူး။ သဘောကောင်းတဲ့လူဆို အနိုင်ကို ကျင့်ချင်ကြတယ် ··· ဟွန်း၊ ဒါနဲ့ နေစမ်းပါဦး၊ ဟိုတစ်ရက်ကလည်း အမူးသမားနှစ်ယောက်ကို ပိုက်ဆံ တစ်ပြားမှ မရဘဲ လိုက်ပို့လိုက်သေးတယ်ဆို'

ကျွန်တော် ခေါင်းကုတ်မိသည်။ ရပ်ကွက်ထဲက လူတွေကလည်း သူနဲ့ကိုယ် သမီးရည်းစားဖြစ်နေတာကို သိနေကြတော့ ကိုယ့်အကြောင်းတွေကို ပြန်ဖွကြတယ်လေ။ ဒါကြောင့် လမင်း ခရေစေ့တွင်းကျ အကုန်သိနေတာပါ။ လမင်း မျက်စောင်းတခဲခဲဖြင့် ···

'မောင်နော်မောင် ··· ဒါမျိုးတွေ ကျပ်ကျပ်လုပ် ···၊ ဒီပုံစံမျိုးဆိုရင် လမင်းတို့နီးဖို့ ဘယ်လွယ်ပါ့မလဲ'

'ဟဲ ···ဟဲ လမင်းထင်လို့ပါ၊ ဒါက လွယ်ပါတယ်'

'ဆိုစမ်းပါဦး၊ ဘယ်လို လွယ်ရတာတုန်း···'

'မောင်နေတဲ့ တိုက်ခန်းကို ပြန်အပ်လိုက်မယ်လေ၊ ဒါဆို ပိုက်ဆံနည်းနည်းပါးပါး အပိုထွက်လာမယ် ···'

'ဟင် ··· ဒါဆို မောင်က ဘယ်နားသွားနေမှာလဲ ···'

'လမင်း ··· အခန်းထဲမှာ ပြောင်းနေမှာပေါ့ ···'

လမင်း အံကလေးကို ကြိတ်၍ ···

'ဪ ··· လက်စသပ်တော့ လူလည်ကျချင်နေတာကိုး ··· ဟွန်း'

'ဟဲ ··· ဟဲ နည်းနည်းပါ'

'မောင်နော် ··· မင်္ဂလာတောင် မဆောင်သေးရပဲနဲ့ မဟုတ်တရုတ်တွေ လာမပြောနဲ့ ···'

'ကျွတ် ··· မင်္ဂလာဆောင်တာပဲ လမင်းရာ ··· ရုံးတက်လက်မှတ်ထိုးလိုက်ရင် ပြီးနေတဲ့ဟာကို'

'ရမလား ··· လမင်းက မိန်းကလေးလေ ··· ဟွန်း'

'အေးလေ ··· မိန်းကလေးမို့လို့ မင်္ဂလာဆောင်ချင်ပါတယ်

လို့ ပြောနေရတာပေါ့ လမင်းရဲ့ ယောကျ်ားချင်းဆို ပြောစရာလား ... ဟီး'

'မောင် ... ရွတ်နောက်နောက်တွေ လာပြောမနေနဲ့နော်၊ မင်္ဂလာဆောင်ရင် ကြီးကြီးကျယ်ကျယ် မဟုတ်တောင် တင့်တင့်တယ်တယ်လေးတော့ ဖြစ်ချင်ပါတယ်လို့ အပြတ်ပြောပြီးသားနော် ...'

ကျွန်တော်ပြုံး၍ ...

'မောင်နားလည်ပါတယ် လမင်းရာ၊ အလကားစကြည့်တာပါ'

'နားလည်ရင် ပိုက်ဆံကို ကြိုးစားစု'

'ဟုတ်ကဲ့ ...'

'ကျန်းမာရေးကို ကောင်းအောင်နေ ...'

'ဟုတ်ကဲ့ ...'

'လမင်းကိုလည်း တိုးတိုးပြီးချစ်'

'ဟုတ်ကဲ့'

နှစ်ယောက်စလုံး ရယ်လိုက်မိကြပါတော့သည်။

* * *

လမင်းကို လိုက်ပို့ပြီး ဆိုက်ကားဂိတ်သို့ ပြန်ရောက်လာသော အခါ နင်းဖော်နင်းဖက် ဘော်ဒါများက ...

'ဟေ့ကောင်ကြီး ... လမ်းကြောင်းလိုက်ပို့ပြီး ပြန်လာတာ လားကွ ...'

'ဟုတ်တယ်ဗျ ...'

'မင်းတို့နှစ်ယောက်ရော ... မယူဖြစ်ကြသေးဘူးလား'

'ပိုက်ဆံစုနေတုန်းပါပဲဗျာ ...ဝေးပါသေးတယ်'

'အေး ... ဒါလည်း ဟုတ်တာပဲ ...၊ ပိုက်ဆံမရှိဘဲ မိန်းမ ယူရင် အားကြီး ဒုက္ခရောက်တာကိုးကွ'

ဒီလိုနှင့် ဘဝတူသမားတွေ အချင်းချင်း ပါစင်ဂျာ မလာ ခိုက် ဘဝအကြောင်းတွေ စကားစမည် ပြောဖြစ်နေကြစဉ် သန့်ပြန့် သော နောက်ဆုံးပေါ်တန်ဖိုးကြီး ကားကြီးတစ်စင်း ဆိုက်ကားဂိတ် ရှေ့သို့ ရောက်လာ၍ ··· ၎င်းကားပေါ်မှ ဥပဓိရုပ်ခန့်ခန့်ထည်ထည် ရှိလှသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဆင်းလာသည်။

ကျွန်တော် မျက်နှာ ဖျင်းကနဲပင် ဖြစ်သွားသည်။

ကားပေါ်မှ ဆင်းလာတာက ကိုယ့်အဖေလေ။

အကြောင်းရင်းမှန်ကို ရိပ်မိပုံမရကြသူများက တီးတိုးဝေဖန် ကြသည်။

'ဟာ ··· ဟိုကားပေါ်က ဆင်းလာတဲ့ အန်ကယ်ကြီးက ငါတို့ဆီ တည့်တည့်လျှောက်လာတာကွ'

'အေးကွ ··· ဟုတ်တယ် ဆိုက်ကားငှားမလို့လား မသိဘူး'

'မဖြစ်နိုင်ဘူးထင်တယ်၊ ငါ့အထင်တော့ လိပ်စာလာမေး မလို့ကွ'

'အေး ··· အဲဒါ ဖြစ်နိုင်တယ်'

အဖေ ကိုယ့်ဆီရောက်မလာခင် ··· ကိုယ်အဖေဆီ အရင် လျှောက်သွားလိုက်သည်။

'ဘယ်ကို လာတာလဲ အဖေ'

'မင်းဆီကိုပေါ့ကွ ···'

'ကိစ္စရှိလို့လား အဖေ'

'အေး ··· ကားပေါ်တက်'

'ဒီမှာပဲ ··· ပြောလို့ မရဘူးလား'

'မင်းက ငါ့ကို လမ်းမအလယ်ကောင်မှာ ပြောစေချင်လို့ လား'

ကျွန်တော် သက်ပြင်းတစ်ချက်ချ၍ ကားပေါ်သာ တက်ထိုင် လိုက်ရတော့သည်။ ကျန်ရစ်ခဲ့သည့် အပေါင်းအသင်းများကတော့

ပါးစပ်အဟောင်းသားဖြင့် ကျွန်ရစ်ခဲ့မိသည်မှာ မလွဲပါချေ။

ကားမောင်းရင်းမှ အဖေက စကားစသည်။

'ငါ ငယ်ငယ်တုန်းက ဆိုက်ကားနင်းဖူးတယ်ကွ'

ကျွန်တော် အံ့ဩသင့်သွားမိသည်။

ဒါပေမယ့် သိပ်လည်း အံ့ဩသင့်စရာ မကောင်းလှဟုဆည်း ထင်မိပြန်သည်။ အဖေ ဟိုး အောက်ခြေကနေ တက်လာတာကို ကိုယ် အရိပ်အမြွတ်သိထားတာကိုး။ ဦးနေဝါသည် တည်ငြိမ်သော လေသံဖြင့် စကားဆက်သည်။

'အဲဒီတုန်းက ငါ့စိတ်ခံစားမှုကို ပြန်စဉ်းစားကြည့်တော့ ငါ့ဆီမှာ ခံစားရခက်နေတာတို့ ဘာတို့ မရှိခဲ့ဘူးကွ၊ အဲ … ငါ့ဘဝ အခြေအနေကို ဒီထက် ပိုမြင့်မားသွားအောင် ကြိုးစားပစ်မယ်ဆိုတဲ့ စိတ်တော့ ရှိတာပေါ့ကွာ'

ဦးနေဝါ သက်ပြင်းတစ်ချက် အရင်ချသည်။ ပြီးမှ

'အခု …မင်း ဆိုက်ကားနင်းနေတာ တွေ့ရတော့ ငါ့စိတ်ထဲ မှာ တော်တော် အခံရ ခက်သွားမိတယ်ကွ'

ကျွန်တော့်ရင်ထဲတွင် ခံစားချက်တစ်မျိုးကြီး ဝင်ရောက်လာ သည်။ အဖေ ဆက်ပြောသော စကားကြောင့် ထိုတစ်မျိုးကြီးက ဘာလဲဆိုတာကို အတိအကျသိလိုက်ရပါတော့သည်။

'အဲဒါ … ဖခင်တစ်ယောက်ရဲ့ အတွက်ကြောင့်ဖြစ်လာတဲ့ ခံစားချက်လို့ ခေါ်နိုင်မလား ငါ့သား'

သေချာပါသည်။ ဝမ်းနည်းခြင်းပါ။

'အဖေ …'

ကျွန်တော် တုန်ရီလှိုက်လှဲသော လေသံဖြင့် ခေါ်လိုက်မိခြင်း ဖြစ်သည်။ အဖေ သူပြောချင်သော စကားကို ဆက်လက်၍ ပုံဆောင် သည်။

'အဖေ သားကို မုန့်ဖိုး လုံလုံလောက်လောက် မပေးခဲ့တာ

တွေ ··· ပိုက်ဆံနဲ့ ပတ်သက်ရင် အမြဲတမ်း ကန့်သတ်ထားခဲ့တာတွေက ဘာကြောင့်လို့ ငါ့သား ထင်သလဲ ···'

ကျွန်တော် ခေါင်းခါပြလိုက်မိသည်။

'အဖေ ဖြတ်သန်းလာတဲ့ ဘဝတစ်လျှောက်မှာ သူဌေးသားဆိုတဲ့ လူစားမျိုးတွေ အများကြီး တွေ့ခဲ့ဖူးတယ်ကွ၊ သူတို့ဟာ မိဘတွေရဲ့ အလိုလိုက်မှုကို အစွမ်းကုန် ခံခဲ့ရတယ်၊ ပြီးတော့ ပိုက်ဆံကိုလည်း ဖောဖောသီသီသုံးစွဲခွင့်ရကြတယ် ···၊ ဒီမှာတင် ဘာတွေ ဖြစ်လာလဲဆိုတော့ ··· ငွေကြေးနဲ့သက်ဆိုင်တဲ့ အပျော်အပါးမှန်သမျှကို အကုန်လုပ်ကြတော့တာပေါ့၊ ဒီတော့ ပျက်စီးရော ···၊ မိဘတွေရဲ့ လုပ်ငန်းတွေ သူတို့ လက်ထဲလည်း ရောက်လာရော အကုန်လုံး ပျက်စီးခြင်းငါးပါးနဲ့ ကြုံပါလေရော ···၊ ထိန်းမှ မထိန်းသိမ်းနိုင်ပဲကိုး ···'

ကျွန်တော် ခေါင်းငြိမ့်၍ ထောက်ခံမိသည်။

'အဲ ··· တစ်ချို့ကလည်း ကိုယ့်ကိုကိုယ် ထိန်းသိမ်းနိုင်တဲ့အတွက်ကြောင့် မိဘလုပ်ငန်းကို ဟန်မပျက် အုပ်ချုပ်နိုင်ကြတယ်၊ ဒါပေမယ့် သူတို့ဟာ ··· များသောအားဖြင့် တစ်ကိုယ်ကောင်းဆန်တတ်ကြတယ်ကွ ···'

'ဘာကြောင့်လဲ ··· အဖေ'

'ဒါက ဒီလိုကွ ···၊ သူတို့က မဆင်းရဲဖူးဘူး၊ မဆင်းရဲဖူးတော့ အလုပ်သမားတွေရဲ့ စိတ်ခံစားမှုကို နားမလည်တတ်ကြဘူး'

'အင်း ··· ဟုတ်တယ်နော်'

'ဒီလို နားမလည်တဲ့ အတွက်ကြောင့် ··· အလုပ်သမားတွေအပေါ်ကို တစ်ကိုယ်ကောင်းဆန်တဲ့ အပြုအမူတွေနဲ့ ဆက်ဆံတတ်ကြတယ်၊ ကိုယ့်ဘက်ကလည်း အသာရတဲ့ စည်းမျဉ်းစည်းကမ်းမျိုးတွေ ထုတ်တယ်။ ပြီးတော့ ကိုယ့်လက်အောက်ငယ်သားတွေကို မတူမတန်သလို ပုံစံမျိုးနဲ့ ဆက်ဆံတတ်ကြတယ်။ သူတို့မှာ

ကိုယ်ချင်းစာတရားမရှိဘူး။ တစ်ခုခုဖြစ်ရင် အလုပ်ဖြုတ်မယ်၊ လစာထဲက အမြီးဖြတ်၊ ခေါင်းဖြတ် ဖြတ်မယ်၊ ဒါပဲသိတယ်'

အဖေရဲ့ အားပါတဲ့စကားလုံးများသည် ကိုယ်တွင်းသို့ စီးဝင်လာသကဲ့သို့ပင်ခံစားလိုက်မိသည်။

'ဒီလို လူစားမျိုးတွေရဲ့ လက်အောက်မှာနေရတဲ့ အလုပ်သမားတွေရဲ့ ဘဝကို ငါ့သားတွေးကြည့်စမ်း၊ အလုပ်လုပ်နေရတာနဲ့ မတူပဲ … ဝဋ်ကြွေးလာဆပ်ရတာနဲ့ တူမနေဘူးလား'

အဖေ စကားကို ဖြတ်ပြီး ကျွန်တော့်ဘက်ကို ဖြတ်ခနဲ လှမ်းကြည့်သည်။ သူ့စကားကို အလေးအနက်နားထောင်နေတာ တွေ့ရတော့ ကျေနပ်စွာ ပြုံးသည်။ ပြီးမှ …

'ဒါကြောင့် …ငါ့သားကို ဆင်းရဲခြင်းဆိုတဲ့ အတွေ့အကြုံရအောင် အဖေက လေ့ကျင့်ပျိုးထောင်ပေးခဲ့တာ၊ ဒါမှလည်း တစ်ချိန်ချိန် အဖေ့လုပ်ငန်းတွေကို ငါ့သား ဦးစီးတဲ့အခါ အလုပ်သမားတွေအပေါ်ကို ကိုယ်ချင်းစာတတ်မှာပေါ့ …'

'သား နားလည်သွားပြီ အဖေ …'

'ဒါပေမယ့် အဖေ တစ်ခု မှားသွားတယ်ကွာ …၊ အဖေက ကိုယ့်ဘာသာကိုယ် ကြံစည် …၊ ကိုယ့်ဘာသာကိုယ် အစီအစဉ်တွေ ချမှတ်ခဲ့မိတော့ သားရဲ့ ကိုယ်ပိုင်ဆန္ဒကို လှစ်လျူရှုလိုက်သလို ဖြစ်သွားတယ်၊ ဒီမှာတင် အဖေနဲ့သားကြားထဲမှာ သဘောထားကွဲလွဲမှုတွေ ဖြစ်လာခဲ့တာပေါ့ …'

ကျွန်တော် အဖေ့မျက်နှာကို အကဲစမ်းလိုက်မိသည်။

လေးနက်ခြင်းကလွဲ၍ ဘာမှရှာမတွေ့။

အဖေ ခေါင်းကို ညင်သာစွာ ငြိမ့်၍ …

'အခု ငါ့သားဆန္ဒကို အဖေ အလေးထားပြီး မေးမယ်၊ ငါ့သား ဘာဖြစ်ချင်တာလဲ …'

ကျွန်တော် စိတ်ကိုတင်း၍ …

'ကျွန်တော် အနုပညာသမားတစ်ယောက် ဖြစ်ချင်တယ် အဖေ'

အဖေခေါင်းငြိမ့်ပြီး ...

'ကောင်းတယ် ... အနုပညာသမားဆိုတာ လူတွေအတွက် မရှိမဖြစ်တဲ့ စိတ်အပိုင်းတစ်ခုပဲ ... ဒါပေမယ့်'

အဖေ ကျွန်တော့်ကို လှမ်းကြည့်ပြီး ...

'အဖေတို့နိုင်ငံမှာ တကယ့်ကို ပါရမီရှိတဲ့ အနုပညာသမားတွေ ဘယ်နှစ်ယောက် ရှိမယ်လို့ ငါ့သားထင်သလဲ'

'အင်း ... အများကြီးပဲ ရှိတာပေါ့ အဖေ ...'

'ဟုတ်တယ်၊ အများကြီးပဲ ရှိတယ်၊ အဲဒီလက်ရှိ ရှိနေတဲ့ အနုပညာသမားတွေ သေဆုံးသွားပါပြီတဲ့၊ နောက်ထပ် အနုပညာမျိုးဆက်သစ်တွေရော ပေါ်လာနိုင်ချေရှိလား'

'ဟာ ... ပေါ်လာမှာပေါ့ အဖေ'

'ဒါပေါ့ကွ ...ပေါ်လာမှာပေါ့၊ ဒီလို ပေါ်လာတဲ့အတွက်ကြောင့်ပဲ ဟိုးရှေးနှစ်ထောင်ပေါင်းများစွာထဲက အနုပညာက ဒီနေ့အထိ အသွင်အမျိုးမျိုးပြောင်းပြီး ...ရပ်တည်လို့ ရတာပေါ့၊ နောင်လည်း အနုပညာဆိုတာ ရှိနေဦးမှာပဲ ...'

အဖေနှင့်ကျွန်တော် ဒီလိုကိစ္စမျိုးနှင့် ပတ်သက်၍ တစ်ခါမှ စကားမပြောဖြစ်ခဲ့ခြင်းကြောင့် အဖေ့ထံမှ အနုပညာအမြင်ရှိလိမ့်မည်ဟု ကျွန်တော် ထင်မထားဖြစ်ခဲ့။ ခုမှ မှားမှန်း သိလိုက်ချေပြီ။

'ဒါကြောင့် ... အနုပညာဆိုတဲ့ ယန္တရားကြီးက ငါ့သားမရှိရုံနဲ့ မရပ်တန့်သွားနိုင်ဘူး၊ လူတွေ အများကြီး ရှိတာကိုးကွ၊ ဒါပေမယ့် အဖေနဖူးကချွေး ... ခြေမကျအောင် အလုပ်လုပ်ပြီးတော့ တည်ဆောက်ခဲ့ရတဲ့ လုပ်ငန်းတွေက ငါ့သားမရှိရင် လုံး၀ ရပ်တန့်သွားလိမ့်မယ် ...'

အဖေ ခေါင်းတဆတ်ဆတ်ညိတ်၍ ...

'ငါ့သား စဉ်းစားပါဦး၊ အဖေက အသက်ကြီးပြီကွ၊ ဒီတော့ နားချင်နေပြီ … ဟူး'

ကျွန်တော် တွေဝေသွားမိသည်။

အဖေမမှားပါ၊ ဒါဆို ဘယ်သူမှားနေသနည်း။

'သား ပြန်စဉ်းစားဦးမယ် အဖေ …'

'အေး … ကောင်းတယ်၊ ဒါနဲ့ မင်းအမေကို လိုက်တွေ့ဦးမယ် မဟုတ်လား'

ကျွန်တော်ခေါင်းငြိမ့်လိုက်မိသည်။

❀ ❀ ❀

## အခန်း (၁၆)

ကျွန်တော့်ကို တွေ့တော့ အမေ မျက်ရည်တလည်လည် ဖြစ်နေရှာသည်။ ကျွန်တော်ကရော ဘာထူးသနည်း။

အဖေကတော့ ထုတ်မပြောသော်လည်း ရင်ထဲမှာ ပီတိဖြစ်နေမည်မှန်း ကျွန်တော်ခံစား၍ ရပါသည်။

ဒီလိုမိသားစုရဲ့ နွေးထွေးမှုကို ကျေနပ်စွာ စားသုံးရင်း ကျွန်တော်အိမ်မှာ ညအိပ်ဖြစ်ခဲ့သည်။ လမင်းကိုတော့ သတိရပါသည်။ ပြီးတော့ လမင်းစိတ်ပူနေမယ်မှန်းလည်း ခန့်မှန်းမိသည်။ မနက်ကျ မှသွား၍ အကျိုးအကြောင်းရှင်းပြရတော့မည်။ ပြီးတော့ အဖေ့ကို လမင်း အကြောင်း ဖွင့်ပြော၍ တူနှစ်ကိုယ်နီးဖို့အရေး ပူဆာရမည်ဟုလည်း တွေးထားလိုက်သည်။

ရွှေ့လျှောက် ကိုယ့်နက္ခတ်လေး ဖြိုဟ်သွားဖြိုဟ်လာကောင်း ပေရော့မည်။ အဖေ့ဆီမှ နားလည်မှုကိုလည်း ရပြီ။ လမင်းနှင့် နီးစပ်ဖို့ကလည်း သေချာသလောက်ရှိသွားပြီ။ ဘာလိုသေးလဲ။

အဲ ... လိုသေးသည်။ အဖေ စဉ်းစားခိုင်းထားသည့် ကိစ္စက ရှိသေးသည်။ ဒါကို သေချာစွာ စဉ်းစားရပေတော့မည်။

ကျွန်တော် အိပ်ယာပေါ်တွင် သက်တောင့်သက်သာစွာလှဲရင်း စဉ်းစားခန်းဖွင့်မိသည်။ စဉ်းစားသည်ဆိုရာ၌ ကိုယ့်ဘာသာကိုယ် မေးခွန်းထုတ်၍ ကိုယ့်ဘာသာကိုယ် အဖြေပေးမိနေခြင်းမျိုးပါ။

'ငါလုပ်ချင်တာက ဘာလဲ'

'အနုပညာသမား'

'ဘယ်သူ့အတွက် လုပ်ချင်တာလဲ ...'

'ကိုယ့်ဘာသာကိုယ် ဝါသနာပါလို့ လုပ်ချင်တာ၊ ဘယ်သူ့အတွက်မှမဟုတ်ဘူး'

'ဒီလို အနုပညာအလုပ်ကို ငါလုပ်ရင် ဘယ်သူတွေ စိတ်ချမ်းသာမလဲ၊ ဘယ်သူတွေ စိတ်ဆင်းရဲရမလဲ ...'

'ငါ စိတ်ချမ်းသာမယ်၊ ငါ့မိဘတွေ စိတ်ဆင်းရဲရမယ်'

'ဒါကြောင့် ငါလုပ်သင့်သလား၊ မလုပ်သင့်ဘူးလား'

'မလုပ်သင့်ဘူး ...'

'ဒါဆို ငါ ဘာလုပ်ရမလဲ ...'

'အဖေ့အလုပ်ကို လက်လွှဲယူရမယ်'

'ဘယ်သူ့အတွက်လဲ ...'

'မိသားစုအတွက် ...'

'ဒါဆို ဘယ်သူတွေ စိတ်ချမ်းသာမလဲ၊ ဘယ်သူတွေ စိတ်ဆင်းရဲမလဲ ...'

'ငါ့မိဘတွေ စိတ်ချမ်းသာမယ်၊ ငါ့တော့ စိတ်ညစ်ကောင်းညစ်မယ်'

'လုပ်သင့်သလား ...၊ မလုပ်သင့်ဘူးလား'

'လုပ်သင့်တယ်...'

'ဘာကြောင့်လဲ ...'

'မိဘတွေကို စိတ်ချမ်းသာစေချင်လို့'

ဒီမှာတင် ဆုံးဖြတ်ချက်က အနည်ထိုင်သွားသည်။ ကိုယ့်

ဘာဆက်လုပ်ရမယ် ဆိုတာကို သေသေချာချာ သိမြင်သွားခြင်းကြောင့် လူက ပေါ့ပါးသွားသည်။ ထို့ကြောင့် အိပ်ပျော်အောင် အိပ်တော့မည်။

မနက်ကျရင် ကိုယ့်ဆုံးဖြတ်ချက်ကို အဖေ့ကို ပြောပြမည်။ ပြီးလျှင် လမင်းဆီသွားမည်။ လမင်းလည်း ကျေနပ်လိမ့်မည်ဟု ထင်ပါသည်။

မကြာခင်မှာ အရာအားလုံးသည် အဆင်ပြေပြေဖြင့် ပြီးဆုံးသွားလိမ့်မည်ဟုထင်ပါသည်။

ဒါပေမယ့် မနက်ဖြန်ဆိုတာသည် စိတ်အနှောက်အယှက် အနည်းအကျဉ်း ယူဆောင်လာတတ်ကြောင်းကို ကျွန်တော် လုံးဝ မရိပ်မိ မသိရှိခဲ့ပါ။

* * *

မနက်လင်းလင်းချင်း လမင်းကို သတိရသည်။

မစားဖြစ်တာ ကြာပြီဖြစ်သော အမေ့လက်ရာ မနက်ခင်းစာကို စားရင်း အဖေ့အရိပ်အကဲကို အကဲခတ်နေရသည်။

အဖေကလည်း ကိုယ့်ကို တစ်ချက်တစ်ချက် လှမ်းအကဲခတ်နေကြောင်း တွေ့ရသည်။

အစားအသောက်ကို လက်စသပ်ပြီးနောက် ···

'အဖေ ···'

'ဟေ'

'သားပြောစရာရှိတယ်'

'အေး ···ငါလည်း နားထောင်ဖို့ ပြင်ထားတယ်'

'အဖေ့အလုပ်ပဲ သားလုပ်တော့မယ်'

အဖေ့မျက်နှာ ကျေနပ်သွားဟန်ဖြင့် လက်ခနဲ ဖြစ်သွားပြီး···

'အေး … ကောင်းတယ်'

ပြီးတော့ လက်ညှိုးတစ်ချောင်းထောင်၍ …

'ဒါပေမယ့် … အဖေတစ်ခုတော့ ပြောချင်တယ်'

'ဟုတ်ကဲ့ ပြောပါအဖေ'

'မိဘတိုင်းမှာ သားသမီးအပေါ်ထားတဲ့ ဆန္ဒတစ်ခုပဲ ရှိတယ်'

'ဘာများလဲ အဖေ'

'အင်း … အဲဒါက ကိုယ့်သားသမီးက ကိုယ့်ထက်ပိုပြီး တော်စေချင်တယ်၊ တတ်စေချင်တဲ့ ဆန္ဒပဲ။ အဖေ့မှာလည်း ဒီဆန္ဒ ရှိတယ်၊ အဲဒါ သား ဖြည့်ဆည်းပေးနိုင်ပါ့မလား …'

ကျွန်တော် ခေါင်းညိတ်လိုက်မိသည်။

'ဟုတ်ကဲ့ … သားကြိုးစားပါ့မယ် အဖေ'

အဖေ ကျေနပ်စွာ ပြုံးသည်။

'အခု သား …အပြင်ခဏ သွားလိုက်ဦးမယ် အဖေ'

'ဘာလဲ … မင်းကောင်မလေးဆီ သွားတွေ့မလို့လား'

'ဟာ …အဖေသိတယ်'

'သိတာပေါ့ကွ၊ မင်းအကြောင်း စုံစမ်းထားတာပဲဟာ'

'ဟီး … ဟုတ်လား၊ သူက ဘယ်လိုနေသလဲ အဖေ'

'အင်း …မဆိုးပါဘူး၊ စကားပြောတာ ရည်ရည်မွန်မွန်နဲ့ ထက်ထက်မြက်မြက် ရှိပါတယ်'

'အင်း …အဖေက သူနဲ့ စကားပြောဖူးလို့လား'

'အေး …'

'ဘယ်တုန်းကလည်း …အဖေ'

'မနေ့က ညနေကကွ'

'အဖေက ဘာကိစ္စနဲ့ သူ့ဆီ သွားတာလဲဟင်'

'ဟ …ငါက မင်းအဖေလေကွာ၊ ငါ့သားရဲ့ ကောင်မလေး က ဘယ်လို မိန်းကလေးလဲဆိုတာကို သွားလေ့လာတာပေါ့'

ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်မိသွားသည်။

'သူ … သူ ဘာပြန်ပြောသလဲဟင်အဖေ'

'ပထမတော့ အံ့အားသင့်သွားတာပေါ့ကွာ၊ နောက်ကျတော့လည်း ကောင်းကောင်းမွန်မွန်ပဲ စကားပြန်ပြောပါတယ်'

'သားက … သားအကြောင်းတွေ သူ့ကို ဘာမှ မပြောထားဘူး အဖေရ'

'အေး … သူလည်း ပြောပါတယ်'

ကျွန်တော် သက်ပြင်းချမိသည်။ အဖေနှင့်လမင်း အဆင်ပြေလာဟန်နှင့်တူသည်။ ဒါဆိုရင်တော့ ပျော်စရာကောင်းသွားပြီ။

အဖေရယ်ရယ်မောမောဖြင့် …

'အံမယ် အပြန်မှာ မင်းကောင်မလေးက ငါ့ကို မေးသေးတယ်ကွ၊ ဘာတဲ့ … ဦးက သမီးကို ဘယ်လို ဖြစ်စေချင်လို့လဲတဲ့'

'အဖေက ဘယ်လို ပြန်ဖြေလိုက်လဲ'

'ဟ … ဘယ်လို ပြန်ဖြေရမှာလဲ၊ ငါက သူ့ကိုသွားပြီး အကဲခတ်ရုံ အကဲခတ်တာပဲဟာ၊ ဘာဖြစ်ရမယ် … ညာဖြစ်ရမယ်ဆိုပြီး အကြံပေးဖို့ သွားတာမှ မဟုတ်တာ၊ ဒီတော့ …ဒါကတော့ သမီး ဘာသာသမီး စဉ်းစားပေါ့လို့ …ပြန်ပြောခဲ့တာပေါ့ကွ …'

ကျွန်တော် ခေါင်းကြီးသွားမိသည်။

'ဟာ … ဒါဆို ပြဿနာတက်ပြီနဲ့တူတယ်'

'ဟာ …ဘယ်လိုဖြစ်လို့လဲကွ'

'စဉ်းစားကြည့်လေ အဖေရာ …အဖေက ရုတ်တရက်ကြီး သွားတွေ့တာဆိုတော့ … သူ့စိတ်ထဲမှာ တစ်မျိုးမြင်မိမှာပဲ၊ ဒါကြောင့် အဖေ့ကို ဘယ်လို ဖြစ်စေချင်လို့လဲဆိုပြီး မေးတာပေါ့ …'

'ဟော … ဒီလိုလား … ဒါဆိုလည်း မင်း သွားရှင်းပြလိုက်ပေါ့ကွာ …'

'ရှင်းပြရမှာပဲ အဖေ၊ ပိုပြီး ဆိုးသွားနိုင်တာက သမီးဘာသာ

စဉ်းစားပေါ့ဆိုပြီး အဖေက ပြန်ပြောလိုက်တာပဲ၊ အဲဒါသူ့ဘာသာသူ ပေါက်ကရတွေ လျှောက်တွေးသွားမှာကို သားစိတ်ပူတာ …'

အဖေ မျက်နှာကို ရှုံ့မဲ့၍ …

'မင်းတို့ဟာက မဟုတ်သေးပါဘူးကွာ …ကျွတ်'

'သား … သွားမှ ဖြစ်မယ် အဖေ'

'နေဦး …ရော့ …'သော့၊ ကားယူသွား …'

ဒီလိုနှင့် ကျွန်တော် ကဗျာကယာပင် ထွက်လာခဲ့တော့သည်။

အဖေကတော့ ခေါင်းတစ်ခါခါဖြင့် ကျန်ရစ်ခဲ့သည်။

စိတ်ထဲတွင်တော့ လမင်း အတွေးမခေါင်ပါစေနဲ့ဟုသာ ဆုတောင်းမိတော့သည်။

* * *

## အခန်း (၁၇)

ဆုတောင်းကား မပြည့်ပါ။

လမင်း သေသေချာချာကို အတွေးခေါင်သွားချေပြီ။

အခန်းတံခါးသော့ခတ်ထားသည်။ ဒီအချိန်သည် လမင်း ကျူရှင်သွားချိန်မဟုတ်သဖြင့် ဘယ်ကို သွားသနည်း။

ကျွန်တော် ယောင်တောင်တောင်ဖြင့် အောက်ကို ပြန်ဆင်းလာချိန်တွင် လှေကားတွင် အောက်ထပ်အခန်းမှ အစ်မကြီးနှင့် တွေ့၍ …

'အစ်မ လမင်းကိုတွေ့သေးလား'

'အေး … မနက်က တွေ့တယ်၊ အထုတ်အပိုးတွေနဲ့ ဘူတာဆင်းမလို့ဆိုလားပဲ'

'ဟာ … ဟုတ်လား'

ကျွန်တော့်ရင်ထဲတွင် ပူခနဲပင် ဖြစ်သွားမိသည်။

အထုတ်အပိုးတွေနဲ့ ဘူတာကို သွားမလို့ဆိုပါလား …၊ ဒါဆိုနယ်ကို ပြန်မှာလား မသိ။ ကျွန်တော် ကပျာကယာဖြင့်ပင် …

'သူသွားတာ ကြာပြီလားဟင် အစ်မ'

'အေး … တစ်နာရီလောက်တော့ ရှိပြီ ထင်တယ်'

ကျွန်တော် အမြန်ပင် ပြေးဆင်းလာပြီး ကားမောင်းရင်းမှ စိတ်ထဲမှပင် …

'မသွားပါနဲ့ လမင်းရယ် … မသွားပါနဲ့ … မောင့်တို့ နှစ်ယောက် အဆင်ပြေခါနီးမှ သွားဖို့ မစဉ်းစားပါနဲ့ …'

* * *

ရန်ကုန်ဘူတာကြီးသည် ထုံးစံအတိုင်း ရှုပ်ယှက်ခတ်နေ၏။

ကျွန်တော် ခရီးသည်နားနေဆောင်ကို ခေါက်တုန့်ခေါက်ပြန် လျှောက်၍ လမင်းကို ရှာကြည့်မိသည်။ မတွေ့ …။

စိုးရိမ်ပူပန်စိတ်တို့က အမြင့်ဒီဂရီသို့ ရောက်လာ၏။

လမင်းရဲ့ နယ်လိပ်စာကိုလည်း ကိုယ်က မသိ။ အဲ … မန္တလေးဘက်ကဟုတော့ ပြောဖူးသည် ထင်သည်။ ထိုကျမှ ကျွန်တော် သတိရမိတော့သည်။ မန္တလေးရထား ထွက်သွားပြီလား၊ မထွက်သွားသေးဘူးလားဆိုတာကို စုံစမ်းရန်ပင် ဖြစ်သည်။

ထို့ကြောင့် တာဝန်ခံရုံးခန်းဘက်သို့ ခြေဦးလှည့်လိုက်သည်။

ရုံးခန်းထဲ ဝင်လိုက်မိချင်းချင်းပင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် ရင်ခွင်တစ်ခုလုံး နိမ့်ကနဲပင် ဖြစ်သွားမိသည်။

ရထားဝန်ထမ်းများရှေ့တွင် တရှုံ့ရှုံ့ ထိုင်ငိုနေသော လမင်းကို တွေ့လိုက်ရ၍ပါ။

ပထမ …ဝမ်းသာသွားသည်။

ဒုတိယ …စိတ်ပူသွားသည်။

လမင်း ပြဿနာတက်နေလို့များလား …။

'လမင်း …'

ကျွန်တော့် အသံကြောင့် လမင်း ချာခနဲ လှည့်ကြည့်သည်။

'ဟင် ... မောင်'

ပြီးတော့ အပြေးတစ်ပိုင်းပြေးဝင်လာပြီး ရင်ခွင်ထဲသို့ တိုးဝှေ့ကာ ချုံးပွဲချ ငိုပါလေတော့သည်။

'မောင် ... ဟင့် ...အဟင့်'

'လမင်း ... မောင့်ကို ပြောစမ်း ဘာဖြစ်လို့လဲ'

'မောင့်အဖေက ... ဟင့် '

'ဟာ ... အဲဒါက လမင်းထင်သလို မဟုတ်ဘူး၊ မောင့်အဖေက သဘောရိုးနဲ့ ပြောသွားတာ လမင်းရဲ့ ...၊ မငိုနဲ့ တိတ်...တိတ်'

'တကယ်လားဟင် မောင်'

'တကယ်ပါ လမင်းရဲ့ ... ၊ စိတ်ချ မောင် အာမခံတယ်'

လောလောဆယ် ကျွန်တော် စိတ်ပူတာက လမင်းဒီမှာ ဘာပြဿနာတက်နေသနည်း။ အို ... ဘာပြဿနာပဲဖြစ်ဖြစ် ကိုယ်ရှင်းပေးရမည်။

အခန်းထဲ၌ ရှိသော ဝန်ထမ်းများက ကျွန်တော်တို့နှစ်ယောက်ကို ကြောင်ပြီးကြည့်နေကြသည်။

ကျွန်တော် လမင်းလက်ကိုဆွဲ၍ တာဝန်ရှိပုံရသော ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို ဦးတည်၍ ...

'ဒီမှာ ခင်ဗျာ ... ကျွန်တော် စကားနည်းနည်းလောက်ပြောချင်ပါတယ်'

ကျွန်တော့်စကားကြောင့် သူတို့တွေ အသိဝင်လာဟန်ဖြင့်...

'ဟား ... အေး ... ပြော မောင်ရင်'

ကျွန်တော် လမင်းကို တစ်ချက်ကြည့်၍ ...

'သူဖြစ်ခဲ့တဲ့ ပြဿနာတွေ အကုန်လုံးကို ကျွန်တော် ရှင်းပေးပါမယ်'

'အေး …ဒါဆို အဆင်ပြေတာပေါ့ကွ'

'ဟုတ်ကဲ့ … ဒါကြောင့် ဒီက လူကြီးမင်းတို့ အရေးယူစရာ ရှိလည်း ကျွန်တော့်ကိုပဲ အရေးယူပေးပါ'

'ဟေး …'

လူကြီးတွေ အကုန်လုံး မျက်နှာတွေ မြင့်တက်ကုန်၏။ လမင်းကလည်း အလန့်တကြား ထအော်သည်။

'မောင် …ဘာတွေ လျှောက်ပြောနေတာလဲ'

'ဟာ … လမင်း ငြိမ်ငြိမ်နေစမ်းပါကွာ'

လမင်း အူတူတူရုပ်ကလေးဖြင့် ကျွန်တော့်ကို မော့ကြည့်သည်။ ကျွန်တော်အံ့ဩသင့်နေဟန်ရှိသော လူကြီးများကို ဆက်၍

'ဘယ်လိုလဲ … ကျွန်တော် ပြောတာကို လက်ခံနိုင်ပါသလား ခင်ဗျာ …'

ရှေ့မှ ပုဂ္ဂိုလ်ကြီးက သံပြတ်ဖြင့် …

'ဟော့ … လုံးဝ လက်မခံနိုင်ဘူးကွာ'

'ခင်ဗျား … ဘာ … ဘာများ ဖြစ်လို့လဲ'

'ဘာမှ မဖြစ်လို့ပေါ့ကွ …'

'စဉ်းစားပေးပါဦးလား ခင်ဗျား'

'ကျွတ် … မင်းတော်တော်ခက်တဲ့ ကောင်ပဲ'

'ကျွန်တော် တောင်းပန်ပါတယ်ဗျာ'

'မောင်ကလည်း ဘာတွေ လျှောက်ပြောနေတာလဲ၊ လမင်းမှာမှ ဘာပြဿနာမှ မရှိတာ …၊ မောင်က ဘာလို့ ဝင်တောင်းပန်ချင်နေရတာလဲ …'

ကျွန်တော် နဝေတိမ်တောင်ဖြစ်သွားပြီး …

'ဟာ … ဟုတ်လား …'

'ဟုတ်တယ်'

'ဒါဆို လမင်းက ဒီအခန်းထဲမှာ လာလို့ လာငိုနေရတာလဲ'

လမင်း မျက်စောင်းလေးခဲပြီး …

'အဲဒါ မောင့်ကြောင့်လေ … မနေ့က မောင့်အဖေက အိမ်ကို လာပြောတော့ လမင်းလည်း စိတ်ဆိုးပြီး ဒီမနက် နယ်ကို အပြီး ပြန်တော့မယ်ဆိုပြီး ဒီကို ထွက်လာတာ ၊ ဒီကို ရောက်တော့ မောင်နဲ့ တကယ်ခွဲရတော့မယ်ဆိုတာကို တွေးမိသွားပြီး ဝမ်းနည်းလာလို့ ထိုင်ငိုနေတာ …၊ အဲဒါကို ဒီက လူကြီးတွေက လမင်းကို ဘာကြောင့် ငိုနေရတာလဲ၊ သူတို့ ကူညီနိုင်ရင် ကူညီရအောင်ဆိုပြီး ခေါ်မေးလို့ ဒီအခန်းထဲ ရောက်နေရတာ ကဲ … ရှင်းပြီလား'

လက်စသပ်တော့ ဂလိုကိုး …

ကျွန်တော် မျက်နှာပူပူဖြင့် လူကြီးတွေကို မခို့တရို့လေး ကြည့်မိလိုက်သည်။ အကုန်လုံး ဘုကြည့်ဝိုင်းကြည့်နေတာကို တွေ့ရသည်။

'ဟီး … ဟီး … အားနာလိုက်တာဗျာ'

သိပ်ကျေလည်သေးဟန် မတူပါ။

'ဆော … ဆောရီးနော် … ဟီး … သွား … သွားလိုက် ပါဦးမယ်နော် … ဟဲ'

ထိုသို့ဖြင့် လမင်းလက်ကို ဆွဲ၍ အခန်းထဲမှ အမြန်ထွက်လာ ရပါတော့သည်။ အပြင်ရောက်တော့ လမင်းမျက်စောင်းလေးချီ၍ …

'မောင်ကလေ … တကယ်ပဲ သိလား ဟွန်း'

'ဟီး … စိတ်ပူသွားလို့ပါကွာ'

လမင်း မျက်စောင်းလေး ထပ်ထိုးသည်။

ပြီးတော့ ကျွန်တော့် ပုခုံးစွန်းကလေးကို မှီ၍ လျှောက်သည်။

ကျွန်တော် မျက်နှီးစွာငုံကြည့်၍ …

'လမင်း …'

လမင်းခေါင်းလေးမော့လာသည်။ ငိုထားခြင်းကြောင့် မျက်ဝန်းကလေးများသည် စိုလက် တောက်ပနေသည်။

ကျွန်တော် တိုးလျှစွာဖြင့် ...

'မောင့်တို့ လက်ထပ်ကြရအောင်နော်'

လမင်း ကျွန်တော့်ရင်ခွင်ထဲ မျက်နှာတိုးဝှေ့ရင်း အဖြေပြန်ပေးသည်။

'အင်း ...'

ဒီလိုနှင့် ကျွန်တော်တို့နှစ်ယောက်ရဲ့ အနာဂတ်မှတ်တိုင်လေး ပနက်ရိုက်ဖြစ်ခဲ့ကြပါသည်။

ဒီနံနက်ခင်းက စိတ်ညစ်စရာကောင်းပါတယ်လို့ ဘယ်သူပြောမလဲ ...။

* * *

## အခန်း (၁၈)

### (ဒီဇင်ဘာလ - ၁၄ရက်)

ညက လမင်းအကြောင်း ပြောတာများသွားသဖြင့် ညဦးနက်မှ အိပ်ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော် နေမြင့်မှ အိပ်ယာမှ နိုးတော့သည်။

ရွှေအိုရောင်သန်းနေသော နေခြည်နွေးနွေးကြောင့် လူက ကြည်ကြည်လင်လင် ဖြစ်နေသည်။

မျက်လုံးဝေ့ဝိုက်၍ ထိုပုဂ္ဂိုလ်ကို ရှာကြည့်တော့ မတွေ့။ ဘယ်ကို ထွက်သွားသည်မသိ။ အိမ်ရှေ့တံခါးကို သွားတွန်းကြည့်တော့ တံခါးက ပွင့်နေသည်။ ခါတိုင်း အပြင်သွားလျှင် ကိုယ်ထွက်ပြေးမှာစိုးလို့ တံခါးကို ပိတ်သွားလေ့ရှိသည်။ အခုဘယ်လို ဖြစ်တာပါလိမ့်။

ကျွန်တော် ဘာမှန်းမသိတဲ့ ကိစ္စကို ဆက်တွေးမနေတော့ဘဲ မျက်နှာသစ်ရန် ခြံထဲရှိ ရေတွင်းဘက်သို့ ထွက်လာခဲ့တော့သည်။

ရေငင်ရန် အုတ်ဘောင်ပေါ်တင်ထားသော ကြိုးတပ်ထားသည့် ရေပုံးကို လှမ်းယူလိုက်စဉ်မှာပင် …

'ဟော့ … ညီနေဝါလား …'

ကျွန်တော်နဝေတိမ်တောင် ဖြစ်သွားမိသည်။

အသံက ရေတွင်းထဲက ထွက်လာတာလေ …

ထို့ကြောင့် ရေတွင်းထဲသို့ ကပျာကယာ ငုံ့ကြည့်လိုက်သော အခါ ဟိုပုဂ္ဂိုလ်က တကယ်အောက်မှာ …

'ဟော့လူ … ဘာလဲ ရေဆင်းကူးနေတာလား'

'အာကွာ … ကူးစရာလား … ခြေချော်ပြီး လိမ့်ကျလာတာ …'

'ဩော် … ဒါဆိုလည်း ဘာလုပ်နေတာလဲ ပြန်တက်ခဲ့လေဗျာ'

'ဟော့ကောင် … ဘယ်လိုလုပ် ပြန်တက်မလဲကွ၊ စဉ်းစဉ်းစားစားလည်းပြောဦး ဟွန်း'

ဟုတ်သားပဲ။ ဒီလောက် ရေညှိအထပ်ထပ်နဲ့ ဆယ့်ငါးပေလောက်အမြင့်ကို ဘယ်လိုပြန်တက်မတုန်း …

ဒါပေမယ့် တစ်ခုတော့ ရှိသည်။ ဂျက်လီတို့ကို ကိုယ်ဖော့ပညာတတ်ရင်တော့တစ်မျိုးပေါ့လေ။

'ဟော့ကောင် … ငါ့ကို ဆွဲတင်ဖို့လည်း လုပ်ပါဦးကွ'

'ဟာ … ကျုပ်လက်က ဒီလောက် မရှည်ဘူးဗျ'

'ကျွတ် … ဒါတော့ ငါလည်း သိတာပေါ့ကွ …၊ ကြိုးနဲ့ဆွဲတင်ခိုင်းနေတာ'

ထိုကျမှ ကျွန်တော် ရှင်းလင်းစွာ သဘောပေါက်သွားသည်။

ထို့ကြောင့် ရေပုံးမှာ ချည်ထားသော ကြိုးကို အရင် စစ်ကြည့်သည်။ လူတစ်ယောက် အလေးချိန်ကို မခံနိုင်လောက် …။

'ဟော့လူ … နေဦးဗျ၊ ကျုပ်အိမ်ထဲမှာ ကြိုးသွားရှာကြည့်လိုက်ဦးမယ် …'

ထို့ကြောင့် ကျွန်တော် အိမ်ထဲဝင်၍ ကြိုးရှာရတော့သည်။

အိမ်နောက်ဖေးဘက်တွင် နိုင်လွန်ကြိုး တုတ်တုတ်၊ ရှည်ရှည် တစ်ချောင်းကို တွေ့လိုက်ရသည်။ ဒီလောက်ဆို အဆင်ပြေလောက်သည်။

ထို့နောက် ကျွန်တော် ရေတွင်းဆီ ပြန်သွားကာ သူ့ထံ ကြိုး တစ်စ ပစ်ချ၍ ···

'ဟေ့လူ ···ခင်ဗျားက ကြိုးကိုကိုင်ပြီး နံရံကို ကန်တက်၊ ကျုပ်ကလည်း အပေါ်က ဆွဲတင်မယ် ···'

'အဲဒီလို လုပ်လို့မရဘူးထင်တယ်ကွ ···'

'ဟ ··· ဘာဖြစ်လို့လဲ ···'

'ငါ့ ခြေထောက်ကျိုးသွားတယ် ထင်တယ်'

'ဟုတ်လား ··· ဘယ်နှစ်ချောင်း ကျိုးသွားလဲ'

'တစ်ချောင်းထဲ'

'ဩော် တော်သေးတာပေါ့'

ထိုလူ ကျွန်တော့်ကို ဘုကြည့်လှမ်းကြည့်သည်။

'ဒါဆိုလည်း ကျုပ်ပဲ ဆွဲတင်တော့မယ်၊ ခင်ဗျား သေချာသာ ကိုင်ထား'

ဒီလိုနှင့် ကျွန်တော်ရှိသမျှ အားကုန်သုံး၍ ချွေးဒီးဒီးကျအောင် ထိ ဆွဲတင်နေရတော့သည်။ မလွယ်ပါ၊ လုံးဝ မလွယ်ပါ။

တစ်ဝက်လောက်ရောက်တော့ လက်အံက သေလာသည်။

ဒီထက် ပိုဆိုးတာက ကြိုးက နိုင်လွန်ကြိုးဖြစ်သောကြောင့် လက်ပွန်းသည်။ ထိုပွန်းသည့် နေရာက သွေးထွက်၍ မခံမရပ်နိုင်အောင် နာလာသည်။

ဒါပေမယ့် အံကို တင်းတင်း ကြိတ်ကာ ဆက်ဆွဲရတော့သည်။

ကိုယ်ပြန်လွှတ်ချလိုက်လျှင် ထိုသူ ခြေထောက်တစ်ချောင်း ကနေ နှစ်ချောင်း ကျိုးသွားနိုင်သည်လေ။

လက်ဖန်းကျလုလုတွင် ဆွဲရသည်မှာ ပေါ့ခနဲ ဖြစ်သွား၏။

ထိုလူ အုတ်ဘောင်စွန်းကို လက်ဖြင့် တွယ်လိုက်လို့ ရသွားပြီလေ။

ကျွန်တော်ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်တော့သည်။

'ဟူး …'

ထိုလူကလည်း အပေါ်သို့ရောက်လာ၍ မောပန်းစွာ နားလေပြီ။

ကျွန်တော် ခဏမျှ နားပြီးနောက် …

'ဟေ့လူ …ဒီမှာ ခဏနေဦး၊ ကျုပ် ကားသွားထုတ်လိုက်ဦးမယ်'

'ဘာလုပ်မလို့လဲ …'

'ဟာ … ဆေးရုံသွားပြီး ခင်ဗျား ခြေထောက် ပြရဦးမှာပေါ့'

ကျွန်တော် နွမ်းလျစွာဖြင့် အိမ်ဘေးရှိ ကားရပ်ထားရာ နေရာသို့ လျှောက်လာခဲ့တော့သည်။

ပြီးနောက် ကားကိုမောင်း၊ သူ့နားသွားရပ်။ တွဲတင် …။ သူ့ဆီမှ ခြံတံခါးသော့ဖြင့် တံခါးပြေးဖွင့်။ ပြီးတော့မှ ကားပေါ်တက်ပြန်မောင်းဖြင့် ဇယ်ဆက်သလို လုပ်ရပါလေတော့သည်။

လမ်းတွင် ကားမောင်းရင်းက ကျွန်တော် သူ့ကို အကဲခတ်ကြည့်မိသည်။ ခြေထောက်တစ်ချောင်းလုံး ကျိုးသွားသော်လည်း ငြီးငြီးညူညူမရှိ။ အံကို ကြိတ်ပြီး ဝေဒနာကို ကြိတ်ခံနေတာ တွေ့လိုက်ရသည်။

သတ္တိကတော့ တော်တော် ကောင်းပုံရသည်။

ကျွန်တော်မနေနိုင်တော့စွာဖြင့် …

'ဟေ့လူ … ခင်ဗျား မနာဘူးလား'

'အေး … နာတယ်'

'ဒါဆို နည်းနည်းပါးပါးအော်လေဗျာ …'

'ဘာလဲ … အော်ရင် နာတာ သက်သာသွားနိုင်လို့လား'

ကျွန်တော် ခေါင်းကုတ်မိသည်။

'အင်း …ဒီလိုတော့ မဟုတ်ဘူးပေါ့ဗျာ'

ထိုလူ ခပ်သဲ့သဲ့ပြုံး၍ …

'မင်းပဲ စဉ်းစားကြည့်လေကွာ …။ နာလို့ အော်တယ်ဆိုတာ ဘာအကျိုးမှ မထူးတဲ့အပြင် ပါးစပ်တောင်မှ ပိုညောင်းသေးတဲ့ ကိစ္စ မဟုတ်လား'

ကျွန်တော် ပါးစပ်ပိတ်လိုက်ပါတော့သည်။

ထိုလူ နေရာအနည်းငယ် ပြင်ထိုင်၍ …

'ဟော့ကောင် … ကက်ဆက် ဖွင့်ပါလား'

'ပျက်နေတယ်ဗျ …'

'ဒါဆိုလည်း မင်းပဲ ဆိုပါလားကွာ'

'အာ … မဆိုပါဘူး'

'လုပ်စမ်းပါကွာ … စိတ်အပြောင်းအလဲလေး ဘာလေး ဖြစ်တာပေါ့'

ကျွန်တော် သူ့ကို လှမ်းကြည့်လိုက်မိသည်။ မျက်ဝန်းထဲတွင် နာကျင်နေသည့် အရိပ်ကို တွေ့လိုက်ရမိသည်။

ကျွန်တော် ခေါင်းကို တစ်ချက်ငြိမ့်ပြီး …

'ဟုတ်ပြီ … ကျုပ်ဆိုမယ်လေ၊ ဒါပေမယ့် ခင်ဗျားလိုတော့ တွံတေးသိန်းတန် သီချင်း မရဘူးဗျ၊ လေးဖြူသီချင်းလောက်ပဲ ရတယ် …'

'ဘာပဲဖြစ်ဖြစ် ဆိုပါကွာ'

'အင်း …'

ဒီလိုနှင့် လေးဖြူ၏ သီချင်းတစ်ပုဒ်ကို ကျွန်တော် ကြောင်တောင်တောင် အသံဖြင့် အော်ဆိုပစ်လိုက်သည်။

ဖိုးလပြည့်စာပေ

ထိုလူ ခေါင်းတညိတ်ညိတ် သေချာစွာ လိုက်နားထောင်သည်။

သီချင်းဆုံးသွားပြီးနောက် …

'မင်းအသံက လေးဖြူထက် ပိုကောင်းပါတယ်ကွာ'

'မဟုတ်တာဗျာ၊ ကျွန်တော်ထက်လေးဖြူက ပိုသာတာပေါ့'

'အင်း … ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ငါက သူ့အသံကိုမှ နားမထောင်ဘူးပဲကွ'

'ဟော့ဗျာ …'

ကျွန်တော်တို့ နှစ်ယောက်စလုံး ရယ်လိုက်မိကြသည်။

'ဒါနဲ့ မင်းလက်က ဘာဖြစ်တာလဲ'

'ကြိုးပွန်းတာ'

'နာနေမှာပေါ့'

'အင်း … ခြေထောက်ကျိုးတာထက်တော့ မနာလောက်ပါဘူး'

ထိုလူ ပြုံးပြီး ခေါင်းငြိမ့်၍ …

'အင်း … ဖြစ်နိုင်တယ်'

ဒီလိုနှင့် ကျွန်တော်တို့နှစ်ယောက် ဆေးရုံကို ရောက်လာခဲ့ပါတော့သည်။

ဆေးရုံရောက်တော့ ဆရာဝန်များက သူ့ကို ကျောက်ပတ်တီးကိုင်ရန်ခေါ်သွားကြသည်။

ကျွန်တော် အပြင်တွင် ယောင်ချာချာဖြင့် ကျန်ရစ်ခဲ့သည်။

နောက်တော့ အများသုံးဖုန်းကိုတွေ့တော့မှ လမင်းဆီ ဖုန်းဆက်ရန် သတိရမိတော့သည်။

တုန်ယင်နေသော လက်ချောင်းများဖြင့် ဖုန်းနံပတ်ကလေးများကို နှိပ်မိသည်။ ဖုန်းဝင်သွားပြီး ချိုကြည်သော အသံလေး ထွက်လာသည်။

'ဟဲလို … ဘယ်သူပါလဲရှင်'

ရင်ထဲတွင် နွေးခနဲပင် ဖြစ်မိသွားသည်။

'လမင်း'

'ဟင် … မောင် … မောင်'

လမင်းရဲ့ ဝမ်းသာဝမ်းနည်းလေသံလေးက ပြန်ထွက်လာသည်။

'မောင် … ဘယ်က ဆက်နေတာလဲဟင်'

'ဆေးရုံက ဆက်နေတာ'

'ဟင် … ဘာဖြစ်လို့လဲ'

'ဪ …မောင် ဘာမှ မဖြစ်ပါဘူး၊ မောင့်ကို ပြန်ပေးဆွဲတဲ့လူ ခြေထောက်ကျိုးလို့ လိုက်ပို့တာပါ'

'ဘာ … ပြန်ပေးဆွဲတဲ့လူ ခြေထောက်ကျိုးသွားလို့'

'အင်း …'

'မောင် …'

'ပြော …'

'လမင်းအခုလာခဲ့မယ်'

'ဟော့'

ပြောပြောဆိုဆို လမင်း ဖုန်းချသွားသည်။

ပထမ ကျွန်တော် ကြောင်တောင်တောင်ဖြစ်နေသေးသည်။ နောက်မှ သုံးရက်လုံးလုံး ကိုယ်နဲ့ခွဲနေရလို့ လမင်း အရမ်းတွေ့ချင်တာဖြစ်မယ်ဟု တွေးမိပြီး ပြုံးမိ၏။

'ကိုယ်လည်း လွမ်းတာပါပဲ လမင်းရယ်'

* * *

## အခန်း (၁၉)

သိပ်မကြာခင်မှာပင် လမင်း ပျာတိပျာယာဖြင့် ရောက်လာပြီး စိုးရိမ်ပူပန်သော လေသံဖြင့် ...

'ဘယ်လိုဖြစ်တာလဲဟင် ... ဘယ်လိုဖြစ်တာလဲ'

ကျွန်တော် လမင်းကို အသာထွေးပွေ့ပြီး ...

'စိတ်မပူပါနဲ့လမင်းရယ်၊ မောင် ဘာမှ မဖြစ်ပါဘူးဆို'

လမင်း ကျွန်တော့်ရင်ခွင်ထဲမှ ရုန်းထွက်လိုက်ပြီး ...

'ဟာ ... မောင့်ကို ပြောနေတာ မဟုတ်ဘူး၊ ကိုကို့အကြောင်းကို မေးနေတာ ...'

ကျွန်တော် ဧဝေဧဝါဖြင့် ...

'ဟင် ... ကိုကို ... ဘယ်က ကိုကိုလဲ'

'မောင့်ကို ပြန်ပေးဆွဲသွားတဲ့လူလေ၊ အဲဒါ လမင်းအစ်ကို'

'ဘာ ...'

'သူ့ဒဏ်ရာက တော်တော် များလားဟင်'

'မသေလောက်ပါဘူး'

စိတ်ချဉ်တင်တင်ဖြစ်သွားမိ၍ ဘုပြောလိုက်ခြင်းသာ ဖြစ်သည်။

ဘယ့်နှယ် ကိုယ့်ကို ပြန်ပေးဆွဲတဲ့လူနဲ့ သူက မောင်နှမတွေ ဆိုတော့ အဓိပ္ပာယ်က ဘယ်ရောက်သွားပြီလဲ စဉ်းစားသာ ကြည့်ပေ ရော့ ···။

ကျွန်တော်ရင်ထဲတွင် အရမ်းကို ရှုပ်ထွေးတင်းကျပ်သွား သည်။ ကျွန်တော် ဘာဖြစ်သွားသလဲဆိုတာကို လမင်းရိပ်မိဟန် မရှိ ပါ။

သူ့ဘာသာ သူ့အစ်ကိုဆိုသော ထိုပုဂ္ဂိုလ်ထွက်လာမည့် အခန်း ဘက်သို့သာ တမျှော်မျှော်သွားကြည့်နေသည်။

ကျွန်တော့် ရင်ထဲတွင် တဝုန်းဝုန်း တဒိုင်းဒိုင်း ပေါက်ကွဲ လာသော ဒေါသများကို ကြိုးစားထိန်းချုပ်၍ ခုံတစ်လုံးထက်တွင် ထိုင်ချလိုက်သည်။

'ဘာတွေလဲ ···?'

'သူတို့က ဘာတွေလဲ ···?'

လမင်းပုံစံကြည့်ရတာ ငါ့ကို သူ့အစ်ကို ပြန်ပေးဆွဲသွားတာ ကြိုသိနေတဲ့ ပုံစံမျိုး ···။

ဒါဆိုရင် လမင်းပါ ကြံရာပါလား ···?

ဒီလိုလုပ်ချင်လို့ ငါ့ကို ချစ်ချင်ယောင် လာဆောင်တာလား? ထိုအတွေးက ရင်ထဲတွင် နင့်ခနဲပင် နာသွားမိ၏။

လမင်းဘက်ကို လှည့်မကြည့်ဖြစ်အောင်လည်း စိတ်ကို ထိန်း ထားရ၏။

'လုပ်ရက်လိုက်တာ လမင်းရယ်'

ဝမ်းနည်းခြင်းတရားတို့က ရင်ကို အဆမတန် ကြေကွဲသွား စေ၏။

'သား ···'

'ဟာ ··· အဖေ'

အဖေ့ကို တွေ့လိုက်ရခြင်းကြောင့် အားတက်သွားမိသည်။

'အဖေ ဘယ်လိုလုပ် ရောက်လာတာလဲ'

'အေး … မင်းကောင်မလေး ဖုန်းလှမ်းဆက်လို့ကွ'

'ဪ …'

အဖေကျွန်တော့်အနားတွင် ဝင်ထိုင်၍ …

'ဒါနဲ့ မောင်နေမင်း ဘယ်လိုနေသေးလဲကွ'

ကျွန်တော် ကြောင်သွားပြီး …

'ဘယ်သူ့ကို ပြောတာလဲ အဖေ…'

'ဟ … မင်းကို ပြန်ပေးဆွဲသွားတဲ့ မင်းယောက်ဖကို မေးတာပေါ့ကွာ …'

ကျွန်တော် အံ့ဩသင့်သွားပြီး …

'ဟာ … အဲဒီနေမင်းဆိုလူနဲ့ လမင်းက မောင်နှမမှန်း အဖေ အစောကြီးထဲက သိနေတာလား'

'အေး … သူတို့နှစ်ယောက် မောင်နှမမှန်းသိတာတော့ သိပ်မကြာသေးဘူးကွ၊ ဒါပေမယ့် မောင်နေမင်းကို သိတာတော့ ကြာပြီ'

ကျွန်တော် စဝေဝါဖြင့် သက်ပြင်းတစ်ချက်ချ၍ …

'သူတို့မောင်နှမနှစ်ယောက်ပေါင်းပြီး သားကို ပြန်ပေးဆွဲခဲ့တာနဲ့တူတယ် အဖေ …'

အဖေရယ်ပြီး …

'အယေား …ယေား … သူတို့နှစ်ယောက်တင် ဘယ်ကမလဲကွာ၊ နောက်ထပ်တစ်ယောက်ပါ ထပ်ရှိသေးတယ်ကွ …'

'ဗျာ …ဟုတ်လား'

'အေး ဟုတ်တယ်၊ အဲဒါက မင်းအဖေဆိုတဲ့ ငါကိုယ်တိုင်ပဲ'

'ဗျာ …'

ကျွန်တော် လုံးဝ နားမလည်နိုင်တော့ပါ။ ထို့ကြောင့် အဖေ့ကို ဆက်မေးဟန်ပြင်နေချိန်တွင် ဟိုပုပ္ပိုလ်ကို လက်တွန်းလှည်းဖြင့် အပြင်ထုတ်လာတာ မြင်ရသောကြောင့် အဖေကပင် …

'လာလေကွာ ··· ငါသားပြီးမှ အဖေရှင်းပြတော့မယ်၊ အခု ဟိုသူငယ်ဆီ သွားရအောင်'

လမင်းကလည်း တွန်းလှည်းနောက်မှ စိုးရိမ်ပူပန်နေဟန်ဖြင့် အပြေးတပိုင်း ပါလာသည်။

ခုတင်တစ်လုံးထက်တွင် ထိုလူကို နေရာချပေးပြီး တာဝန်ကျ ဝန်ထမ်းထွက်သွားတော့မှ ··· လမင်း မျက်ရည်တလည်လည်ဖြင့် ထိုလူ့နားကပ်၍ ···

'ဘယ်လိုဖြစ်တာလဲ ကိုကိုရယ် ··· ဟင်'

'အေး ··· ကိုကိုဘာသာ ရေတွင်းထဲ ခြေချော်ကျတာ ညီမလေးရဲ့၊ တော်သေးတာပေါ့ ··· ညည်းယောက်ျား ပြန်ကယ် ပေလို့'

လမင်း ကျေးဇူးတင်ပါတယ်ဆိုတဲ့ မျက်လုံးမျိုးဖြင့် ကျွန်တော့် ကိုလှမ်းကြည့်သည်။

ကျွန်တော် မျက်နှာကို ခပ်တင်းတင်းပင် ထားလိုက်မိသည်။ ခုချိန်ထိ ရင်ထဲတွင် ရှင်းရှင်းလင်းလင်းမှ မရှိသေးတာ။

ဒါကို နေမင်းဆိုသော ပုဂ္ဂိုလ် ရိပ်မိသွားဟန်ဖြင့် ···

'ဟေ့ကောင် ··· ဘာလဲ ငါ့ကို မကျေနပ်ဘူးလား'

ကျွန်တော် မျက်နှာ ခပ်ပုပ်ပုပ်ဖြင့်သာ ကြည့်ပစ်လိုက်သည်။ အဖြေကတော့ ပြန်မပေးသဖြင့် ···

ထိုလူ ဟက်ခနဲ တစ်ချက်ရယ်၍ ···

'မကျေနပ်လည်း မတတ်နိုင်ဘူး ဟေ့ကောင် ··· ဒီကိစ္စက မင်းအဖေ အကြံပေးတဲ့အတိုင်း ငါလိုက်လုပ်ရတာ'

ကျွန်တော် မျက်လုံးပြူးသွားမိသည်။ အဖေ့ဘက်ကို ကြည့် ၍ ···

'အဖေ ···'

အဖေရယ်၍ ···

'ဒီလိုကွ … မင်းတို့ မင်္ဂလာဆောင်တဲ့နေ့က မောင်နေမင်း အဖေ့ဆီကို ရောက်လာတယ်၊ သူက ဟိုးအရင်တုန်းက အဖေ့ရဲ့ ယုံကြည်စိတ်ချရတဲ့ ဝန်ထမ်းတစ်ဦးကွ။ နောက်မှသာ ချမ်းသာအောင် ကြိုးစားပစ်မယ်ဆိုပြီး နိုင်ငံခြားထွက်သွားလို့ အဖေနဲ့ အဆက်အသွယ် ပြတ်သွားတာ …'

'ဩော် …'

'ပြီးတော့ သူက အဖေ့ဆီရောက်လာပြီးတော့ သူနဲ့ မင်း ကောင်မလေးနဲ့က မောင်နှမတွေပါလို့ ပြောတယ် …။ နိုင်ငံခြား က ဒီနေ့မှ ပြန်ရောက်လာတာတဲ့။ မင်းဘယ်လို လူစားမျိုးလဲဆိုတာ သိချင်ပါတယ်တဲ့။ တကယ်လို့ မင်းက သူ့ညီမကို ငွေနဲ့ အနိုင်ကျင့် ပြီး သိမ်းပိုက်ထားတယ်လို့ဆိုရင် မင်္ဂလာပဲ ဆောင်ပြီးပြီး ဘာပဲဖြစ်ဖြစ် သူ လုံးဝသဘောမတူနိုင်ပါဘူးတဲ့'

ကျွန်တော် ထိုပုဂ္ဂိုလ်ကို လှမ်းကြည့်မိလိုက်သည်။ လက် စသတ်တော့ ငတိက ကိုယ့်ကိုလာပြီး အထင်စမောတာကိုး …

အဖေ စကားထပ်ဆက်သည်။

'ငါက မင်းအဖေလေကွာ …၊ မင်းက ကောင်းပါတယ် ဘာညာ ဘယ်လိုလုပ်ပြီး သွားပြောလို့ ကောင်းပါ့မလဲ၊ ဒါကြောင့် မင်းကို အနီးကပ် လေ့လာနိုင်အောင် ငါကိုယ်တိုင်ပဲ ပြန်ပေးဆွဲခိုင်း လိုက်တာပါပဲ …'

ကျွန်တော် ရှင်းသွားပါပြီ။

ထိုသို့ ရှင်းသွားသောကြောင့် ယောက်ဖကို မျက်နှာငယ်ငယ် လေးထား၍ လှမ်းကြည့်မိသည်။ သူကကိုယ့်ကို လေ့လာနေသည် ဆိုတာကိုး …

'အစ်ကိုကြီး ဟီး … ဟီး … နေကောင်းလား …ဟင်'

'အာ … ခြေထောက်တစ်ချောင်းလုံး ကျိုးထားတာ မင်း မမြင်ဘူးလား'

'အဟီး ··· ကျွန်တော်က နေကောင်းလား မေးတာလေ ··· ခြေထောက်ကောင်းလားလို့မှ မေးတာမှ မဟုတ်တာ ··· အဟဲ'

ထိုလူ မျက်မှောင်ကုတ်၍···

'ဟော့ကောင် ··· မင်းလေသံက ဘာဖြစ်သွားတာလဲ၊ ပစ်ချွဲချွဲနဲ့'

'ဩော် ··· ခေါက်ဆွဲပြုတ်စားတာ များသွားလို့လားမှ မသိတာ ···ဟီး'

ကျွန်တော့်ကို ဘုကြည့်ကြည့်သည်။

ကြည့်ပါစေ ···

ဘာဖြစ်လဲ။

ကိုယ့်ယောက်ဖပဲဟာ ···။

ပြုံးပြုံးလေးတောင် အကြည့်ခံလိုက်ဦးမယ် ···ဟွန်း။

လမင်းက မျက်နှာငယ်ကလေးဖြင့် ···

'ကိုကို'

'ဘာလဲ ညီမလေး'

'ဟိုလေ ··· သူ ··· သူလေ စာမေးပွဲအောင်လားဟင်'

ကျွန်တော့်ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားမိ၏။

ဟုတ်တယ် အဓိကက အဲဒါလေ ···။ ဒီငတိက ပြောလို့ရတာ မဟုတ်။

မင်းကို သဘောမကျလို့ ငါ့ညီမကို ငါပြန်ခေါ်သွားမယ်ဆိုရင် ခွကျပြီလေ ···။

မဖြစ် မျက်နှာလေးကို ငယ်နိုင်သမျှ ငယ်အောင် ထားမှဟာ။

ထိုလူ အတန်ကြာသည်အထိ မျက်မှောင်ကြီးကြုတ်၍ စဉ်းစားနေလေသည်။

ကျွန်တော်ရော လမင်းပါ ရင်တတုန်တုန်ဖြင့် သူ့အရိပ်အကဲကို ကြည့်နေရသည်။

ခဏကြာမှ သက်ပြင်းကြီးတစ်ချက်ချပြီး တစ်ခွန်းတည်းသော စကားကို ဆိုပါလေတော့သည်။

'အေး …'

ဒီတော့ …

ကျွန်တော်နှင့် လမင်း မျက်ဝန်းချင်းဆုံသွားမိပြီး …

အားရပါးရ ပြုံးလိုက်မိကြပါလေတော့သတည်း။

ချစ်မျှားရှင်